ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဖေဖော်ဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**အမြဲတည်ခြင်းသည် မရှိချေ**

**အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သောသဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)**

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်၊ စနေနေ့။ Saturday, 5 December 2020 ၁၀၂၁၇

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်း

အခုဆိုရင် ကျွန်မတို့နိုင်ငံမှာ ကိုဗစ်ရောဂါဖြစ်တာလည်း ကြာခဲ့ပါပြီ။ ကြာတဲ့အခါကျတော့ ပြည်သူလူထုတွေက စိတ်ဖိစီးမှုရှိတယ်ဆိုတာ နားလည်ပါတယ်။ ဒါပေမယ့် ဒီအချိန်မှာ အထူးပိုပြီးတော့ ဂရုစိုက်ဖို့လိုပြီဆိုတာလည်း ကျွန်မတို့ပြည်သူတွေ နားလည်ဖို့ လိုပါတယ်။ အခုဆိုရင် ကျွန်မတို့နိုင်ငံမှာ ကိုဗစ်ရောဂါတွေ့ရှိတဲ့ လူနာပေါင်းဟာ၊ အားလုံးပေါင်းဆိုရင် ၉ သောင်းကျော်လို့ တစ်သိန်းနီးပါးဖြစ်နေပါပြီ။ ဒါနည်းတဲ့ဟာ မဟုတ်ပါဘူး။ ဒီတော့ ကျွန်မတို့ ဒါသတိပေးပါတယ်။ ရွေးကောက်ပွဲပြီးကာလ တစ်ပတ်ကျော်ကျော်အတွင်းမှာဆိုရင် လူစုလူဝေးတွေဖြစ်တာကြောင့်မို့လို့ အဲ့ဒီအကျိုးဆက်အရ ရောဂါဖြစ်ပွားမှုဟာ ပြန့်လာမယ်၊ ပိုပြီးတော့ တက်လာမယ်ဆိုပြီးတော့ ကျွန်မတို့ ခန့်မှန်းပါတယ်။ ခန့်မှန်းတဲ့အတိုင်းပဲ တက်လာပါတယ်။

ဒီအပြင်မှာ တန်ဆောင်တိုင်ရုံးပိတ်ရက်တွေ၊ ပိတ်ရက်တွေထဲမှာဆိုရင် လူစုလူဝေးဖြစ်ခဲ့တာတွေလည်း ရှိပါတယ်။ အဲ့ဒီအကျိုးဆက်တွေလည်း ရှိဦးမှာပဲ။ ဒါဘယ်လိုမှ ရှောင်လို့မရပါဘူး။ ကျွန်မတို့ ခဏခဏပြောပါတယ်။ အပြင်သွားရင် Mask တပ်ပါ။ လက်တွေ မှန်မှန်ဆေးပါ။ တတ်နိုင်သလောက် (၆)ပေကွာပြီး တခြားသူတွေနဲ့ ကင်းကင်းရှင်းရှင်းနေပါလို့ ပြောပေမယ့်လည်း ဒီစည်းမျဉ်းစည်းကမ်းတွေကို လိုက်နာမှုကလည်း အားနည်းတာကို တွေ့ခဲ့ရပါတယ်။ ဒါကြောင့် အခုအချိန်မှာဆိုရင် **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**


နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းပြောကြားစဉ်။

**တစ်ယောက်က ကိုဗစ်ရောဂါပိုး ဝင်သွားပြီ အဲ့ဒီဟာကို ကုပေးရတယ်ဆိုရင် ရောဂါမပြင်းထန်ရင်တောင်မှ တစ်ယောက်အတွက် ကုန်ကျစရိတ်က ၁၅ သိန်းနဲ့ သိန်း ၂၀ ကြား ဖြစ်ပါတယ်။ အဲဒါ တိုက်ရိုက်ကုန်ကျစရိတ်လည်း ပါတယ်။ သွယ်ဝိုက်တဲ့ကုန်ကျစရိတ်လည်း ပါတယ်။ ဒါ တစ်ယောက်ကိုပါ။ ပြင်းထန်တဲ့အဆင့် ရောက်သွားပြီဆိုရင် တစ်ယောက်အတွက်က ၂၅ သိန်းနဲ့ သိန်း ၅၀ ကြား အကုန်အကျခံရပါတယ်။ တိုက်ရိုက်ရော၊ သွယ်ဝိုက်သော စရိတ်ရော အားလုံးပေါင်းလိုက်မယ်ဆိုရင် ပေါ့**

---

**ကြေးမုံ ယနေ့ ဖတ်စရာ**

**၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ဆန္ဒမဲလက်မှတ်များနှင့် စာအိတ်များ အပ်နှံ၊ လက်ခံရရှိမှုအခြေအနေ အသိပေးကြေညာခြင်း**
စာမျက်နှာ » ၄

**အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀)ရေးဆွဲရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ**
စာမျက်နှာ » ၁၁

## ကျိုင်းတုံမြို့၌ နှာခေါင်းစည်း မဖြစ်မနေဝတ်ဆင်ရေး လူထုလှုပ်ရှားမှုပြုလုပ်

ကျိုင်းတုံ ဒီဇင်ဘာ ၄

**ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေဝတ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်ကို ယနေ့ နံနက် ၉ နာရီက ကျိုင်းတုံမြို့မဈေးကြီးတွင် တာဝန်ရှိသူများက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။**

ထိုသို့ဆောင်ရွက်ရာတွင် ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး နှင့် တာဝန်ရှိသူများက ကျိုင်းတုံမြို့မဈေးကြီးအတွင်း ဈေးရောင်းချသူများနှင့် ဈေးဝယ်သူများအား နှာခေါင်းစည်းနှင့် မျက်နှာအကာများ အခမဲ့ဖြန့်ဝေပေးပြီး စနစ်တကျဝတ်ဆင်၍ ဈေးရောင်း၊ ဈေးဝယ်ပြုလုပ်ကြရန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ကာကွယ်ရေးညွှန်ကြားချက်များကို တိကျစွာလိုက်နာကြရန် အသိပေးပြောကြားခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အလားတူ ကျိုင်းတုံမြို့နယ်တွင် လူစည်ကားရာ နေရာများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ဈေးများတွင် မဖြစ်မနေအပြင်ထွက်သွားလာသူများအား နှာခေါင်းစည်းနှင့် မျက်နှာအကာများ အခမဲ့ဖြန့်ဝေခြင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ဇင်မြင့်(ပြန်/ဆက်)**



ကြေးမုံ

# ရောဂါကာကွယ်ရေး ဒစ်ဂျစ်တယ်ပလက်ဖောင်း

ရောဂါကာကွယ်ဆေးသည် ရောဂါမဖြစ်မီ ကြိုတင်ကာကွယ်တားဆီးပေးခြင်းဖြစ်ပြီး ကုသဆေးသည် ရောဂါဖြစ်သည့်အခါ သက်သာပျောက်ကင်းအောင် စွမ်းဆောင်ပေးခြင်းဖြစ်သည်။ လက်ရှိကာလ တစ်ကမ္ဘာလုံးဖြစ်ပွားနေသော ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါနှင့်ပတ်သက်၍ ကာကွယ်ဆေး၊ ကုသဆေးများကို ရှာဖွေဖော်ထုတ် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းအားထုတ်နေကြပြီး လတ်တလောတွင် အစွမ်းထက်ဆေးများကို တရားဝင်စတင်အသုံးပြုခြင်း မရှိသေးပေ။ ထို့ကြောင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကို ဟန့်တားထိန်းချုပ်ကာကွယ်ကုသနိုင်ခြင်းမရှိသေးဘဲ ဆက်လက်ရင်ဆိုင်နေဆဲ ဖြစ်သည်။

ကမ္ဘာ့နိုင်ငံအချို့သည် အစွမ်းထက်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို နိုင်ငံအလိုက် ထုတ်လုပ်ဖြန့်ချိနိုင်တော့မည်ဟု အသိပေးနေကြသည်။ စွမ်းရည်အာနိသင်ထက်မြက်သည့် ကာကွယ်ဆေးပေါ်ပေါက်လာသည့်တိုင် လိုအပ်မှုပမာဏမှာ တစ်ကမ္ဘာလုံးအတိုင်းအတာ ဖြစ်သောကြောင့် ထုတ်လုပ်နိုင်မှုပမာဏနှင့် အသုံးပြုလိုမှုပမာဏ ကွာဟချက်ကြီးမားနေသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် လူသားအားလုံးကို တစ်ပြိုင်တည်း ကာကွယ်ဆေးထိုးနှံပေးရေးမှာ မဖြစ်နိုင်ချေ။ ကာကွယ်ဆေး စတင်ဖြန့်ချိသည်နှင့် အလုအယက်ဝယ်ယူကြမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ချေးငွေများ၊ အကူအညီများဖြင့် ကာကွယ်ဆေးထွက်ရှိသည်နှင့် အချိန်မီရရှိနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေပြီး ကာကွယ်ဆေးများ သိုလှောင်ရန်၊ ဖြန့်ဖြူးရန်၊ ဦးစားပေးအလိုက် ထိုးနှံပေးရန်အစီအစဉ်များကို စတင်ပြုလုပ်နေသည်။ ထိုအချိန်ကာလတွင် ပြည်သူများအနေဖြင့် ရောဂါမရအောင်နေရန်၊ ကာကွယ်ဆေးပေါ်ခါနီးမှ ရောဂါရလျှင် မကောင်းသဖြင့် အားတင်းထားရန်၊ ဂရုစိုက်ရန်၊ ခရစ္စမတ်အချိန်၊ နှစ်သစ်ကူးအချိန်တွင် တတ်နိုင်သမျှ အပြင်မထွက်ရန်၊ လူစုလူဝေးဖြစ်အောင် မနေကြရန်၊ မလွှဲမရှောင်သာ၍ အပြင်ထွက်လျှင် Mask တပ်ရန်၊ ဖြစ်နိုင်လျှင် Mask အပေါ်မှ ပလတ်စတစ်အကာ (Face Shield) တပ်ရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိုဝင်ဘာလ ၂၀ ရက်နေ့က ပြည်သူများသို့ အစီရင်ခံတင်ပြရာတွင် မှာကြားထားသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကာကွယ်ဆေး ထုတ်လုပ်ဖြန့်ချိထိုးနှံရေးကို ဆောင်ရွက်ချိန်တွင် နိုင်ငံတစ်ဝန်းလုံးအား တစ်ချိန်တည်း တစ်ပြိုင်တည်း ထိုးနှံပေးရေးမှာ မဖြစ်နိုင်သဖြင့် ဦးစားပေးအုပ်စုအလိုက် ကာကွယ်ဆေးထိုးနှံပေးနိုင်ရေးကို အပြိုင်အဆိုင် အလျင်အမြန် ဆောင်ရွက်နိုင်အောင် ကြိုးပမ်းအားထုတ်လာကြမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်သော်လည်း ကိုဗစ်-၁၉ ရောဂါပိုး၏ မျိုးဗီဇပြောင်းလဲလာမှုကြောင့် ကမ္ဘာပေါ်တွင် ရောဂါပိုးကြာရှည်စွာ ဆက်လက်ရှိနေဦးမည်ဟု ပညာရှင်များက ခန့်မှန်းထားသည်။ ထို့ကြောင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးရေး အစီအစဉ်များကို အဆင့်ဆင့်ဆောင်ရွက်နေချိန်တွင် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သည့် ကျန်းမာရေးစည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများကို အတိအကျ ဆက်လက်လိုက်နာကြရမည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်ပြီး လိုက်နာဆောင်ရွက်နိုင်ရေးကိစ္စအမျိုးမျိုးနှင့်ပတ်သက်၍ နိုင်ငံတစ်ဝန်း၊ အချိန်နှင့်တစ်ပြေးညီ၊ ကာလရှည်ကြာဆောင်ရွက်ရမည့်အရေးဖြစ်သဖြင့် ပြည်သူများ အစဉ်သဖြင့် သိရှိလိုက်နာ ပါဝင်ဆောင်ရွက်လာနိုင်ရေးကို ကိုဗစ်-၁၉ ကာလအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်မှာ တရားဝင်ထုတ်ပြန်ပေးနေသော ဒစ်ဂျစ်တယ်ပလက်ဖောင်းစနစ်သည် အကောင်းဆုံး၊ အမှန်ကန်ဆုံး၊ အထိရောက်ဆုံးဖြစ်သည်။ ပြည်သူလူထုအနေဖြင့်၊ သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် နိစ္စဓူဝကိစ္စအဝဝတို့ကို အချိန်နှင့်အမျှဆောင်ရွက်နေရသဖြင့် ကိုယ်နှင့်အတူ အစဉ်အမြဲတွဲပါ သိရှိလိုက်နာဆောင်ရွက်နိုင်သည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်များကို လူအများနေ့စဉ်အသုံးပြုနေသော ဖေ့စ်ဘွတ်၊ တွစ်တာ၊ ယူကျု၊ ဗိုင်ဗာ စသည့် ဒစ်ဂျစ်တယ်ပလက်ဖောင်းများမှတစ်ဆင့် အလွယ်တကူ အသုံးပြုနိုင်ပေသည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါသည် ရေရှည် ကာကွယ်၊ ထိန်းချုပ်၊ ကုသပေးရမည့် ရောဂါဖြစ်၍ လွယ်ကူမြန်ဆန်ထိရောက်သော သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တရားဝင်အဖွဲ့အစည်းများ၏ ဒစ်ဂျစ်တယ်ပလက်ဖောင်းများမှ အချိန်နှင့်တစ်ပြေးညီ အသိပေးလျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ မှန်ကန်တိကျသော သတင်းအချက်အလက်များ၊ တာဝန်ယူမှု တာဝန်ခံမှုရှိသည့် သတင်းအရင်းအမြစ်များအား ပြည်သူများ လေ့လာမှတ်သားရယူဆောင်ရွက်နိုင်ကြပြီ ဖြစ်ပါကြောင်း။ ။

## အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား

"အမျိုးသမီးများအပေါ်အကြမ်းဖက်မှု ကာကွယ်တုံ့ပြန်ဖို့၊ သီးသန့်ရန်ပုံငွေထားရှိလို့ အချက်အလက်ကောက်ယူစို့"

"Orange the World: Fund, Respond, Prevent, Collect!"

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ အခမဲ့ဆေးကုသနိုင်မည့်ဆေးရုံ တည်ဆောက်မည်

**ရန်ကုန် ဒီဇင်ဘာ ၄**

We Love Yangon က ဦးဆောင်၍ မြေခုနစ်ဧကခွဲ ကျယ်ဝန်းသည့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် အခမဲ့ ဆေးကုသနိုင်မည့်ဆေးရုံ တည်ဆောက်သွားမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ဦးအရည်ကြိုက ပြောသည်။

**ပူးပေါင်းဆောင်ရွက်**

"ဆေးရုံကို ခုနစ်ဧကခွဲမြေပေါ်မှာ ဆေးရုံဆောက်မယ်။ ဒါကလည်း အနယ်နယ်အရပ်ရပ်က လှူဒါန်းတဲ့ အလှူငွေတွေနဲ့ တည်ဆောက်တာဖြစ်ပါတယ်။ အဲဒီဆေးရုံကြီးဆောက်ပြီးရင် တခြား ဆရာဝန်တွေကနေ ဦးစီးကွပ်ကဲပြီး ပြည်သူတွေ အခမဲ့ ဆေးကုနိုင်တဲ့ ဆေးရုံကြီးဆောက်မယ်။ ဒီဆေးရုံကြီးကို ဆရာတော်ကြီးတည်ဆောက်ထားတဲ့ ဇီဝိတဒါန သံဃာ့ဒါနဆေးရုံပုံစံမျိုးလုပ်မယ်။ အဓိကကတော့ We Love Yangon ဟာ ရန်ကုန်မြို့မှာ နေထိုင်တဲ့ အနယ်နယ်အရပ်ရပ်က လာတဲ့သူတွေရော၊ ရန်ကုန်မြို့မှာနေတဲ့ ပြည်သူတွေရော အားလုံး ချစ်ကြည်ရင်းနှီးစွာနဲ့ ရန်ကုန်မြို့ကြီး သန့်ရှင်းသာယာလှပတိုးတက်စေဖို့ ကျွန်တော်တို့က ပူးပေါင်းဆောင်ရွက်တဲ့ အဖွဲ့အစည်းဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

**ဆွေးနွေးလျက်ရှိ**

လက်ရှိ ဆေးရုံတည်ဆောက်ရန်အတွက် ဒီဇိုင်းပိုင်းထွက်ရှိလာပြီး အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကြိုးပမ်းနေကြောင်း၊ ထို့ပြင် ဆေးဘက်ဆိုင်ရာ ပညာရှင်များနှင့်လည်း ဆွေးနွေးလျက်ရှိကြောင်း We Love Yangon မှ အထွေထွေအတွင်းရေးမှူး ဦးဇော်ဝင်းခိုင်က ပြောသည်။

**ငြိမ်းငြိမ်း**

# ကျိုက်လတ်မြို့နယ်၌ တစ်လုံးထိုးဒီဇယ်အင်ဂျင် စက်ပြင်သင်တန်းဖွင့်

**ကျိုက်လတ် ဒီဇင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု တစ်လုံးထိုးအင်ဂျင် စက်ပြင်သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်ကျေးလက်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြတ်ခိုင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ကျေးလက်ဦးစီးဌာန ဦးစီးမှူး ဦးအောင်မြင့်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများပေးအပ်ခဲ့ပြီး ဒီဇင်ဘာ ၂၂ ရက်အထိ ဖွင့်လှစ်သည့် သင်တန်းသို့ သင်တန်းသား ၂၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်**

■

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၄-၁၂-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၉၀၀ | ၉,၈၀၀ | ၂၃၇ | ၂,၃၃၁,၁၀၀ |
| MTSH | ၃,၇၀၀ | ၃,၇၀၀ | ၁,၀၁၆ | ၃,၇၅၉,၂၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၁၀၁ | ၈၄၈,၄၀၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၀ | ၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၃၅၄ | ၉၇၃,၅၀၀ |
| EFR | ၃,၈၅၀ | ၃,၈၅၀ | ၆၇ | ၂၅၇,၉၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဒီဇင်ဘာ ၄

ရန်ကုန်(ရွှေဈေး) ၁၃၀၁၀၀၀ မန္တလေး(ရွှေဈေး) ၁၃၀၁၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၆၀/၆၁၀ ကျပ် | ၅၉၅/၆၂၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၅၀/၅၉၅ ကျပ် | ၅၈၀/၆၀၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၆၄၅/၆၇၀ ကျပ် | ၇၁၅/၇၃၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၅၂၅/၅၅၅ ကျပ် | ၅၈၀/၅၉၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၅၂၀/၅၃၅ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၃၀/၅၄၅ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၅၁၀/၅၁၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၂၃.၆ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၀၉.၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၂.၅၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၃.၈၉၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၆.၀၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇.၉၄၅ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၈၂.၃၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၉၃.၀၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၇၂.၉ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၂.၁၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန်စာတည်းများ** - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဒေါ်အေးအေးသင်း၊ ဒေါ်ဇာရည်မွန်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

❖ ရှေ့ဖုံးမှ

ပြည်နယ်တွေ၊ တိုင်းဒေသကြီးတွေမှာ၊ တစ်တိုင်းပြည်လုံးမှာ ရောဂါနည်းနည်း ပြန့်ပွားလာတဲ့ အခြေအနေရှိပါတယ်။ နည်းနည်းဆိုတာလည်း သိပ်နည်းနည်းတော့ မဟုတ်ပါဘူး။

အဲဒီတော့ ဒီဟာနဲ့ပတ်သက်ပြီး ကျွန်မတို့ ပြည်သူတွေ လေးလေးနက်နက်ရှိအောင်လို့ ကျွန်မ ကိန်းဂဏန်းလေးတွေ တချို့ ပြောပြချင်ပါတယ်။ ပြည်သူတစ်ယောက်၊ လူတစ်ယောက်ပေါ့နော်။ ဘယ်သူပဲဖြစ်ဖြစ် ကျွန်မတို့ ပြည်သူမဟုတ်ဘဲနဲ့ ဒီနိုင်ငံမှာ ရောက်နေတဲ့ ဧည့်သည်တွေဆိုရင်လည်း ကျန်းမာရေးအရ စောင့်ရှောက်မှုပေးရတာပဲ။ တစ်ယောက်က ကိုဗစ်ရောဂါပိုးဝင်သွားပြီ အဲ့ဒီဟာကို ကုပေးရတယ်ဆိုရင် ရောဂါ မပြင်းထန်ရင်တောင်မှ တစ်ယောက်အတွက် ကုန်ကျစရိတ်က ၁၅ သိန်းနဲ့ သိန်း ၂၀ ကြား ဖြစ်ပါတယ်။ အဲဒါ တိုက်ရိုက်ကုန်ကျစရိတ်လည်း ပါတယ်။ သွယ်ဝိုက်တဲ့ ကုန်ကျစရိတ်လည်းပါတယ်။ ဒါ တစ်ယောက်ကိုပါ။ ပြင်းထန်တဲ့ အဆင့်ရောက်သွားပြီဆိုရင် တစ်ယောက်အတွက်က ၂၅ သိန်းနဲ့ သိန်း ၅၀ ကြား အကုန်အကျခံရပါတယ်။ တိုက်ရိုက်ရော၊ သွယ်ဝိုက်သော စရိတ်ရော အားလုံးပေါင်းလိုက်မယ်ဆိုရင်ပေါ့။ အဲဒီတော့ စဉ်းစားကြည့်ပါ။ ကျွန်မတို့ နိုင်ငံမှာဆိုရင် အခု ဒီလို ၉ သောင်းကျော်လို့ တစ်သိန်းနီးပါး ရောဂါပိုးတွေ့ရှိတဲ့သူတွေ ရှိခဲ့ပြီဆိုတော့ ဘယ်လောက် ကျွန်မတို့ ပြုစုကုသမှုဘက်မှာ သုံးခဲ့ရသလဲဆိုတော့ စောစောက ပြောသလို ၁၅ သိန်းနဲ့ သိန်း ၂၀ ကြား ရောဂါ မပြင်းထန်တဲ့ သူတစ်ယောက်အတွက် သုံးရတယ်ဆိုရင် ဒါဟာ ဘာနဲ့ညီမျှသလဲဆိုတော့ ကျွန်မတို့ ရောဂါကာကွယ်ဆေး ရတဲ့အခါကျရင် ဒီကာကွယ်ဆေး လူ ၃၀၀ ကို ထိုးပေးနိုင်တဲ့ ငွေပမာဏနဲ့ ညီမျှပါတယ်။

ဒီရောဂါကာကွယ်ဆေးကလည်း မရသေးဘူး။ ရရင်လည်း တခြားနိုင်ငံတွေနဲ့ ယှဉ်ပြိုင်ပြီး ကျွန်မတို့ ဝယ်ရမယ်။ လှူတာကလည်း အတိုင်းအတာတစ်ခုရှိတယ်။ ဒါပေမယ့် အများစုက ကျွန်မတို့ ဝယ်ရမှာပဲ။ ဝယ်တဲ့အခါကျရင် ဒီငွေတွေက ဘယ်ကလာမလဲ။ ကျွန်မတို့ နိုင်ငံတော်ဘဏ္ဍာထဲကပဲ လာမှာပဲ။ အခုအချိန်မှာဆိုရင်လည်း ကိုဗစ်ရောဂါ ကူးစက်တဲ့သူတွေကို ကုပေးတာလည်း နိုင်ငံတော်ရဲ့ ဘဏ္ဍာထဲကပဲ ကုပေးနေတာပဲ။ နိုင်ငံတော်ရဲ့ ဘဏ္ဍာက ဘယ်ကလာသလဲဆို ပြည်သူဆီကလာတာပါပဲ။ အဲဒီတော့ ပြည်သူတွေရဲ့ငွေကို ပြန်ပြီးတော့ သုံးလိုက်ရတာ၊ ပြည်သူတွေအတွက် သုံးခဲ့ရတာဆိုပေမယ့် ပြည်သူတွေအတွက် သုံးသင့်သုံးထိုက်တဲ့နေရာမှာ မဟုတ်ဘဲနဲ့ ရှောင်လွှဲလို့မရတဲ့နေရာမှာ သုံးရသလိုဖြစ်နေပါတယ်။ ဒီရောဂါပိုးကူးလို့ ကုန်တဲ့စရိတ်တွေဟာ စောစောကပြောသလို သိပ်ပြီးတော့ ရောဂါမပြင်းထန်တဲ့ လူတွေအတွက်ဆိုရင် တစ်ယောက်အတွက် သုံးရတာဟာ လူ ၃၀၀ အတွက် ကာကွယ်ဆေးထိုးပေးနိုင်တယ်။

ပြင်းထန်တဲ့ ရောဂါသည်တစ်ယောက်အတွက် သုံးရတာဟာ ကျွန်မတို့ လူတစ်ထောင်အထိတောင် ကာကွယ်ဆေးထိုးပေးနိုင်တဲ့ အတိုင်းအတာရှိပါတယ်။ ဒါတင် မကသေးပါဘူး။ ကျွန်မတို့ Quarantine ဝင်တဲ့ လူတစ်ယောက်အတွက်တစ်ယောက်အတွက်ဆို ပျမ်းမျှခြင်း (၆)သိန်းလောက် နိုင်ငံတော်က ကုန်ပါတယ်။ ဒါ ရောဂါမဖြစ်ဘဲနဲ့ Quarantine မှာ ပေါ့နော်။ ရောဂါဖြစ်တဲ့လူတွေနဲ့ ထိတွေ့မှုရှိခဲ့လို့ Quarantine ထဲထည့်ပြီးတော့ ကျွန်မတို့ စောင့်ရှောက်ရတဲ့ ပုဂ္ဂိုလ်တွေဆိုရင် တစ်ဦးကို ပျမ်းမျှခြင်း (၆)သိန်းလောက် ကုန်ပါတယ်။ အဲဒီတော့ ဒါတွေအားလုံး တွက်လိုက်မယ်ဆိုရင် ကျွန်မတို့ တခြားနေရာမှာ သုံးနိုင်တဲ့ ငွေတွေ ဘယ်လောက်ဆုံးရှုံးသွားလဲဆိုတာကို စဉ်းစားကြည့်လိုက်ပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ဟာ ကိုဗစ်ရောဂါအလွန် အချိန်ကာလမှာ နိုင်ငံတော်စီးပွားရေး ပြန်ပြီးတော့ တက်အောင်လို့ လုပ်ရပါလိမ့်မယ်။ ပြန်လည်ထူထောင်ဖို့အတွက် ငွေတွေအများကြီး လိုပါလိမ့်မယ်။ ဒီငွေတွေကို ကျွန်မတို့ကနေပြီးတော့ ရောဂါကုသရေးအတွက် သုံးတဲ့ငွေတွေကို ရောဂါကုသရေးအတွက် သုံးဖို့မလိုလို့ ဒီစီးပွားရေး ပြန်လည်ထူထောင်ရေးအတွက် သုံးနိုင်မယ်ဆိုရင် ကျွန်မတို့နိုင်ငံအတွက် ဘယ်လောက်အကျိုးရှိမလဲ။ ကျွန်မတို့ ပြည်သူတွေအတွက် ရေရှည်မှာ ဘယ်လောက်အကျိုးရှိမလဲဆိုတာကို စဉ်းစားစေချင်ပါတယ်။

ဒါဟာ လူတိုင်းလူတိုင်းနဲ့ဆိုင်တဲ့ ကိစ္စပါ။ နောက် ရောဂါပိုးရှိတဲ့သူ ၆၅ ရာခိုင်နှုန်းက ရောဂါလက္ခဏာ မပြပါဘူးဆိုတာလည်း ကျွန်မတို့ ထပ်တလဲလဲသတိပေးပါတယ်။ ဒီလိုရောဂါရဲ့ လက္ခဏာမပြတဲ့ အခါကျတော့ ကိုယ်ကတော့ ကောင်းနေပြီလို့ ထင်လိမ့်မယ်။ အများအားဖြင့် ရောဂါလက္ခဏာမပြတဲ့သူတွေက အသက်အရွယ်လည်း ကောင်းတယ်။ ကျန်းမာရေးအခြေခံလည်း ကောင်းတယ်။ ကောင်းတဲ့ အခါကျတော့ ရောဂါလက္ခဏာမပြဘူး။ ဒါပေမယ့်လည်း ကိုယ့်ဆီကနေပြီးတော့ ကိုယ့်မှာရောဂါပိုး ဝင်နေပြီဆိုရင်၊ ရောဂါလက္ခဏာပြသည်ဖြစ်စေ၊ မပြသည်ဖြစ်စေ ကိုယ့်ဆီကနေပြီး နောက်တစ်ယောက် ကူးသွားနိုင်တယ်။ ကူးသွားတဲ့တစ်ယောက်က ရောဂါအခြေခံရှိချင်ရှိမယ်။ အခြေခံရောဂါ ကျန်းမာရေး မကောင်းဘူးပေါ့။ ဒါမှမဟုတ် သက်ကြီးရွယ်အိုတွေလည်းဖြစ်နိုင်တယ်။ အဲဒီလို ကူးသွားပြီဆိုရင် အဲဒီလူတွေဟာ သေဆုံးသွားနိုင်တယ်ဆိုတာကိုတော့ ကျွန်မတို့ ပြည်သူတွေက နေပြီးတော့ မမေ့ဖို့က အင်မတန်မှ အရေးကြီးပါတယ်။

အခုဆိုရင် သေဆုံးမှုနှုန်းဟာ ၁၉၀၀ ကျော်နေပြီ။ ၁၉၉၈ ဦးပေါ့။ နောက်ဆုံးကိန်းဂဏန်းအရ။ အဲဒီတော့ ဒါဆို မနက်ဖြန်ဆိုရင် ၂၀၀၀ ကျော်မယ်လို့ ကျွန်မတို့ မှန်းလို့ရပါတယ်။ ဒီတော့ လူတစ်ယောက် သေဆုံးသွားပြီဆိုရင် ဘာနဲ့မှ အစားထိုးလို့ မရပါဘူး။ ခုနက ပြောသလိုပေါ့။ တစ်ယောက်ကို ကုသစရိတ်က ၁၅ သိန်းကနေ သိန်း ၂၀ အထိပဲ ဖြစ်ဖြစ်၊ ၂၅ သိန်းကနေ သိန်း ၅၀ အထိဖြစ်ဖြစ် အတိုင်းအတာ တစ်ခုအထိ တန်ဖိုးဖြတ်လို့ရတယ်။ လူတစ်ယောက်ရဲ့ အသက်ဆိုတာ ဘယ်လိုမှ တန်ဖိုးဖြတ်လို့မရပါဘူး။ အဲဒါကြောင့် ကိုယ့်ကြောင့် ကိုယ့်မိသားစုထဲက တစ်ယောက်ယောက်၊ ဒါမှမဟုတ် ကိုယ်နဲ့ နီးစပ်တဲ့ မိတ်ဆွေထဲက တစ်ယောက်ယောက် ဒီရောဂါပိုးရပြီးတော့ သေဆုံးသွားတယ်ဆိုရင် ဘယ်လို အစားထိုးမှာလဲ။ ကိုယ့်ကြောင့် ကိုယ့်ရဲ့မိသားစုထဲက မဟုတ်ရင်၊ ကိုယ့်ရဲ့ မိတ်ဆွေထဲက မဟုတ်ရင် တခြားသူရဲ့ မိသားစုထဲက၊ တခြားသူတွေရဲ့ မိတ်ဆွေထဲက တစ်ယောက်ယောက် သေဆုံးသွားပြီဆိုရင် ဘယ်လိုအစားထိုးမှာလဲ။ အဲဒါက တန်ဖိုးဖြတ်လို့မရပါဘူး။ ဘယ်နှစ်သိန်းနဲ့မှ တန်ဖိုးဖြတ်လို့ မရပါဘူး။

အဲဒါကြောင့် လူတိုင်းလူတိုင်းဟာ သိပ်ပြီးတော့ သတိထားစေချင်ပါတယ်။ အခု ဆောင်းတွင်းမှာ အေးလာပြီ။ အေးလာတဲ့အခါကျရင် ရောဂါပိုးက ပိုပြီးတော့ ပြန့်လွယ်မယ်ဆိုတာလည်း ကျွန်မတို့ သတိပေးထားပြီး ဖြစ်ပါတယ်။ ထပ်မံလည်း သတိပေးပါမယ်။ အခု တန်ဆောင်တိုင် ပိတ်ရက်တွေကတော့ လွန်သွားပြီပေါ့။ နောက် အခု ကျွန်မတို့ ခရစ္စမတ်ကာလ၊ နှစ်သစ်ကူးကာလတွေကို ကျွန်မတို့ ဦးတည်နေပါပြီ။ အဲဒီအချိန်တွေမှာလည်း လူစုလူဝေးမဖြစ်ဖို့ အင်မတန်မှ အရေးကြီးပါတယ်။ လူစုလူဝေး ဖြစ်တာနဲ့အမျှ ရောဂါပိုးပြန့်တယ်ဆိုတာကိုတော့ ဒါတော့ ကျွန်မတို့ ဘယ်လိုမှ ရှောင်လို့မရတဲ့ ကိစ္စပါ။ ပြန့်မှာပါပဲ။ လူစုလူဝေးလုပ်ရင် ပြန့်မှာပါပဲ။ လူစုလူဝေးဆိုကတည်းက ခြောက်ပေကွာပြီးနေတယ်ဆိုတာကတော့ မဖြစ်နိုင်သလောက်ပါပဲ။ ဒီခြောက်ပေကွာပြီးတော့ မနေနိုင်တဲ့ကြားထဲမှာ Mask မတပ်တဲ့ သူတွေကလည်း ပါသေးတယ်။ Mask တပ်တယ်ဆိုရင် အတိုင်းအတာတစ်ခုအထိ အကာအကွယ်ရတယ်ဆိုပေမယ့် ဒီလောက် နီးနီးကပ်ကပ်နေနေပြီ၊ လူတွေ စုဝေးနေပြီ၊ လူအုပ်တွေဖြစ်နေပြီဆိုရင်တော့ ၁၀၀ ရာခိုင်နှုန်း လုံခြုံဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် သတိထားစေချင်ပါတယ်။ လူစုလူဝေးမဖြစ်အောင်လို့နေပါ။ ဒီဟာ ဟာ မလွယ်ဘူးဆိုတာ ကျွန်မတို့သိပါတယ်။ အချိန်ကလည်း ကြာလာတာနဲ့အမျှ အခုဆိုရင် ၃ လပိုင်းကနေ စလိုက်တာ အခု ၁၂ လပိုင်းရောက်သွားပြီဆိုတော့ ၉ လရှိပြီပေါ့။ ၉ လ ဆိုတော့လည်း ကြာလာပြီလို့ ပြောလို့ရပါတယ်။ ဒါပေမယ့် ဒီ ၉ လကို ကျွန်မတို့ အနာဂတ်နဲ့ ယှဉ်ကြည့်မယ်ဆိုရင် ၉ လဆိုတာ ဘာမှမဟုတ်ပါဘူး။ သေဆုံးသွားတဲ့ လူတွေအတွက်ဆိုရင် အနာဂတ်ဆိုတာ လုံးဝမရှိတော့ပါဘူး။ ဒီ ၉ လဟာ အနာဂတ်မရှိတော့ခြင်းရဲ့ ဒုက္ခနဲ့စာလို့ရှိရင် ဘာမှမဟုတ်ဘူးလို့ ကျွန်မတို့ ပြောလို့ရပါတယ်။

အဲဒါကြောင့် ခုအချိန်မှာ အထူးသတိထားပါ။ ကျွန်မတို့ နိုင်ငံရဲ့ ပြန်လည်ထူထောင်ရေးအတွက် ကျွန်မတို့ နောက်နှစ်မှာ အင်မတန်မှ ရုန်းကန်ရမယ်ဆိုတာကိုလည်း ပြည်သူတွေကို သတိပြုစေချင်ပါတယ်။ ကျွန်မတို့ ပြည်သူတွေက တာဝန်သိစိတ်ရှိတယ်ဆိုတာလည်း ကျွန်မ နားလည်ပါတယ်။ ဒါပေမယ့် ဒီတာဝန်သိစိတ်ဆိုတာ တစ်ခါတလေလည်း မှေးမှိန်သွားတတ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ရတာ ကြာလာတဲ့ အခါကျတော့ နည်းနည်းအားလျော့လာတဲ့ သဘောရှိတယ်။ အားဆိုတာ လျော့လာတာနဲ့ ပြန်ပြန်ပြီးတော့ တင်းရပါမယ်။ ကျွန်မ မှတ်မိဖူးပါတယ်။ ဆရာတော်တစ်ပါးက နေပြီးတော့ ဩဝါဒချီးမြှင့်ခဲ့ဖူးပါတယ်။ သီလဆိုတာ ကောင်းတဲ့အကျင့်တွေကို ကိုယ်ကနေပြီးတော့ ခိုင်မြဲအောင်လုပ်တယ်ဆိုတာ ခါးဝတ်ပုဆိုးလိုပဲ ပြန်ပြန်ပြီးတင်းရတယ်တဲ့။ ခါးဝတ်ပုဆိုးဆိုတာ တစ်ခါတည်းဝတ်ထားလို့၊ မနက်မိုးလင်း အိမ်ကထွက်လို့ ပုဆိုးစည်းထားတာနဲ့ တစ်နေ့လုံး ခံတာမဟုတ်ဘူး။ ပြန်ပြန်ပြီးတင်းရတယ်။ ဒီအတိုင်းပဲ သီလဟာ လျော့ရဲလာပြီဆိုရင် ပြန်တင်းရတယ်တဲ့။

အဲဒီတော့ ကျွန်မတို့ဟာလည်း စည်းကမ်းလျော့ရဲလာပြီဆိုရင် ပြန်တင်းဖို့ လိုပါလိမ့်မယ်။ ဒီလိုပြန်တင်းတယ်ဆိုတာ ဘယ်သူ့ အကျိုးအတွက်လည်းဆိုတော့ ပြည်သူပြည်သားတွေ အားလုံးတစ်ယောက်ချင်း၊ တစ်ယောက်ချင်းအကျိုးအတွက်ပါ။ ဒီကိုဗစ်ရောဂါဟာ ကိုယ်နဲ့ပတ်သက်တဲ့သူ ဘယ်သူ့ကို ကူးသွားမလဲဆိုတာ ဘယ်သူမှ ပြောလို့မရပါဘူး။ ငါနဲ့မဆိုင်ဘူးလို့ ထင်နေပေမယ့် မသိဘဲနဲ့ ဆိုင်လာတဲ့အခါကျမှ နောင်တရရတယ်ဆိုရင် ဘာမှလည်း ကျွန်မတို့ လုပ်ပေးနိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့်မို့ သတိထားကြပါ။ ကိုယ့်အတွက် ကိုယ်တာဝန်ယူတယ်ဆိုတာဟာ ကိုယ့်ရဲ့ ပတ်ဝန်းကျင်အတွက် တာဝန်ယူရာလည်း ရောက်ပါတယ်။ ကိုယ့်အနာဂတ်အတွက်၊ ကိုယ့်နိုင်ငံအတွက် တာဝန်ယူရာလည်း ရောက်ပါတယ်။ ကျွန်မတို့ သန်းတွေ သောင်းနဲ့ချီပြီး ကိုဗစ်ရောဂါအတွက် ကျွန်မတို့ သုံးခဲ့ရပါတယ်။ ဒီငွေတွေဟာလည်း မိုးပေါ်ကကျလာတာလည်း မဟုတ်ဘူး။ ကျွန်မတို့ နိုင်ငံအတွက် သုံးဖို့၊ ပြည်သူတွေအတွက် သုံးဖို့သတ်မှတ်ထားတဲ့ ငွေတွေထဲကနေ သုံးရတာဖြစ်ပါတယ်။ နောက်နှစ်ကျရင် တတ်နိုင်သမျှ ကျွန်မတို့ စီးပွားရေး ပြန်လည်ထူထောင်ရေးထဲကို များများထည့်ပြီးတော့ ပြည်သူတွေရဲ့အင်အားရော၊ ကျွန်မတို့ရဲ့ ဘဏ္ဍာတော် အင်အားရော များများထည့်ပြီးတော့ တကယ့်ကို ကိုဗစ်ရောဂါအလွန်ကာလမှာ ကောင်းတဲ့လမ်းပေါ်ရောက်အောင်လို့ အားလုံးက အခုကတည်းကနေ ဝိုင်းပြီးကြိုးစားဖို့လိုပါတယ်။

ကျွန်မတို့က တစ်ကမ္ဘာလုံးနဲ့ ယှဉ်ရမှာပါ။ ကိုဗစ်ရောဂါကို တကယ်ကာကွယ်ပေးနိုင်တဲ့ ကာကွယ်ဆေးရပြီဆိုရင် နိုင်ငံတွေက အားလုံးဝိုင်းပြီးတော့ ပြိုင်ပြီးတော့ ဝယ်ကြမယ်။ ကာကွယ်ဆေးသုံးပြီးပြီဆိုရင် စီးပွားရေး ပြန်ပြီးတော့ နာလန်ထူဖို့အတွက် အားလုံး ဝိုင်းပြီးတော့ ပြိုင်ကြမယ်။ ဒီပြိုင်တဲ့ အထဲမှာ။ ဒီပြိုင်ပွဲထဲမှာ ကျွန်မတို့က ဒီကမ္ဘာနဲ့ ယှဉ်ပြီး ပြိုင်နေတဲ့ပွဲထဲမှာ ရှေ့ကိုရောက်ချင်တယ်ဆိုရင်တော့ အရင်းအမြစ်တွေ လိုပါတယ်။ လူသားအရင်းအမြစ်တွေ လိုပါတယ်။ ငွေအရင်းအမြစ်တွေ လိုပါတယ်။ ကျွန်မတို့ လူသားအရင်းအမြစ်တွေလည်း မလိုအပ်ဘဲနဲ့ မပြုန်းတီးရအောင်၊ ငွေအရင်းအမြစ်တွေလည်း မလိုအပ်ဘဲ မပြုန်းတီးရအောင် အားလုံးကနေပြီးတော့ ကိုဗစ်ရောဂါနဲ့ ပတ်သက်တဲ့ စည်းမျဉ်းစည်းကမ်းတွေကို သေသေချာချာလိုက်နာကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။ နှစ်ကလည်း ကုန်ခါနီးပြီဆိုတော့ ငြီးငွေ့တဲ့ စိတ်တွေကိုလည်း ဒီနှစ်နဲ့ပဲ ထားပစ်ခဲ့ပြီးတော့ နှစ်ဆန်းကို သစ်ဆန်းတဲ့စိတ်တွေနဲ့ ကျွန်မတို့ ရင်ဆိုင်နိုင်ဖို့အတွက် အားလုံး အားထုတ်ကြပါ။ ကျန်းမာ၊ ချမ်းသာအောင်နေကြပါ။ ကျေးဇူးတင်ပါတယ်။

**ကျွန်မတို့က တစ်ကမ္ဘာလုံးနဲ့ ယှဉ်ရမှာပါ။ ကိုဗစ်ရောဂါကို တကယ်ကာကွယ်ပေးနိုင်တဲ့ ကာကွယ်ဆေး ရပြီဆိုရင် နိုင်ငံတွေက အားလုံးဝိုင်းပြီးတော့ ပြိုင်ပြီးတော့ဝယ်ကြမယ်။ ကာကွယ်ဆေးသုံးပြီးပြီဆိုရင် စီးပွားရေးပြန်ပြီးတော့ နာလန်ထူဖို့အတွက် အားလုံးဝိုင်းပြီးတော့ ပြိုင်ကြမယ်။ ဒီပြိုင်တဲ့ အထဲမှာ။ ဒီပြိုင်ပွဲထဲမှာ ကျွန်မတို့က ဒီကမ္ဘာနဲ့ယှဉ်ပြီး ပြိုင်နေတဲ့ပွဲထဲမှာ ရှေ့ကိုရောက်ချင်တယ်ဆိုရင်တော့ အရင်းအမြစ်တွေ လိုပါတယ်။ လူသားအရင်းအမြစ်တွေ လိုပါတယ်။ ငွေအရင်းအမြစ်တွေ လိုပါတယ်။ ကျွန်မတို့ လူသားအရင်းအမြစ်တွေလည်း မလိုအပ်ဘဲနဲ့ မပြုန်းတီးရအောင်၊ ငွေအရင်းအမြစ်တွေလည်း မလိုအပ်ဘဲ မပြုန်းတီးရအောင် အားလုံးကနေပြီးတော့ ကိုဗစ်ရောဂါနဲ့ပတ်သက်တဲ့ စည်းမျဉ်းစည်းကမ်းတွေကို သေသေချာချာလိုက်နာကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။**

**လူတိုင်းလူတိုင်းဟာ သိပ်ပြီးတော့ သတိထားစေချင်ပါတယ်။ အခု ဆောင်းတွင်းမှာ အေးလာပြီ။ အေးလာတဲ့အခါကျရင် ရောဂါပိုးက ပိုပြီးတော့ ပြန့်လွယ်မယ်ဆိုတာလည်း ကျွန်မတို့ သတိပေးထားပြီး ဖြစ်ပါတယ်။ ထပ်မံလည်း သတိပေးပါမယ်။ အခု တန်ဆောင်တိုင် ပိတ်ရက်တွေကတော့ လွန်သွားပြီပေါ့။ နောက် အခု ကျွန်မတို့ ခရစ္စမတ်ကာလ၊ နှစ်သစ်ကူးကာလတွေကို ကျွန်မတို့ ဦးတည်နေပါပြီ။ အဲဒီအချိန်တွေမှာလည်း လူစုလူဝေးမဖြစ်ဖို့ အင်မတန်မှ အရေးကြီးပါတယ်။**

## ၂၀၂၀ ပြည့်နှစ်၊ နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

- ကျောင်းနေအရွယ် လူငယ်အားလုံး အခြေခံပညာသင်ယူခွင့်ရရှိရေး၊
- လူမှုစီးပွားရေးအတွက် လက်တွေ့ကျ အကျိုးပြုသည့် ဘာသာရပ်များ တစ်သက်တာ သင်ယူမှု အခွင့်အလမ်း ရရှိရေး၊
- ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားဒေသများ၌ ပညာရေးတွင် ပိုမိုပံ့ပိုး ရင်းနှီးမြှုပ်နှံရေး၊
- ပညာရေးဖွံ့ဖြိုးမှုအတွက် နည်းပညာနှင့် အခြေခံအဆောက်အဦများ ပြည့်ဆည်းရေး၊
- တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး

## ၂၀၂၀ ပြည့်နှစ်၊ နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

ရာပြည့်အမျိုးသားအောင်ပွဲနေ့မှသည် တိုင်းရင်းသားအားလုံး ပူးပေါင်းဆောင်ရွက်လို့ ပြည်ထောင်စုငြိမ်းချမ်းရေး တည်ဆောက်စို့။

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်
(၉-၁၂-၂၀၂၀)

# စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၂) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား ကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၄

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၂) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဗေယျကျော်ထင် တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဗေယျကျော်ထင် မောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ပြင်ဦးလွင်တပ်နယ်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျောင်းဆင်းဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကိုခံယူပြီး စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၂)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၃၃၈၇၅ ဗိုလ်လောင်းရဲဝေအောင်၊ လေ့ကျင့်ရေး ထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၃၃၇၀၉ ဗိုလ်လောင်းထင်အောင်လင်း၊ စာပေထူးချွန်ဆု (ဝိဇ္ဇာ) ရရှိသူ ဗိုလ်လောင်းအမှတ် ၃၃၈၈၉ ဗိုလ်လောင်းရဲမင်းစိုး၊ စာပေထူးချွန်ဆု(သိပ္ပံ) ရရှိသူ ဗိုလ်လောင်းအမှတ် ၃၃၉၂၆ ဗိုလ်လောင်းရှိုင်းအောင်ကျော်၊ စာပေထူးချွန်ဆု (ကွန်ပျူတာ)ရရှိသူ ဗိုလ်လောင်းအမှတ် ၃၄၀၂၇ ဗိုလ်လောင်းသက်နိုင်လင်းတို့အား ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

**မိန့်ခွန်းပြောကြား**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်းဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကိုခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

**ဂုဏ်ပြုအမှာစကား ပြောကြား**

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်တက္ကသိုလ်ကျောင်း ဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းငါးဦးကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

# ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ဆန္ဒမဲလက်မှတ်များနှင့် စာအိတ်များ အပ်နှံ၊ လက်ခံရရှိမှုအခြေအနေ အသိပေးကြေညာခြင်း

( ၄ - ၁၂ - ၂၀၂၀ )

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၊ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၊ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၇၊ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများတွင် အသုံးပြုခဲ့သော ဆန္ဒမဲလက်မှတ်များနှင့် ကြိုတင်ဆန္ဒမဲပေးရာတွင် အသုံးပြုသည့် စာအိတ်အသေး၊ စာအိတ်အကြီးများကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အပ်နှံ၍ ဆောင်ရွက်ခဲ့ပါသည်။

ဆန္ဒမဲလက်မှတ်များ အပ်နှံ/လက်ခံရရှိမှုအခြေအနေ

| စဉ် | လွှတ်တော်အမည် | ဆန္ဒမဲလက်မှတ်အရေအတွက် | | ငွေပေးချေခြင်း (ကျပ်) |
|---|---|---|---|---|
| | | အပ်နှံ (ရွက်) | လက်ခံရရှိ (ရွက်) | |
| ၁ | ပြည်သူ့လွှတ်တော် | ၄၄,၁၆၉,၃၄၄ | ၄၄,၁၆၉,၃၄၄ | ပြန်ကြားရေးဝန်ကြီးဌာနသို့ ကြိုတင်ငွေအဖြစ် ကျပ်သိန်း ၄၃၀၀ ပေးချေထားပါသည်။ |
| ၂ | အမျိုးသားလွှတ်တော် | ၄၄,၁၄၈,၂၂၆ | ၄၄,၁၄၈,၂၂၆ | |
| ၃ | တိုင်းဒေသကြီးနှင့်ပြည်နယ် လွှတ်တော် | ၄၃,၂၉၅,၃၇၄ | ၄၃,၂၉၅,၃၇၄ | |
| ၄ | တိုင်းရင်းသားလူမျိုးလွှတ်တော် | ၇,၇၁၈,၁၇၃ | ၇,၇၁၈,၁၇၃ | |
| | စုစုပေါင်း | [illegible] | [illegible] | |

၂။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် လိုအပ်သော ဆန္ဒမဲလက်မှတ်များနှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် အသုံးပြုသည့် စာအိတ်အသေးနှင့် စာအိတ်အကြီးများကိုလည်း ပြန်ကြားရေးဝန်ကြီးဌာနသို့ပင် အပ်နှံ၍ ဆောင်ရွက်ခဲ့ပါသည်။

၃။ ဆန္ဒမဲလက်မှတ်များ၊ ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် စာအိတ်များအပ်နှံရာတွင် ရွေးကောက်ပွဲကျင်းပရန် စတင်ကြေညာသည့် မဲဆန္ဒနယ်များ ( နယ်မြေအခြေအနေအရ မကျင်းပနိုင်သော မဲဆန္ဒနယ်များအပါအဝင် ) အားလုံးတို့အတွက် လွှတ်တော်တစ်ရပ်ချင်း ( တိုင်းရင်းသားလူမျိုးအပါအဝင် ) အတွက် လုံလောက်မှုရှိစေရန် ဆောင်ရွက်ရပါသည်။ အပ်နှံမှုနှင့် လက်ခံရရှိမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

စာအိတ်များ အပ်နှံ/လက်ခံရရှိမှုအခြေအနေ

| စဉ် | စာအိတ်အရွယ်အစား | စာအိတ်အရေအတွက် | | ငွေပေးချေခြင်း (ကျပ်) |
|---|---|---|---|---|
| | | အပ်နှံ (အိတ်) | လက်ခံရရှိ (အိတ်) | |
| ၁ | စာအိတ်အကြီး (၁၀" x ၇") | ၃,၂၀၀,၀၀၀ | ၃,၂၀၀,၀၀၀ | ၉၆,၀၀၀,၀၀၀/- |
| ၂ | စာအိတ်အသေး ( ၇" x ၅") | ၃၀,၃၀၀,၀၀၀ | ၃၀,၃၀၀,၀၀၀ | ၁၄၉,၃၅၀,၀၀၀/- |
| | စုစုပေါင်း | ၃၃,၅၀၀,၀၀၀ | ၃၃,၅၀၀,၀၀၀ | ၂၄၅,၃၅၀,၀၀၀/- |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမျိုးသားညီညွတ်ရေးကို အခြေခံ

**တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးက လွတ်လပ်ရေးကြိုးပမ်းစဉ် ကာလကဲ့သို့ပင် အမျိုးသား ညီညွတ်ရေးကို အခြေခံသည့် စုပေါင်းအင်အားဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီး အောင်မြင်ရေး၊ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး လုပ်ငန်းအဆင့်ဆင့်ကို အောင်မြင်စွာကျော်ဖြတ်ပြီး ဒီမိုကရေစီအမြစ်တွယ် ခိုင်မာရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲစွာ ဖွံ့ဖြိုး တိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွား ကြရမည် ဖြစ်ပါသည်။**

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)



ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှုခင်း။ ဓာတ်ပုံ - ထွန်းထွန်းသိန်း

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် နေပြည်တော်တပ်ကုန်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ လုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်တပ်ကုန်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ ရောက်ရှိပြီး လုပ်ငန်း ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ အစည်းအဝေးခန်းမ၌ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ကျင်းပရေးစီမံချက်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ သတင်းနှင့်အစီအစဉ်များထုတ်လုပ်မှုနှင့် ထုတ်လွှင့်မှုများ ဆောင်ရွက်နေမှု၊ နေ့ကြီး/ရက်ကြီးများအတွက် ထုတ်လွှင့်မည့် သီချင်းနှင့် အစီအစဉ်များ၊ စက်မှုပိုင်းဆိုင်ရာ စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ပြန်ကြားပေးရန်၊ ဖျော်ဖြေပေးရန်၊ ပညာပေးရန် ဆောင်ပုဒ်နှင့်အညီ လုပ်ငန်းတာဝန်များ ဆောင်ရွက်လျက်ရှိရာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် (၇၅)နှစ် ပြည့်မြောက်မည်ဖြစ်ပါကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် သတင်းအချက်အလက်များ ထုတ်လွှင့်ဖြန့်ဝေပေးမှုဖြင့် ပြည်သူနှင့် ပေါင်းကူးဆက်သွယ်နေသည့် ဌာနတစ်ခုဖြစ်ပါကြောင်း၊ သတင်းတင်ဆက်မှုများ



အပြင် ဌာနမှထုတ်လုပ်သည့် အစီအစဉ်များကို စိတ်ကူး စိတ်သန်း ကောင်းများဖြင့် ဆန်းသစ်တီထွင်ဆောင်ရွက်ကြ ရန်နှင့် နေ့ကြီး/ရက်ကြီးများအတွက် ဂုဏ်ပြုတင်ဆက်မည့် သီချင်းနှင့် အစီအစဉ်များကိုလည်း အသစ်အသစ်များ ထုတ်လုပ်ပြီး တင်ဆက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့ အသံနှင့်ရုပ်မြင်သံကြားရှိ ဓာတ်ပြားတိုက်၊ ဖလင်နှင့်တိပ် ခွေထိန်းသိမ်းရေးဌာနစိတ်နှင့် မှတ်တမ်းဌာနစိတ် (Archiving) တို့တွင် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး သည်။

၁၉၄၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်က စတင်တည်ထောင် ခဲ့သော မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် (၇၅)နှစ် ပြည့်မြောက်မည်ဖြစ်ရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ စိန်ရတုအထိမ်းအမှတ် အဖြစ် ဖျော်ဖြေရေးနှင့် မှတ်တမ်းအစီအစဉ်များကို မကြာမီ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် UNODC တို့အကြား အထောက်အကူပြုပစ္စည်းများ လွှဲပြောင်းပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၄**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် UNODC မှ တာဝန်ရှိသူများ တွေ့ဆုံ၍ မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းများ စစ်ဆေးသည့် လက်ကိုင်စက်ကိရိယာ လေးလုံးအား လွှဲပြောင်းပေးအပ်ပွဲကို နိုဝင်ဘာ ၂၆ ရက်က ရန်ကုန်မြို့၌ ပြုလုပ်ခဲ့သည်။

လှူဒါန်းရခြင်း ရည်ရွယ်ချက်မှာ တရားမဝင် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများ မြန်မာနိုင်ငံသို့ ဝင်ရောက်လာခြင်းကို တားဆီးထိန်းချုပ်နိုင်ရေးနှင့် မူးယစ်ဆေးဝါးများ စစ်ဆေးရာတွင် အကျိုးရှိရှိအသုံးပြုနိုင်ရန်အတွက် UNODC မှ လှူဒါန်းခြင်းဖြစ်ပြီး လာမည့်ရက်သတ္တပတ်အတွင်း၌လည်း မက်သ်အဖက်တမင်းနှင့် ဓာတုပစ္စည်းများစစ်ဆေးသည့် ကိရိယာများကိုလည်း ဆက်လက်လှူဒါန်းသွားမည်ဖြစ်သည်။

ထို့အပြင် ဆက်စပ်သင်တန်းများကိုလည်း ဆက်လက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး အဆိုပါ ပစ္စည်းများကို နိုင်ငံတစ်ဝန်းရှိ မူးယစ်ဆေးဝါးအဓိကသယ်ဆောင်ရာ လမ်းကြောင်းများတွင် ထားရှိ၍ စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**






○ ကျောဖုံးမှ

အစည်းအဝေးတွင် တက်ရောက်လာကြသူများက NCA ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆွေးနွေးပွဲများ ပြန်လည်ကျင်းပနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ ၊ NCA ရေးထိုးထားပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းဆဲကိစ္စရပ်များဖြစ်သည့် (၈)ကြိမ်မြောက် JICM အစည်းအဝေးနှင့် (၉)ကြိမ်မြောက် JICM အစည်းအဝေးဆုံးဖြတ်ချက်များနှင့် NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်များအား လက်တွေ့ဆက်လက်အကောင်အထည်ဖော်ရေး၊ ၂၀၂၀ အလွန်အဆင့်လိုက် ရှေ့လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများ (ဖယား-၂)နှင့် လမ်းညွှန်အခြေခံမူ သဘောတူညီချက်များအား ဆက်လက်ဆွေးနွေးညှိနှိုင်းမည့် အစီအစဉ်များ၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြင်ဆင်ရေးကိစ္စ၊ NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆက်လက်ဆွေးနွေးညှိနှိုင်းမည့် အစီအစဉ်များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် လုပ်ငန်းညှိနှိုင်းရေးအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သိရှိရသည်။

**သတင်း - မျိုးမင်းနိုင်၊ ဓာတ်ပုံ - ကိုလေး**

## စာပေမြင့်မှ လူမျိုးတင့်မည်

နှစ် (၁၀၀) ပြည့် အမျိုးသားအောင်ပွဲနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ရာပြည့် အမျိုးသားအောင်ပွဲနေ့ကို ကြိုဆိုဂုဏ်ပြုပါ၏

မောင်မိုးယံ (အမျိုးသားစာပေဆု)

၂၀၂၀ ပြည့်နှစ်သည် မြန်မာနိုင်ငံ၏ အမျိုးသားနိုင်ငံရေး သမိုင်းတွင် ကမ္ပည်းတင်မည့် နှစ် (၁၀၀)ပြည့် (ရာပြည့် သဘင်ပွဲကြီး) လေးခု ဆင်ယင်ကျင်းပမည့် နှစ်ထူး နှစ်မြတ်ကြီး ဖြစ်သည်။

မြန်မာ့ရုပ်ရှင်ရာပြည့်၊ ရန်ကုန်တက္ကသိုလ်ရာပြည့်၊ အမျိုးသားအောင်ပွဲနေ့ ရာပြည့်၊ မြို့မအမျိုးသား ကျောင်းရာပြည့်ဆိုသော နှစ် (၁၀၀) သက်တမ်းကို ပြန်လည်ပုံရိပ်ဖော်ကာ အောက်မေ့ဖွယ်အခမ်းအနားကြီး များကို စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စိုင်းပြင်း ခဲ့ကြသော်လည်း ကိုဗစ်ရောဂါဆိုးကြီးကြောင့် အခမ်း အနားများကျင်းပရန် အခက်အခဲရှိသဖြင့် တေးသီချင်း များမှတစ်ဆင့်၊ ရုပ်မြင်သံကြားအစီအစဉ်များမှတစ်ဆင့်၊ သတင်းစာ၊ ဂျာနယ်များမှတစ်ဆင့် ထုတ်လွှင့်ပြသ၊ ရေးသားဖော်ပြနေကြသည်မှာ သမိုင်းကို မှတ်ကျောက် တင်နေကြခြင်း ဖြစ်ပါသည်။

### မူလဇာတိဇာစ်မြစ်

ထိုအခမ်းအနားကြီးများအနက် အမျိုးသား အောင်ပွဲနေ့ရာပြည့်၏ မူလဇာတိဇာစ်မြစ်မှာ ကျွန်ပညာရေးစနစ်ဆိုးကြီးကို ကန့်ကွက်သပိတ်မှောက် သည့် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်နေ့ (မြန်မာ သက္ကရာဇ် ၁၂၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့) ဖြစ်ပါသည်။ အမျိုးသားနေ့ (National Day) ဖြစ်ပေါ်လာပုံသည် ရန်ကုန်တက္ကသိုလ် ဖွားမြင်လာခြင်းနှင့် ဆက်စပ်နေသည်။ ရန်ကုန်တက္ကသိုလ် ကို ဗြိတိသျှအစိုးရက ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ယခုတည်ရှိနေသော ကမာရွတ်နယ်မြေထဲ တွင် စတင်ဖွင့်လှစ်ပြီး တက္ကသိုလ်အက်ဥပဒေကို ပြဋ္ဌာန်း ခဲ့သည်။ အဆိုပါ ရန်ကုန်တက္ကသိုလ်အက်ဥပဒေသည် ကျွန်ပညာရေးကို သက်ဆိုးရှည်စေသော ဥပဒေဖြစ်သလို မြန်မာလူမျိုးတို့၏ ဘာသာသာသနာနှင့် မြန်မာတို့၏ အသိဉာဏ်ပညာ ဖွံ့ဖြိုးတိုးတက်မှုအား ဖိနှိပ်ချုပ်ချယ် သည့်စနစ်ကို အခြေခံကာ ရေးဆွဲထားသော ဥပဒေ ဖြစ်သည်။ ထိုဥပဒေကို ပြင်ဆင်ပေးရန် ယုဒသန် ကောလိပ်နှင့် ရန်ကုန်ကောလိပ်ရှိကျောင်းသားများက စတင်တောင်းဆိုခြင်းကို ဗြိတိသျှအစိုးရက ငြင်းပယ်ခဲ့ သဖြင့် သပိတ်မှောက်ရာမှ အမျိုးသားနေ့ဆိုသော အမျိုးသားပညာရေးလှုပ်ရှားမှုကြီး ဖြစ်ပေါ်လာခဲ့သည်။

အမျိုးသားပညာရေးလှုပ်ရှားမှုသည် ကျွန်စိတ်၊ ကျွန်သွေးများကို အမြစ်ကလှန်ပစ်သော အမျိုးသား စိတ်ဓာတ်ရေးရာလှုပ်ရှားမှုနှင့် အခြေအမြစ်မှ ယိုယွင်း ပျက်စီးနေသည့် ကိုလိုနီပညာရေးစနစ်ဆိုးကို အမြစ်က ဆွဲနုတ်မြေလှန်ပစ်သော အမျိုးသားပညာရေးလှုပ်ရှား မှုပင်ဖြစ်သည်။ ထိုလှုပ်ရှားမှုကြီး၏ အောင်ပွဲသည် မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူ၊ အလုပ်သမား လယ်သမား၊ သံဃာအပေါင်းမကျန် ပြည်သူတစ်ရပ်လုံး၏ ထောက်ခံအားပေးမှုကို ရရှိခဲ့ပြီး ဗြိတိသျှအစိုးရ လက်မှိုင် ချခဲ့ရသည်။

မြန်မာမျိုးချစ်တို့ တိုက်ပွဲဝင်ကာ ထူထောင်နိုင် ခဲ့သော အမျိုးသားပညာရေးကျောင်းများ ပေါ်ပေါက် လာမှု သမိုင်းအစ လှုပ်ရှားမှုမှ အမျိုးသားအောင်ပွဲနေ့ ဆိုသော သမိုင်းဝင်ပန်းချီကားကြီးတစ်ချပ် ယနေ့တိုင် စိုက်ထူနိုင်ခဲ့သည်မှာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် နှစ်(၁၀၀) တိုင်ခဲ့လေပြီ။ အမျိုးသားရေးစိတ်ဓာတ် ရှိသူတိုင်း ၏ နှလုံးသားတွင် အမျိုးသားအောင်ပွဲနေ့သည်ကား အမြဲကိန်းအောင်းလျက် ရှိနေကြပေမည်။




ရန်ကုန်ကောလိပ် စတင်ဖွင့်လှစ်ခဲ့သည့် ရန်ကုန်အစိုးရတန်းမြင့်ကျောင်း (ယခု အ.ထ.က (၁) လသာ)။

### သူ့ကျွန်ဘဝ ကျရောက်

မြန်မာနိုင်ငံသမိုင်းတွင် အာဏာလုရင်း အချင်းချင်း စစ်ခင်းခဲ့ကြသော ပဒေသရာဇ်ခေတ်၏ အမွေဆိုးက တိုင်းပြည်ပြိုကွဲဖရိုဖရဲဖြစ်ရန် လမ်းစပေါ်ပေါက်မှုကို ဗြိတိသျှ၊ ပြင်သစ်၊ ပေါ်တူဂီတို့က စောင့်ကြည့်ကာ သွေးခွဲ ခဲ့ကြသည်။ မြန်မာဘုရင်၏ အားနည်းချက်ကို ဗြိတိသျှ အစိုးရက လက်ဦးမှုယူကာ (၁၈၂၄၊ ၁၈၅၂၊ ၁၈၈၅) ခုနှစ် တို့တွင် စစ်ပွဲကြီး သုံးကြိမ်ဆင်နွှဲကာ မြန်မာတစ်နိုင်ငံလုံးကို ကျွန်အဖြစ် သိမ်းပိုက်ခဲ့သည်။ မြန်မာတို့ သူ့ကျွန်ဘဝ ကျရောက်ခဲ့ရပြီးနောက် ပညာရေး၊ စီးပွားရေး၊ နိုင်ငံရေး တို့တွင် သပေါက်ဘဝအထိ အိန္ဒိယအစိုးရ၏ တစ်ဆင့်ခံ အုပ်ချုပ်ခံဘဝကို ကျရောက်ခဲ့ရသည်မှာ သင်ခန်းစာ ယူသင့်သော သမိုင်းအလှည့်အပြောင်း ဖြစ်သည်။

ပညာမတတ်ခြင်းသည် အဆိုးဆုံးသော လူ့ဘဝ တန်ဖိုးနိမ့်ကျခြင်းဖြစ်သည်။ ယနေ့ခေတ်ကာလ ကမ္ဘာ ပေါ်တွင် အင်အားပြိုင်ဆိုင်မှုများ ကြီးမားလာသောအခါ နောက်ဆုံးအဖြေမှာ ပညာသာလွန်မှုက လွှမ်းမိုးလာခြင်း ဖြစ်သည်။ အင်အားတောင့်တင်းခိုင်မာခြင်းက အမှန်တရား ဆိုပါလျှင် ပညာအားနည်းသော၊ နည်းပညာအစွမ်းအစ၊ တီထွင်မှုအားနည်းသော နိုင်ငံတို့ နောက်ကျကျန်ခဲ့သည်မှာ အထင်အရှားပင် ဖြစ်သည်။ မြန်မာနိုင်ငံသည် ယနေ့တိုင် Education Might ကို ရဖို့ ကြိုးပမ်းနေရဆဲ ဖြစ်သည်။

### ဘာသာစကား ဆက်သွယ်ရေးသည် အရေးပါ

မြန်မာနိုင်ငံ ကျွန်ဘဝမရောက်မီက ဘုန်းတော်ကြီး ကျောင်းပညာရေးသည် အခရာဖြစ်သည်။ မိမိတို့ သားတော် များကို ဘုရင်က အဌ္ဌာရသ ၁၈ ရပ်အနက် စာတတ်ရန် ဦးစွာ ဘုန်းကြီးကျောင်းဆရာတော်များထံတွင် အပ်နှံကာ ပညာသင်ကြားစေခဲ့သည်။ ဘုန်းကြီးတို့က ဗုဒ္ဓဘာသာ အခြေခံသော ပြည်သူ့နီတိကိုယ်ကျင့်တရား၊ မင်္ဂလာတရား တော်တို့နှင့်အညီ ကျင့်ကြံနေထိုင်တတ်ရန် သင်ကြားခဲ့ပြီး ကဗျာ၊ ဂီတ၊ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုများဖြင့် မိမိတို့ မျိုးရိုးဓလေ့အစဉ်အလာများကို ဆုံးမသွန်သင်ခဲ့ကြသည်။ သို့သော် ပြည်ပနိုင်ငံသားတို့ ဝင်ရောက်လာခြင်းမှအစ သာသနာပြုဖို့၊ စီးပွားရှာဖို့ဆိုသောအကြောင်းတွင် နေရာ ထိုင်ခင်းနှင့် ကျောထောက်နောက်ခံရှိဖို့ လိုအပ်သည်။ သာသနာပြုတို့က ဘုရင်ထံခစားဝင်ကြသလို စီးပွားရေး သမားကုန်သည်များက မိဖုရားများထံ မှူးကြီးမတ်ရာမှ တစ်ဆင့် ခစားဝင်ကြသည်။ ထိုအခါ ဘာသာစကား ဆက်သွယ်ရေးသည် အရေးပါကြောင်း သိလာကြသည်။

တစ်ဦးနှင့်တစ်ဦး ဆက်ဆံရေးတွင် ဘာသာစကားတတ်မှ အဆင်ပြေနိုင်ကြောင်း သိလာသောအခါ ဘုရင်တို့က တိုင်းတစ်ပါးသို့ ပညာသင်စေလွှတ်ရန် နိုင်ငံခြားသား သာသနာပြုများကို နန်းတော်သို့ ဖိတ်ကြားကာ အင်္ဂလိပ်စာ၊ ပြင်သစ်စာစကားတို့ကို သင်ကြားစေခဲ့သည်။ ဤသို့ ဆရာတင်ရခြင်းက ပညာလိုလားမှုအစ ဖြစ်သည်။ မင်းတုန်းမင်းသည် အင်္ဂလန်မှရောက်နေသော သာသနာပြုဘုန်းကြီး (ဆရာမှတ်ကြီး)ကို မန္တလေးတွင် နေရာပေးကျောင်းဖွင့်ကာ သားတော်၊ တူတော်များကို အင်္ဂလိပ်ဘာသာစာပေစကား သင်ကြားစေခဲ့သည်။ ယင်းကျောင်းကို သံဒင်းကျောင်းဟု ယခုတိုင် အမည်တွင်လျက်ရှိသည်။

နောင်အခါ ဆရာမှတ်ကြီးသည် ဘုရင့်ထံပါး တံခါးမရှိ၊ ခေါးမရှိဝင်ခွင့်ရရာမှ ရန်ကုန်မြို့တွင် သာသနာပြု စာသင်ကျောင်းများ တစ်စတစ်စ ဖွင့်လှစ် နိုင်ခဲ့သည်။ ထိုမှတစ်ဆင့်နယ်များသို့ ပျံ့နှံ့ခဲ့သည်။ ၁၈၆၈ ခုနှစ်တွင် ဗြိတိသျှ မဟာဝန်ရှင်တော်မင်းကြီး အာသာ ဖယ်ရာသည် အခြေခံမူလတန်းမှ အလယ်တန်း၊ အထက်တန်း ပညာသင်ကြားနိုင်ရန် ပညာရေးစီမံကိန်းကို ရေးဆွဲပြီး ပညာရေးဌာန စတင်ဖွဲ့စည်းခဲ့သည်။ ၁၈၇၄ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ မဟာ ဝန်ရှင်တော်မင်းကြီး ဖယ်ရာနေထိုင်သောအိမ်ကို အစိုးရ တန်းမြင့်ကျောင်း စတင်ဖွင့်လှစ်ခဲ့သည်။ ထိုတန်းမြင့် ကျောင်းသည် ယခု စင်ထရယ်ဟုခေါ်သော အ.ထ.က(၁) လသာ ယောကျ်ားလေးကျောင်း ဖြစ်သည်။ ထိုကျောင်း ကို ၁၈၇၈ ခုနှစ်တွင် တန်းမြင့်ကျောင်းအဆင့်မှ ရန်ကုန် ကောလိပ်အဖြစ် ဖွင့်ပြီး အိန္ဒိယ ကာလကတ္တားတက္ကသိုလ် ၏ အုပ်ချုပ်မှုအောက်တွင် ထားခဲ့သည်။ ၁၈၈၃ ခုနှစ်တွင် ဘီအေဘွဲ့အထိ ပညာသင်ကြားခဲ့သည်။ သို့သော် အများစုမှာ အင်္ဂလိပ်နှင့် အိန္ဒိယနွယ်ဖွားများ၊ နိုင်ငံခြား သားများသာ တက်ကြရသည်။

### မြန်မာလူငယ်တို့က တောင်းဆိုခဲ့ကြ

၁၈၇၂ ခုနှစ်တွင် အမေရိကန်သာသနာပြုအဖွဲ့က အလုံမြို့နယ်ရှိ ကူရှင်ကျောင်းနေရာတွင် ဘက်ပတစ် ကောလိပ်ကို စတင်ဖွင့်လှစ်ခဲ့သည်။ ထိုအချိန်တွင် အောက်မြန်မာနိုင်ငံရှိ တနင်္သာရီနှင့် ရခိုင်ဒေသကို အင်္ဂလိပ်တို့က သိမ်းပိုက်ကျွန်ပြုထားပြီး ဖြစ်သည်။ ကူရှင်ကောလိပ်တွင် အများစုမှာ နိုင်ငံခြားသားများသာ ပညာသင်ကြားခွင့်ရခဲ့ကြသည်။ မြန်မာတို့မှာ သုံး၊ လေး၊ ငါးယောက်သာ တက်ခွင့်ရခဲ့သည်။ ကူရှင်ကောလိပ်ကို ၁၈၇၈ ခုနှစ်တွင် ရန်ကုန်ကောလိပ်ဟု အမည်ပြောင်းကာ အိန္ဒိယနိုင်ငံ ကာလကတ္တားတက္ကသိုလ်၏ အုပ်ချုပ်မှု အောက်တွင်ထားရှိပြီး စာမေးပွဲစစ်ခဲ့သည်။ ၁၈၉၂ ခုနှစ်တွင် ရန်ကုန်ကောလိပ်ကို သီးခြားတက္ကသိုလ်အဖြစ် ထူထောင်ရန် မြန်မာလူငယ်တို့က တောင်းဆိုခဲ့ကြသည်။ သို့သော် အင်္ဂလိပ်အစိုးရက မြန်မာလူမျိုးတို့ ပညာ မသင်ကြားနိုင်ရန်၊ စာမတတ်စေရန် ရည်ရွယ်ချက်ဖြင့် ခွင့်မပြုခဲ့ပေ။ ၁၈၉၄ ခုနှစ်တွင် ကူရှင်ရန်ကုန်ကောလိပ်၌ ဥပစာတန်း၊ ၁၉၀၉ ခုနှစ်တွင် ဘီအေတန်းများ ဖွင့်လှစ် ခဲ့သော်လည်း ကာလကတ္တားတက္ကသိုလ်မှ စစ်ဆေးသော စာမေးပွဲသာဖြစ်ပြီး မြန်မာကျောင်းသား ၁၀ ဦးတွင် တစ်ဦး၊ နှစ်ဦးသာ စာမေးပွဲ အအောင်ပေးခဲ့သည်။

စာမျက်နှာ ၇ သို့ ❂

**၁၈၇၄ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ မဟာဝန်ရှင်တော်မင်းကြီး ဖယ်ရာ နေထိုင်သောအိမ်ကို အစိုးရတန်းမြင့်ကျောင်း စတင်ဖွင့်လှစ်ခဲ့သည်။ ထိုတန်းမြင့်ကျောင်းသည် ယခု စင်ထရယ်ဟုခေါ်သော အ.ထ.က(၁)လသာ ယောကျ်ားလေးကျောင်း ဖြစ်သည်။ ထိုကျောင်းကို ၁၈၇၈ ခုနှစ်တွင် တန်းမြင့်ကျောင်းအဆင့်မှ ရန်ကုန်ကောလိပ်အဖြစ်ဖွင့်ပြီး အိန္ဒိယ ကာလကတ္တားတက္ကသိုလ်၏ အုပ်ချုပ်မှုအောက်တွင် ထားခဲ့သည်။ ၁၈၈၃ ခုနှစ်တွင် ဘီအေဘွဲ့အထိ ပညာသင်ကြားခဲ့သည်။ သို့သော် အများစုမှာ အင်္ဂလိပ်နှင့် အိန္ဒိယနွယ်ဖွားများ၊ နိုင်ငံခြားသားများသာ တက်ကြရ။**

❂ စာမျက်နှာ ၆ မှ

မြန်မာတို့ တက္ကသိုလ်ကောလိပ်ပညာရေးကို တက်ရောက်ရန် ခက်ခဲသလို အသက်မွေးဝမ်းကျောင်းပညာဖြစ်သော စက်မှုပညာသင်ကျောင်းများတွင်လည်း တက်ရောက်ရန် အခွင့်အရေးမရခဲ့ပေ။ အင်းစိန်အစိုးရစက်မှုလက်မှု သင်တန်းကျောင်းကို ၁၈၉၅ ခုနှစ်တွင် ဖွင့်လှစ်တည်ထောင်ခဲ့သည်။ ၁၉၀၇ ခုနှစ်တွင် သင်တန်းသား ၆၃ ဦးရှိရာ အင်္ဂလိပ်ကပြားကိုးယောက်၊ အိန္ဒိယနွယ်ဖွား ၄၀၊ မြန်မာ ၁၄ ဦးသာ တက်ခွင့်ရခဲ့သည်။ အဓိကရည်ရွယ်ချက်မှာ အင်္ဂလိပ်တို့၏ မီးရထားစက်ရုံ၊ သင်္ဘောကျင်းစက်ရုံ၊ သင်္ဘောလုပ်ငန်း၊ မီးရထားလုပ်ငန်းများ၊ စက်ရုံ၊ အလုပ်ရုံများတွင် အင်္ဂလိပ်နှင့် အိန္ဒိယနွယ်ဖွားများသာ အဓိက အလုပ်ခန့်ထားရန် ဖြစ်သည်။ မြန်မာတို့မှာ အင်းစိန်စက်မှုကျောင်းမှသင်တန်းဆင်းပါက အောက်ဆုံးအဆင့်တွင်သာ အလုပ်ရကြသည်။ စာပေသင်ကြားရန် ခက်ခဲသလို စက်မှုလက်မှု အတတ်ပညာတွင် သင်ကြားခွင့်ရရန် ခက်ခဲခဲ့ကြသည်။

### ဂျပ်ဆင်ကောလိပ် ဖွင့်လှစ်

၁၉၁၈ ခုနှစ်တွင် အမေရိကန်သာသနာပြုဆရာကြီး မစ္စတာဂျပ်ဆင်ဆိုသူသည် သူ၏သာသနာပြု ထောက်ပံ့ငွေဖြင့် ပြည်လမ်းတွင် ဂျပ်ဆင်ဘာသာရေးကျောင်းကို စတင်ဖွင့်လှစ်ခဲ့ပြီး ဂျပ်ဆင်ကောလိပ်ကိုပါ ဖွင့်လှစ်ခဲ့သည်။ သူတို့ဘာသာ ကိုးကွယ်သူ မြန်မာလူငယ်များကို ဦးစားပေး ကျောင်းတက်ခွင့်ပြုခဲ့သည်။ ဂျပ်ဆင်ကောလိပ်ဖွင့်လှစ်ပြီးနောက် ဗြိတိသျှအစိုးရက ၁၉၁၈ ခုနှစ် ဩဂုတ်လတွင် မြန်မာနိုင်ငံတက္ကသိုလ်ကော်မတီကို ဖွဲ့စည်းသည်။ ထိုကော်မတီသည် တက္ကသိုလ်သင်ရိုးကိစ္စများကို အဓိကထားကာ အိန္ဒိယအစိုးရ ကာလကတ္တားတက္ကသိုလ်မှ ပညာရှင် ငါးဦးနှင့် မြန်မာကိုယ်စားလှယ်အချို့ ပါဝင်ဖွဲ့စည်းခဲ့သည်။

ကာလကတ္တားတက္ကသိုလ်၏ အကြံပြုချက်အရ-

(၁) တက္ကသိုလ်သည် ကောလိပ်ကျောင်းခွဲမထားသည့် ဗဟိုတက္ကသိုလ်နှင့် ကျောင်းအိပ်ကျောင်းစား တက္ကသိုလ်ဖြစ်ရမည်။

(၂) ပညာရေးနှင့်ပတ်သက်သော ကိစ္စများကို ပညာရေးဆိုင်ရာအဖွဲ့ကသာ ကိုင်တွယ်ရမည်။

(၃) ပညာရေးနှင့် အုပ်ချုပ်ရေး ပူးပေါင်းဆက်သွယ်ဆောင်ရွက်ရမည်။

(၄) တက္ကသိုလ်၏ရေးရာများကို အစိုးရလက်အောက်တွင် သီးခြားကင်းလွတ်သော အဖွဲ့အနေဖြင့် ဆောင်ရွက်ခွင့်ရှိသည်ဟုဆိုသော အကြံပြုချက်ကို ဘုရင်ခံက လက်ခံကာ ၁၉၂၀ ပြည့်နှစ် ဇူလိုင်လတွင် ဘုရင်ခံကောင်စီအစည်းအဝေးတွင် တင်သွင်းခဲ့သည်။

ထိုဥပဒေမူကြမ်းကို မဒရပ်တက္ကသိုလ်မော်ကွန်းထိန်းဖြစ်သူ မစ္စတာဒရူးဘာရီက ရေးဆွဲခဲ့သည်။ ၁၉၂၀ ပြည့်နှစ် ဩဂုတ်လတွင် ကျင်းပသော အစိုးရအိမ်တော် ဥပဒေပြု လွှတ်တော်အစည်းအဝေးတွင် ဥပဒေမူကြမ်းကို အဆိုတင်သွင်းရာ မြန်မာအမတ်များဖြစ်သည့် ဦးချစ်ဖေ၊ ဦးမြင့်၊ ဦးလှဖေ တို့က အကျယ်တဝင့်ကန့်ကွက်ခဲ့ကြသည်။ ကန့်ကွက်ချက်မှာ တက္ကသိုလ်ကို ယူနီထရီစနစ် (Unitary System) မျိုးဖြင့်မတည်ထောင်ဘဲ ဖက်ဒရယ်စနစ်မျိုးဖြင့်သာ တည်ထောင်ရန် ဖြစ်သည်။ ဥပဒေပြုကောင်စီတွင်လည်း မြန်မာအများစု ပါဝင်ဖွဲ့စည်းရေး တောင်းဆိုခဲ့ကြသည်။

မြန်မာတို့က တက္ကသိုလ်တစ်ခု ရရှိလိုသော်လည်း ဗြိတိသျှတို့ ရေးဆွဲပေးမည့်ဥပဒေကြမ်းကို မလိုလားကြပေ။ အိန္ဒိယမှ အကြံပြုရေးဆွဲသည့် ဥပဒေမူကြမ်းပေါ်ပေါက်လာကတည်းကပင် ကန့်ကွက်ခဲ့ကြသည်။ မြန်မာနိုင်ငံကို အဆင့်အတန်းမြင့်မားသော အုပ်ချုပ်ရေးစနစ်ရရှိရေး တောင်းဆိုရန် အင်္ဂလန်တွင်ရောက်ရှိနေသော မြန်မာကိုယ်စားလှယ် ဦးဘဖေ၊ ဦးပု၊ ဦးထွန်းရှိန်တို့က အင်္ဂလိပ် မိတ်ဆွေများမှတစ်ဆင့် ဗြိတိသျှအောက်လွှတ်တော်တွင် ကန့်ကွက်ပေးရန် မေတ္တာရပ်ခံခဲ့ကြသည်။ ၁၉၂၀ ပြည့်နှစ် ဇူလိုင်လတွင် ကျင်းပသော မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေးအသင်းကြီးကလည်း တက္ကသိုလ်ဥပဒေကို ကန့်ကွက်ခဲ့ကြသည်။ သို့သော် အင်္ဂလိပ်တို့က ခွင့်မပြုဘဲ မြန်မာတို့အပေါ် ကျွန်သက်ရှည်ရေးသာ စဉ်းစားခဲ့ကြသည်။ မြန်မာတို့လိုလားသော ပညာရေးဥပဒေကြမ်း ပြုပြင်ရေးဆွဲရေးကို ခွင့်မပြုဘဲ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ရန်ကုန်ကောလိပ်



အမေရိကန်နှစ်ခြင်းသာသနာပြုအဖွဲ့က တည်ထောင်ခဲ့သည့် ကူရှင်ကျောင်း။

ဥပဒေကို အတင်းအကျပ် ပြဋ္ဌာန်းခဲ့ကြသည်။

မြန်မာနိုင်ငံသားတို့သည် တက္ကသိုလ်ကောလိပ်ပညာသင်ကြားရေးတွင် အခက်အခဲအကျပ်အတည်း ဖြစ်ရုံမက အလယ်တန်း၊ အထက်တန်းကျောင်းများ ဖွင့်လှစ်ခွင့်ရရေး၊ ပညာသင်ကြားရေးပါ နစ်နာဆုံးရှုံးခဲ့ကြသည်။ ဘုန်းတော်ကြီးပညာသင်ကြားရေးစနစ်သည် မူလတန်းအဆင့်သာရှိရာ အင်္ဂလိပ်တို့က အထက်တန်းပညာရေးဖွင့်ခွင့်မပေးသဖြင့် ကိုယ်ပိုင်အိမ်များတွင် အထက်တန်းပညာကို သင်ကြားကြပြီး တက္ကသိုလ်တက်ခွင့်ရရှိရေး ကြိုးစားခဲ့ကြသည်။ သို့သော် ကာလကတ္တားတက္ကသိုလ်၏ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲအောင်မှသာ တက်ခွင့်ရခဲ့ကြသည်။ တစ်နှစ်လျှင် သုံး၊ လေးဦးသာ ခွင့်ပြုခဲ့ကြသည်။

### သပိတ်မှောက်ရေးဆွေးနွေး

ထိုကာလတွင် တက္ကသိုလ်တက်ခွင့်ရနေသော ကျောင်းသားများအနက် ကိုဘရှင်၊ ကိုညီပိတ်၊ ကိုဖိုးကွန်း၊ ကိုဧ၊ ကိုလှတင်၊ ကိုဖေသိန်း၊ ကိုထွန်းဝင်း၊ ကိုဘရှင်(MA)၊ ကိုဘခင်၊ ကိုအောင်ဒင်၊ ကိုဘဦးတို့ ၁၁ ဦးသည် ကောလိပ်ဥပဒေကြမ်းကို ကန့်ကွက်ရန် ဆုံးဖြတ်ခဲ့ကြပြီး ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ရွှေတိဂုံဘုရားကုန်းတော်ရှိ စနေထောင့်တွင် စတင်စုဝေးခဲ့ကြသည်။ တက္ကသိုလ်အက်ဥပဒေကို သပိတ်မှောက်ရေးလျှို့ဝှက်စွာ နှစ်နာရီနီးပါး ဆွေးနွေးကြပြီးနောက် ရန်ကုန်တက္ကသိုလ်ထဲသို့ ပြန်လည်ဝင်ရောက်ခဲ့ကြသည်။ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ရန်ကုန်ကောလိပ်ရှိ ကျောင်းသားခေါင်းဆောင် ၁၁ ဦးနှင့် ယုဒသန်ကောလိပ်မှ ကိုဖိုးကျား၊ ကိုမြင့်၊ ကိုဖိုးလတ်အစရှိသော ကျောင်းသားခေါင်းဆောင်တို့ ပူးပေါင်းကြကာ ကောလိပ်ကျောင်းသား ၆၀၀ ကျော် စုဝေးပြီး သပိတ်မှောက်ရေးဆွေးနွေးခဲ့ကြသည်။

ကျောင်းသားသပိတ်အဖွဲ့က ဆွေးနွေးရာတွင် တက္ကသိုလ်အက်ဥပဒေကို ပြုပြင်ပေးရန်အတွက် သပိတ်မှောက်ကြရန် ယေဘုယျသဘောတူကြသည်။

(၁) တက္ကသိုလ်ဥပဒေကို ပြင်ဆင်ပေးရန်နှင့် ဘုရင်ခံထံ လျှောက်ထားရာ လိုက်လျောခြင်း မပြုသမျှ သပိတ်မှောက်ရန်၊

(၂) မကျေနပ်မှုများကို ထိထိရောက်ရောက် ပြသည့်အနေဖြင့် သပိတ်မှောက်ပြီးမှ လိုလားချက်တောင်းဆိုလွှာကို တင်ရန်ဟု ညှိနှိုင်းကြပါသည်။

ညှိနှိုင်းမှုတွင် သဘောထားနှစ်ရပ် ကွဲလွဲခဲ့ကြပါသည်။ မဲခွဲဆုံးဖြတ်ကြရာ သပိတ်မှောက်ပြီးမှ တောင်းဆိုလွှာကို တင်ရန်ဘက်မှ အနိုင်ရပါသည်။ ယုဒသန်ကောလိပ်မှ ကိုဖိုးကျား (နောင်တွင် ပညာဝန်)က ရှုံးသော်လည်း အနိုင်ရရှိသောအဖွဲ့နှင့်ပူးပေါင်းကာ သပိတ်မှောက်လှုပ်ရှားမှုတစ်လျှောက်လုံး အမျိုးသားပညာရေး ခရီးစဉ်တစ်လျှောက်လုံး မဖောက်မပြန် အတူလက်တွဲ တိုက်ပွဲဝင်ခဲ့ကြပါသည်။

ထိုသပိတ်မှောက်အဖွဲ့သည် အချက်သုံးချက်ကို ဆုံးဖြတ်ချက်ချမှတ်ကာ ရန်ကုန်တက္ကသိုလ်မှ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် ကျောင်းကိုစွန့်ခွာ၍ ဗဟန်းကြားတောရ ဦးအရိယဘုန်းကြီးကျောင်းတွင် စုဝေးခဲ့ကြပြီး အဖွဲ့ဝင် ၂၆ ဦးပါဝင်သော သပိတ်မှောက်ကောင်စီကို ဖွဲ့စည်းခဲ့ကြပါသည်။

သပိတ်မှောက်ကျောင်းသားများသည် -

(က) ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၇ ရက် အင်္ဂါနေ့တွင် မြန်မာနိုင်ငံ ဒုတိယဘုရင်ခံ ရန်ကုန်ကောလိပ်ကျောင်းသို့ လာရောက်ပြီး မြန်မာနိုင်ငံတွင် ရန်ကုန်တက္ကသိုလ် ဖွင့်လှစ်ကြောင်း ကြေညာသောအခါ ယုဒသန်ကောလိပ်နှင့် ရန်ကုန်ကောလိပ်မှ ကျောင်းသားများက မိမိတို့ စာအုပ်များကို ပိုက်ပြီး ရန်ကုန်တက္ကသိုလ်ကို သပိတ်မှောက်ပြီဟု အော်ဟစ်ကာ ကျောင်းမှ ထွက်လာရန်၊

(ခ) သပိတ်မှောက်ပြီးမှ ရန်ကုန်တက္ကသိုလ်အက်ဥပဒေသည် မြန်မာများ၏ အထက်တန်းပညာရေးအတွက် နစ်နာအောင်ချုပ်ချယ်သည့် ဥပဒေသများဖြစ်၍ ပြုပြင်ပေးရန်၊

(ဂ) ပြုပြင်ပေးရန် တောင်းဆိုသော အချက်များကို ပြုပြင်မပေးသမျှ ကာလပတ်လုံး ကျောင်းပြန်မတက်ရန်ဆိုသော (၃)ချက်ကို ဆုံးဖြတ်ခဲ့ကြသည်။

သပိတ်မှောက်အဖွဲ့သည် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ဆန္ဒပြရန် ရည်ရွယ်ခဲ့သော်လည်း အခြေအနေအရ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် စတင်သပိတ်မှောက်ခဲ့ကြပါသည်။ အကြမ်းမဖက်သောနည်းဖြင့် ကျယ်ပြန့်လှသော လူထုတိုက်ပွဲတစ်ရပ်ကို မြန်မာမျိုးချစ်ကျောင်းသားများ စတင်ကာ သပိတ်မှောက်ရာမှ နိုင်ငံတစ်ဝန်းရှိ ကျောင်းသားထုတစ်ရပ်လုံး၊ ပြည်သူတစ်ရပ်လုံး ပါဝင်ဆင်နွှဲခဲ့ကြပါသည်။ ဦးအရိယကျောင်း၌ပင် ဒီဇင်ဘာလ ၁၇ ရက်နေ့၌ အမျိုးသားကျောင်းများစတင်ဖွင့်လှစ်ခဲ့ကြပြီး ကျောင်းသားကြီးများက ကိုယ်ကျိုးစွန့်အနစ်နာခံကာ မိမိတို့ တတ်သိပညာများကို ဖြန့်ဝေကြပါသည်။ ကျောင်းလခမယူဘဲ၊ ကျောင်းမတက်ဘဲ အမျိုးသားပညာရေး သပိတ်တိုက်ပွဲနဲ့အတူ အမျိုးသားကျောင်း ၉၃ ကျောင်းတွင် ဆရာများဝင်လုပ်ကြရင်း အမျိုးသားပညာရေးသမိုင်းသစ်ကို ဖွင့်လှစ်နိုင်ခဲ့ကြပါသည်။

### အမြင့်ဆုံးရည်မှန်းချက်

အမျိုးသားပညာရေး၏ အမြင့်ဆုံးရည်မှန်းချက်သည် အမျိုးသားလွတ်မြောက်ရေး ဖြစ်သည်။ မျိုးချစ်ပုဂ္ဂိုလ်တို့က အင်္ဂလိပ်တို့ဖွင့်သော ကောလိပ်ကိုတက်မှ တက္ကသိုလ်ပညာသင်ကြားရသည်မဟုတ်၊ တို့အမျိုးသားကောလိပ်ကို တို့အင်အားနှင့်တို့ တည်ဆောက်မည်ဟုဆိုကာ ၁၉၂၁ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့တွင် ဗဟန်းရွှေကျင်ကျောင်းတိုက်ကြီး၌ စတင်ဖွင့်လှစ်ခဲ့ကြသည်။ အမျိုးသားကောလိပ်ဟု အမည်တပ်ပြီး ဥက္ကဋ္ဌ MA မောင်ကြီး၊ သခင်မြ၊ သခင်ကိုယ်တော်မှိုင်း၊ ဆာဦးသွင် အစရှိသော ပုဂ္ဂိုလ်တို့ ဦးဆောင်ကာ ကောလိပ်ကျောင်းသားတို့က စာပေသင်ကြားခဲ့ကြသည်။

၎င်းနောက် ၁၉၄၇ ခုနှစ်တွင် မြို့မဆရာကြီး ဦးဘလွင်က မြို့မအမျိုးသားကျောင်းကြီးကို အမျိုးသားကောလိပ်ဖွင့်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့ရာ ၁၉၄၇ ခုနှစ် စက်တင်ဘာလတွင် ဦးဖေမောင်တင်ကို ကျောင်းအုပ်ကြီးအဖြစ် ခန့်အပ်ခဲ့ကြသည်။ ဆာဦးသွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ကျောင်းအုပ်ချုပ်ရေးအဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့ကြသည်။ အမျိုးသားကောလိပ်ကို မြို့မကျောင်းသားဟောင်း ဦးနု (ဝန်ကြီးချုပ်) က ဖွင့်လှစ်ပေးခဲ့သည်။ မြို့မအမျိုးသားကျောင်းအပါအဝင် ကျောင်းပေါင်း ၉၃ ကျောင်း ပေါ်ထွန်းခဲ့သော အမျိုးသားပညာရေးတိုက်ပွဲအစ ၁၉၂၀ ပြည့်နှစ်သည် မြန်မာတို့၏ ပိတ်ထားခြင်းခံရသော ပညာရေးတံခါး ဖွင့်နိုင်ခဲ့သည်။ အညှောင့်မထွက်နိုင်အောင် ပိတ်ထားခံရသော ပညာရေးမျိုးစေ့ကို နိုင်ငံတစ်ဝန်း ကြဲချနိုင်ခဲ့ကြသည်။ **ထို့ကြောင့် ဂျီစီဘီအေအသင်းကြီးက ၁၉၂၀၊ ၁၉၃၆၊ ၁၉၃၈၊ ကျောင်းသားသပိတ်၊ ၁၃၀၀ ပြည့်အရေးတော်ပုံတို့အနက် ၁၉၂၀ ဒီဇင်ဘာလ ၅ ရက်နေ့ ကျောင်းသားသပိတ်သည် အမျိုးသားရေးအသွင်ကိုဆောင်သော လှုပ်ရှားမှုဖြစ်သဖြင့် ဗြိတိသျှကို တော်လှန်သောနေ့အဖြစ် အမျိုးသားနေ့ဟု သတ်မှတ်ခဲ့ကြပါသည်။**

အမျိုးသားပညာရေးတိုက်ပွဲသည် လွတ်လပ်ရေးတိုက်ပွဲဖြစ်သည်။ ကျွန်စနစ်ကို တော်လှန်သော တိုက်ပွဲဖြစ်သည်။ ၁၉၂၀ သပိတ်မှသည် ၁၉၃၆၊ ၁၉၃၈ ခုနှစ် ဗိုလ်ချုပ်အောင်ဆန်းတို့လည်း ကျွန်ပညာရေးကို တော်လှန်ကာ ဆန့်ကျင်ရေး လှုပ်ရှားဆင်နွှဲခဲ့ကြသည်။ ကျွန်ပညာရေး သပိတ်တိုက်ပွဲများသည် လွတ်လပ်ရေးအတွက် အရေးပါလှပေသည်။

**“ဗမာပြည်ကိုချစ်ပါ ဗမာစာကိုချီးမြှင့်ပါ၊ ဗမာစကားကို လေးစားပါ”** ဆိုသော လှုံ့ဆော် ကြွေးကြော်မှုများက **“သခင်မျိုးဟေ့ ဒို့ဗမာ”** ဆိုသော အမျိုးသားရေးစိတ်ဓာတ်ကို လှုံ့ဆော်ခဲ့ကြသည်။ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်နေ့မှစခဲ့သော ကျွန်ပညာရေးတိုက်ပွဲသည် အမျိုးသားအောင်ပွဲနေ့အဖြစ် ကမ္ဘာတည်သရွေ့ မြန်မာတို့မမေ့သင့်သော လွတ်လပ်ရေးကြိုးပမ်းမှုဖြစ်ကြောင်း သတိချပ်သင့်ပါသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရန် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သလို မိမိတို့၏ အကျိုးစီးပွားကို စွန့်လွှတ်ပြီး အမျိုးသားပညာရေးတိုက်ပွဲ ဆင်နွှဲရင်း ကျွန်ဘဝလွတ်မြောက်ရေး ကြိုးပမ်းခဲ့ကြသည်။ ယနေ့ကာလသည် တိုင်းတစ်ပါးသား မလိုမုန်းထားသူများ၏ ရန်စွယ်၊ ရန်စ ဖိအားများ ဝန်းရံနေချိန်တွင် လွတ်လပ်ရေး အခွန့်ရှည်ရေး၊ အမျိုးကိုထိလျှင် မချိအောင်နာကြဖို့အရေး အားလုံးညီညီညွတ်ညွတ် စည်းစည်းလုံးလုံးဖြင့် မြန်မာ့အမျိုးသားစိတ်ဓာတ်ကိုပြကြဖို့ တိုက်တွန်းရင်း ရာပြည့်အမျိုးသားအောင်ပွဲနေ့ကို ကြိုဆိုဂုဏ်ပြုလိုက်ရပါသည်။ ။



## စာရေးသူ၏ ကိုယ်ရေးအကျဉ်း

| | |
|---|---|
| အမည်ရင်း | - ဦးမျိုးသန့် |
| မိဘ | - ဦးတင်အေး (ခရိုင်လဝကမှူး) |
| မွေးဖွားရာဇာတိ | - ကျိုင်းတုံ |
| ပညာသင်ကြားခဲ့သောကျောင်း | - အထက(၄)တောင်ငူ<br>အထက(၂)ဒဂုံ (မြို့မ)<br>ပုသိမ်ကောလိပ်မှ<br>ကပ်ပါးဗေဒ (Parasitology)<br>ဘွဲ့ရရှိ (၁၉၇၈) |
| စာပေဆု | - စာပေဗိမာန် စာပေဆု (၂) ဆု<br>- ပခုက္ကူ ဦးအုန်းဖေ စာပေဆု<br>- အမျိုးသားစာပေဆု<br>- မြဝတီဝတ္ထုရှည်အကောင်းဆုံးဆု |
| တာဝန်ထမ်းဆောင်ခဲ့သောဌာနများ | - မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၊(ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးဌာန၊ အထူးအရာရှိ) ဒေါပုံသင်္ဘောကျင်းစက်ရုံမှူး၊<br>- လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| လက်ရှိတာဝန် | - မြို့မအမျိုးသားကျောင်း ရာပြည့်သဘင်ကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ<br>- မြို့မရာပြည့်သဘင်မဂ္ဂဇင်းတာဝန်ခံအယ်ဒီတာ |
| ကလောင်ခွဲ | - မောင်မာန်ရှိုး၊ တေးရေး-မိုးယံထိုက် |

# ၂၀၁၉ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရှင်များ၏ ရင်တွင်းစကားသံများ

—o (သီသီမင်း) o—

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံး ကြိုးစားအားထုတ်ရေးသားပြုစုခဲ့သည့် စာရေးဆရာကြီးများ၏ ဆောင်ရွက်ချက်များကို အသိအမှတ်ပြုသောအားဖြင့် စာပေပညာရှင်ကြီးများထဲမှ အမျိုးသားစာပေ တစ်သက်တာဆုရှင်များကို နှစ်စဉ်ရွေးချယ် ဂုဏ်ပြုချီးမြှင့်ခဲ့ရာ ၂၀၁၉ ခုနှစ်၏ အမျိုးသားစာပေတစ်သက်တာဆုရှင်များအဖြစ် ရွေးချယ်ခံရသည့် စာရေးဆရာကြီး ဦးအုံ့မောင်(အုံ့မောင်)၊ စာပေပညာရှင် ဆရာကြီး ဦးညွန့်မောင် ( မောင်မောင်ညွန့်၊ မန်းတက္ကသိုလ်)တို့အား ဆက်သွယ်မေးမြန်းခဲ့ပါသည်။

**ဆရာကြီးဦးအုံ့မောင်(အုံ့မောင်)**
**( အမျိုးသားစာပေတစ်သက်တာဆုရှင်)**

အခုလို အမျိုးသားစာပေဆု တစ်သက်တာဆုကို ချီးမြှင့်ခံရတယ်လို့ ကြားရတဲ့အတွက် အလွန်ဝမ်းသာပါတယ်။ ကျွန်တော်တို့ တိုင်းပြည်မှာရှိတဲ့ စာပေချစ်ခင်သူများက လေးလေးနက်နက် ကြိုးကြိုးစားစား လေ့လာရေးသားကြပြီး တိုင်းပြည်နဲ့ ပြည်သူတွေရဲ့အကျိုးကို တိုးတက်အောင် ဆောင်ရွက်နိုင်ပါစေလို့ ဆုတောင်းပါတယ်။ ကျွန်တော်က ကိုယ့်ကိုယ်ကိုယ် စာရေးကောင်းတယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့ပါဘူး၊ ဒါပေမယ့် ရေးစရာအကြောင်းလေးတွေရှိလာလို့ ငယ်ငယ်ကတည်းက ဆောင်းပါးတွေ ရေးခဲ့ပါတယ်။ ကဗျာတွေလည်းရေးဖွဲ့ခဲ့ပါတယ်။ အခုအချိန်မှာ စာပေကို ပုံနှိပ်မီဒီယာပေါ်မှာ ဖော်ပြရေးသားနိုင်ဖို့ တော်တော်လေး ခက်ခဲပါတယ်။ လူမှုကွန်ရက်စာမျက်နှာပေါ်မှာ တင်ပေးပြီးတော့ စာပေအသက် ဆက်နေရပါတယ်။ နောက်တစ်ခုက သတင်းစာတွေမှာ ပြင်ပကကျော်ကြားတဲ့ ပုဂ္ဂိုလ်တွေ တော်တော်များများရဲ့ စာတွေ၊ စာရေးဆရာကြီးများရဲ့ ဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတွေ ထည့်သွင်းတာဖော်ပြတာ မတွေ့ရသလောက်ပါပဲ။ ဖော်ပြစေချင်ပါတယ်။ ဒါလေးလဲပြောချင်ပါတယ်။ ကျွန်တော်အခုစာပေဆိုတဲ့ ကဗျာတိုလေးရေးထားပါတယ်။ စာပေရော၊ ပေစာရော တယ်လီဖုန်းစာရော တိုးတက်ကြပါစေ။

**စာရေးဆရာကြီးဦးအုံ့မောင်၏ ကိုယ်ရေးအကျဉ်း**

အမည်ရင်းမှာ ဦးအုံ့မောင်ဖြစ်သည်။ ၁၂၉၄ ခုနှစ် နတ်တော်လဆန်း (၇) ရက် (၄- ၁၂- ၁၉၃၂) မုံရွာ အရှေ့တောင် လေးမိုင်အကွာ လယ်ဇင်ရွာ ကုန်သည် ဦးငွေနှင့် ဒေါ်သတို့မှ မွေးဖွားခဲ့သည်။

လယ်ဇင်ရွာ မိုဃ်းသာဘုန်းတော်ကြီးကျောင်း (၁၉၃၇- ၁၉၄၅)၊ မုံရွာမြို့ အထက(၁)တွင် (၁၉၄၅- ၁၉၄၉)၊ မန္တလေးတက္ကသိုလ်တွင်(၁၉၄၉- ၁၉၅၁)၊ ရန်ကုန်တက္ကသိုလ် (၁၉၅၁- ၁၉၆၁) တို့တွင် ပညာသင်ကြားခဲ့ပြီး ၁၉၅၃ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့၊ ၁၉၅၇ ခုနှစ်တွင် ဥပဒေဝိဇ္ဇာဘွဲ့ (ဘီအယ်လ်)၊ ၁၉၆၁ ခုနှစ်တွင် သတင်းစာဒီပလိုမာ D-J (ပထမအဆင့်)၊ ၁၉၅၆ ခုနှစ်တွင် ယဉ်ကျေးမှုဝန်ကြီးဌာနဘွဲ့ရ စာကြည့်တိုက်ပညာ(ပထမအဆင့်)နှင့် ဥပစာတန်းတွင် တစ်နိုင်ငံလုံး မြန်မာစာပထမရ၍ သာဒိုးအောင်ဆုရခဲ့သည်။



ဆရာကြီးဦးအုံ့မောင်(အုံ့မောင်)
( အမျိုးသားစာပေတစ်သက်တာဆုရှင်)

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ၁၉၅၃ နှင့် အင်္ဂလိပ်စာဌာန (၁၉၅၈- ၅၉) တို့တွင် နည်းပြဆရာ၊ မော်ကွန်းသတင်းမဂ္ဂဇင်း အယ်ဒီတာချုပ်(၁၉၆၁-၆၂)၊ ဆင်ဟွာသတင်းဌာနဘာသာပြန်(၁၉၅၉- ၁၉၆၇)၊ ပြင်ပကျောင်းဆရာ၊ ဆန်ပွဲရုံ၊ ရှေ့နေစသည့် အလုပ်များကို လုပ်ကိုင်ခဲ့သည်။

ထို့ပြင် အောက်တိုဘာကျောင်း တစ်လပိတ်ရေးဖြင့် အင်းစိန်ထောင်(၁၉၅၃-၅၅)၊ တရုတ်အရေးအခင်းဖြစ်ချိန်တွင် ဗမာပြည်ကွန်မြူနစ်ပါတီပဲခူးရိုးမ (၁၉၆၇- ၁၉၆၉)၊ မုံရွာခရိုင် ကျောင်းသားသမဂ္ဂအမှုဆောင်( ၁၉၄၈- ၄၉)၊ ရန်ကုန်တက္ကသိုလ် သမိုင်းအသင်းဒုဥက္ကဋ္ဌ၊ ချင်းတွင်းကျောင်းသားအသင်းအတွင်းရေးမှူး( ၁၉၅၁- ၅၃)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်နှင့် ရန်ကုန်ခရိုင် ကျောင်းသားသမဂ္ဂအမှုဆောင် (၁၉၅၁-၅၃)၊ စစ်ကိုင်းကျောင်းဆောင် သဟာရနှင့် စာဖတ်အသင်းအတွင်းရေးမှူး၊ ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက် (မြန်မာနိုင်ငံ) အမြဲတမ်းကော်မတီအတွင်းရေးမှူးအဖွဲ့ဝင် (၁၉၆၂-၇၂)၊ ရန်ကုန်ခရိုင် ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့အမှုဆောင် (၁၉၆၀-၆၄)၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဈာပနကော်မတီ အတွင်းရေးမှူးအဖွဲ့ဝင်(၁၉၆၄)၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဂုဏ်ရည်ထိန်းသိမ်းရေး နှင့် ငြိမ်းချမ်းရေးကွန်ရက်နာယက(၂၀၁၀)၊ ဒဂုန်တာရာဂုဏ်ရည်ကော်မတီ ဥက္ကဋ္ဌ(၂၀၁၃- ၂၀၁၉)၊ ရန်ကုန်တက္ကသိုလ် မော်ခ်စ်ဝါဒလေ့လာရေးအသင်းအမှုဆောင်(၁၉၅၁- ၅၃)၊ မြန်မာနိုင်ငံ စာရေးဆရာသမဂ္ဂနာယက၊ မြန်မာနိုင်ငံကဗျာဆရာသမဂ္ဂနာယက၊ ရန်ကုန်မြို့ချင်းတွင်းအသင်းနာယက၊ မုံရွာခရိုင် ဆရာကြီး သခင်ကိုယ်တော်မှိုင်း ငြိမ်းချမ်းရေးကွန်ရက်နာယက၊ မုံရွာခရိုင် လက်ပံတောင်းတောင်ကယ်တင်ရေး ကော်မတီနာယက စသည်ဖြင့် အဖွဲ့အစည်းအသီးသီးတွင် ပါဝင်လှုပ်ရှားခဲ့သူဖြစ်သည်။

ရေးသူမကလေး - အန်းဒါးဆင်း ပုံဝတ္ထုဖြင့် အမျိုးသားစာပေဆု (၁၉၇၄)၊စိန်ပွင့်၊ မြပွင့်၊ ပတ္တမြားပွင့် ကဗျာစာအုပ်ဖြင့် တော်ဘုရားကလေးစာပေဆု (၂၀၀၉)တို့ကို ရရှိခဲ့ကာ ခရီးသွားဆောင်းပါးများ၊ ကဗျာ၊ ဆောင်းပါး၊ မြန်မာနိုင်ငံသတင်းစာသမိုင်း၊ ဘာသာပြန်စာပေ၊ သုတ၊ ရသစာပေများကို ရေးသားခဲ့သည်။

ဆရာကြီးသည် လက်ရှိတွင် မုံရွာမြို့၌ နေထိုင်လျက်ရှိပြီး ဝါသနာပါရာ စာပေရေးသားခြင်းနှင့်အတူ တေးသီချင်းများကို ရေးသားလျက်ရှိသည်။



ဆရာကြီးဦးညွန့်မောင်(မောင်မောင်ညွန့်၊ မန်းတက္ကသိုလ်)
( အမျိုးသားစာပေတစ်သက်တာဆုရှင်)

**ဆရာကြီးဦးညွန့်မောင် (မောင်မောင်ညွန့်၊ မန်းတက္ကသိုလ်)**
**( အမျိုးသားစာပေတစ်သက်တာဆုရှင်)**

အရင်ကပခုက္ကူဦးအုံးဖေ စာပေဆု လေးနှစ်လောက် ဆက်တိုက်ရဖူးတယ်။ စာပေဗိမာန် စာမူဆုလည်းရဖူးတယ်။ အမျိုးသားစာပေဆုကတော့ မမှန်းရဲခဲ့ပါဘူး၊ မမှန်းရဲဘဲရတာဆိုတော့ ဝမ်းသာတာပေါ့၊ အသက် ၉၁ နှစ်ရှိပြီ။ အရင်က တက္ကသိုလ်များဗဟိုစာကြည့်တိုက်မှာ၊ အဲဒီကအငြိမ်းစားယူပြီးတော့ သမိုင်းသုတေသနမှာလုပ်တယ်။ ရွှေတိဂုံပိဋကတ်တိုက်မှာလုပ်သေးတယ်။ အဲဒီနောက်ပိုင်း ဘယ်မှမလုပ်တော့ဘူး။ ဆရာက ရန်ကုန်ရောက်တာ ၁၉၇၀ ပြည့်နှစ်က ရောက်တာ။ အစက မန္တလေးမှာနေတာ။ မန္တလေးမှာနေစဉ် သင်္ကန်းဝတ်နဲ့ပဲရေးခဲ့တာ။ လုပ်သားပြည်သူ့ နေ့စဉ်သတင်းစာမှာ ဆောင်းပါးတစ်ပုဒ်ပါလာတယ်၊ "အမှန်ဖြစ်စေချင်သောဖြင့် နှစ်လုံး" အဲဒါကလုပ်သားပြည်သူ့နေ့စဉ် သတင်းစာမှာ ပါလာတယ်။ အဲဒီကနေမှစပြီး တဖြည်းဖြည်းစာတွေရေးလာတာပါ။ မြန်မာစာပေအကြောင်း၊ ပိဋကတ်စာပေအကြောင်း၊ စာအုပ်စာပေအကြောင်းတွေ ရေးတာများပါတယ်။ လူငယ်တွေအနေနဲ့ စာဖတ်ဝါသနာပါဖို့၊ စာရေးဆရာကြီးတွေ၊ စာပေပညာရှင်ကြီးတွေကို ချဉ်းကပ်ကြဖို့ပေါ့။ သူတို့ဆီက ဩဝါဒစကားတွေ ကြားနိုင်တာပေါ့၊ စာဖတ်တယ်ဆိုတာ နိုင်ငံရေးရော၊ ကမ္ဘာ့စာပေရေးရော၊ စာစုံဖတ်ဖို့လိုပါတယ်။

စာပေဖတ်တဲ့လူနဲ့ မဖတ်တဲ့လူက ကွာပါတယ်၊ အကြောင်းအရာတစ်ခုကို ပြောတဲ့အခါမှာပဲဖြစ်ဖြစ်၊ ဆွေးနွေးတဲ့အခါမှာဖြစ်ဖြစ် စာဖတ်တဲ့သူနဲ့ မဖတ်တဲ့သူက သိသိသာသာကိုကွာတယ်၊ စာဖတ်တဲ့သူက ဝေဖန်နိုင်တယ် ထောက်ပြနိုင်တယ် ဒါကြောင့် ဗဟုသုတတိုးအောင် စာဖတ်ပါလို့ တိုက်တွန်းချင်ပါတယ်။

**စာပေပညာရှင် ဦးညွန့်မောင်(မောင်မောင်ညွန့်၊ မန်းတက္ကသိုလ်)၏ ကိုယ်ရေးအကျဉ်း**

အမည်ရင်းမှာ ဦးညွန့်မောင်ဖြစ်ပြီး ၁၉၂၉ ခုနှစ်တွင် အဖဦးပိုး၊ အမိဒေါ်ဂေါက်တို့မှ တောင်သာမြို့နယ် နွားတဲရွာ၌ မွေးဖွားခဲ့သည်။ နွားတဲရွာဘုန်းတော်ကြီးကျောင်း၊ ဇဂျမ်းရွာအလယ်တန်းကျောင်း၊ တောင်သာအထက်တန်းကျောင်းတို့တွင် ပညာသင်ယူခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် မန္တလေးမြို့ လှသိပ္ပံအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် မန္တလေးတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့(မြန်မာစာ)ရရှိခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ စာကြည့်တိုက်ပညာ ဘွဲ့လွန်ဒီပလိုမာရရှိခဲ့သည်။

၁၉၇၁ ခုနှစ်မှစ၍ တက္ကသိုလ်များဗဟိုစာကြည့်တိုက်တွင် တာဝန်ထမ်းဆောင်ခဲ့ရာ ၁၉၉၂ ခုနှစ်တွင် စာကြည့်တိုက်မှူး- ၂ အဆင့်ဖြင့် အငြိမ်းစားယူခဲ့သည်။ ထို့ပြင် တက္ကသိုလ်များ သမိုင်းသုတေသနဦးစီးဌာနတွင် အကြံပေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၅ ခုနှစ်မှစ၍ ယနေ့အထိရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ပညာဒီပလိုမာသင်တန်း၌ ဗုဒ္ဓကျမ်းစာနှင့် ပေ၊ ပုရပိုက်ဘာသာရပ်တို့ကို သင်ကြားပို့ချလျက်ရှိသည်။

၁၉၈၆ ခုနှစ်မှစ၍ ပညာရပ်ဆောင်းပါးများနှင့် စာပေဆိုင်ရာဆောင်းပါးများစွာ ရေးသားခဲ့သည်။ ၁၉၉၈ ခုနှစ်မှစ၍ ပခုက္ကူ ဦးအုံးဖေစာပေဆုပြိုင်ပွဲတွင် မြန်မာတို့၏ အမျိုးသားယဉ်ကျေးမှုအမွေ ပေစာပုရပိုက်၊ မန်ကျည်းစေ့ ကမ္ဗဝါ ပန်းအက္ခရာ၊ ရှေးခေတ် မြန်မာစာပေဆိုင်ရာကျမ်းများ လေ့လာမှု၊ မြန်မာနိုင်ငံပါဠိနှင့် ပိဋကတ်စာပေသမိုင်းသစ်စသည်တို့ဖြင့် စာပေဆုလေးနှစ်ဆက်တိုက်ရရှိခဲ့ပြီး မြင်းခြံမြို့ ဆရာကြီးဦးနေ့နှင့် တိမ်မြုပ်နေသော သူ့စာပေများဖြင့် ထွန်းဖောင်ဒေးရှင်းမှ ချီးမြှင့်သည့် စာပေဆုကို ရရှိခဲ့သည်။ ယခုအခါ ရန်ကုန်မြို့တွင် စာပေများ ရေးသားရင်း နေထိုင်လျက်ရှိသည်။

## ၂၀၁၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများ ထုတ်ပြန်ကြေညာ

**နေပြည်တော် ဒီဇင်ဘာ ၄**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ကြီးမှူးကျင်းပသည့် ၂၀၁၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဆုရရှိသော စာမူများနှင့် စာရေးဆရာများ၏ အမည်စာရင်းကို စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့က ယနေ့ ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်ဆုတွင် ပထမဆုကို နွေကံ့ကော်(မြို့လှ)၏ မော်စကိုမှာ ဝေတဲ့နှင်း၊ ဒုတိယဆုကို မောင်အင်း(ဥက္ကံ)၏ သဲရေစစ်၊ တတိယဆုကို သဥ္ဇာလှိုင်(လားရှိုး)၏ နေထိပန်းနွမ်းသော်လည်း စာမူများက လည်းကောင်း၊ ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို နန္ဒာခင် (သက္ကလမြေ)၏ အဖေ့ခြံနှင့် အခြားရသ ဝတ္ထုတိုပေါင်းချုပ်၊ ဒုတိယဆုကို သက်သက်နွယ်၏ လမင်းစန္ဒာလင်းပါစေနှင့် အခြားဝတ္ထုတိုများ၊ တတိယဆုကို သောင်းမြင့်ဦး (ကွမ်းခြံကုန်း)၏ နားဝင်ပီယံခလောက်သံနှင့် အခြားဝတ္ထုတိုများ စာမူများကလည်းကောင်း၊ ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို ယဉ်ယဉ်(မင်းကန်)၏ မနွမ်းပန်းခင်း ကဗျာများ၊ ဒုတိယဆုကို ချစ်စုအောင်၏ မုဒိတာရင်ခွင်ကဗျာများ စာမူများကလည်းကောင်း၊ သုတပဒေသာ (ဝိဇ္ဇာ)ဆုတွင် ပထမဆုကို ရဲမင်းထက် (မြန်မာစာ)၏ ဇာတကနောက်ခံရခိုင်သာခြင်းများ၏ အပြောက်အမွမ်း၊ ဒုတိယဆုကို လှိုင်းနန္ဒာ (တမာမြေ)၏ မိုင်းပွန်အာဇာနည် စစ်တမ်းရာပုံတော် စာမူများကလည်းကောင်း၊ သုတပဒေသာ (ရိုးရိုးသိပ္ပံနှင့် အသုံးချသိပ္ပံ) ဆုတွင် ပထမဆုကို ဒေါက်တာဆုမွန်လွင်၏ ကြောင်ချစ်သူများ သိမှတ်ဖွယ်ရာ ဗဟုသုတ အဖြာဖြာ၊ ဒုတိယဆုကို မောင်အောင်၏ နို့နှင့်နို့ထွက်ပစ္စည်း လက်တွေ့ထုတ်လုပ်နည်းများ စာမူများက လည်းကောင်း၊ စာပဒေသာဆုတွင် ပထမဆုကို ဦးရဲခွေး၏ ရုပ်သေးသဘင်သုံး ဇာတ်စာဇာတ်စကားများ၊ ဒုတိယဆုကို ကိုညိုကြီး၏ မြောက်ကျောင်းသားကြီး ခရီးဝင်္ကပါ၊ တတိယဆုကို တင့်ထွန်း(ချောက်)၏ အကြီးတော်ချုပ် စာမူများကလည်းကောင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆုတွင် ပထမဆုကို လွင်မြန်မာ (မန်းတက္ကသိုလ်)၏ မြန်မာ့ရွှေချည်ထိုး၊ ဒုတိယဆုကို မိုးမြင့်ဝင်း(မဟာဝိဇ္ဇာ)၏ မဟာဂီတတွင် ဖွဲ့ဆိုခဲ့သော မင်းခမ်းတော်များ၊ တတိယဆုကို မင်းဗေဒါ (ပွင့်ဖြူ)၏ စာရွက်ပေါ်မှာ ရုပ်ရှင်ရိုက်ခြင်း (ရုပ်ရှင်ဇာတ်ညွှန်း အနုပညာလေ့လာချက်) စာမူများကလည်းကောင်း၊ ကလေးစာပေဆုတွင် ပထမဆုကို ကန့်ဘလူခင်မောင်ဆွေ၏ စက္ကူကျားနှင့် ရွှံ့ရုပ်နွား ကလေးကဗျာများ၊ ဒုတိယဆုကို ကိုထွန်းရင် (အဏ္ဏဝါ)၏ စက္ကူလှေကလေးလွှတ်ကြမယ် ကလေးကဗျာများ၊ တတိယဆုကို ထက်ဝေအောင် (စစ်ကိုင်း)၏ ပန်းတိုင်းပွင့်ခွင့်ရှိပါသည်နှင့် အခြားကလေးဝတ္ထုတိုများ စာမူများကလည်းကောင်း၊ လူငယ်စာပေဆုတွင် ပထမဆုကို ရန်ကုန်ငွေဇော်၏ အသက်ရှည်ပါ ရေ၊ ဒုတိယဆုကို အေပရယ်ယုနိုင် (ရွှေတောင်)၏ မမဆိုသော သမီးကြီး၊ တတိယဆုကို ကိုရွှေရင်အေး၏ ရွာကြီးတစ်ရွာသို့အလည်တစ်ခေါက် စာမူများကလည်းကောင်း၊ နိုင်ငံရေးစာပေဆုတွင် ဒုတိယဆုကို ဖွဲ့သန်းသျှင်း (သုံးဆယ်)၏ ကချင်ပြည်နယ်တိုင်းရင်းသားများ၏ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း စာမူကလည်းကောင်း၊ ပြဇာတ်စာပေဆုတွင် ဒုတိယဆုကို မောင်မြေနီ (တမာတော)၏ တစ်နေ့နေ့ထဲက တစ်နေ့၊ တတိယဆုကို ရွှေရင်းမာ၏ ပျူသွေး စာမူများကလည်းကောင်း၊ ဘာသာပြန်စာပေ(သုတ)ဆုတွင် ပထမဆုကို ဒီပံလင်း၏ နောက်ဆုံးကျန်သော ရေတစ်စက် - ရေနိုင်ငံရေး စာမူကလည်းကောင်း၊ ဘာသာပြန်စာပေ(ရသ)ဆုတွင် ပထမဆုကို ဇော်ဦးငြိမ်း၏ ဗွီအက်(စ်)နိုင်ပေါလ်၊ စိတ်ကူးရောင်စုံဝတ္ထုတိုများစုစည်းမှု စာမူကလည်းကောင်းရရှိကြသည်။

စာပေဗိမာန်စာမူဆုများကို ပထမဆု ဆယ်သိန်း၊ ဒုတိယဆု ခုနစ်သိန်း၊ တတိယဆု ငါးသိန်း ချီးမြှင့်သွားမည် ဖြစ်ကြောင်း သိရသည်။

စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လောကမှ အတွေ့အကြုံရှိသူများ ပါဝင်သော ပုဂ္ဂိုလ် ၂၇ ဦးဖြင့် ဖွဲ့စည်းထားပြီး ၂၀၁၉ ခုနှစ်အတွက် ပြိုင်ပွဲသို့ တင်သွင်းလာသော စာမူ ၂၈၇ စောင်ကို သက်ဆိုင်ရာ ဘာသာရပ်အလိုက်ခွဲခြားပြီး ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူသော အဆင့်သုံးဆင့်ဖြင့် စနစ်တကျ စိစစ်ရွေးချယ်ခဲ့ကြသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ် (၅၂၉၊ ၅၃၁)၊ ကုန်သည်လမ်း၊ စာပေဗိမာန်ရှိ စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီ တယ်လီဖုန်း အမှတ် ၀၁- ၃၈၁၄၄၉ သို့ အမြန်ဆုံး ဆက်သွယ်ကြရန်နှင့် (၅ x ၈) လက်မ ရောင်စုံဓာတ်ပုံနှစ်ပုံနှင့် ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံနှစ်ပုံစီကို ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်နှင့်အတူ (ကြေညာသည့်ရက်မှ တစ်ပတ်အတွင်း) ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါထိန်းချုပ်သည့် ကာလဖြစ်သဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ၂၀၁၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ချီးမြှင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်ပြီး အခမ်းအနားကျင်းပမည့်ရက်နှင့်နေရာကို ထပ်မံအသိပေးကြေညာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ၂၀၁၉ ခုနှစ်အတွက် အမျိုးသားစာပေဆုရှင်များ၏ စကားသံများ

တွေ့ဆုံမေးမြန်း
မြင့်မောင်ကျော်၊ အေးမင်းသူ

အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၁၉ ခုနှစ်အတွင်း ပထမအကြိမ် ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခံရသော စာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို ယနေ့ထုတ်ပြန်ကြေညာရာ စာပေဆုရ စာရေးဆရာတချို့နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။



ဆရာ မိုးကျော်ဇင်



ဆရာမ နတ်မောက်အနီချို



ဆရာ ဒေါက်တာလှကြည်



ဆရာ ဒေါက်တာဇော်နိုင်

**ဆရာ မိုးကျော်ဇင်**
**၂၀၁၉ ခုနှစ်အမျိုးသားစာပေဆု(ဝတ္ထုရှည်)**
**စာအုပ်အမည်–ငါးဖမ်းသမား**

"စင်ကာပူ ငါးဖမ်းသင်္ဘောအချို့မှာ အလုပ်လုပ်နေကြတဲ့ မြန်မာသင်္ဘောသား အချို့ရဲ့ ကြုံတွေ့ရတဲ့ အဖြစ်အပျက်တွေကိုရေးထားတာဖြစ်ပါတယ်။ မြန်မာသင်္ဘောသားအားလုံးအတွက်တော့ မဆိုလိုပါဘူး။ ကံဆိုးမိုးမှောင်ကျခဲ့ရတဲ့ မြန်မာသင်္ဘောသားတွေအကြောင်းပါ။

ဇာတ်လမ်းကတော့ မြန်မာသင်္ဘောသားအေးဂျင့်က တစ်မျိုးပြောလိုက်တယ်။ ဟိုမှာလစာဘယ်လိုကောင်းတာ၊ ဘယ်လိုအဆင်ပြေတာ စတဲ့မက်လုံးတွေ ပေးလိုက်တယ်။ သူတို့ပေးတဲ့မက်လုံးတွေအတိုင်း မျှော်လင့်ချက်တွေတစ်ခွဲသားနဲ့ ထွက်သွားကြတယ်။ တကယ်တမ်းရင်ဆိုင်ကြရတဲ့အခါကျတော့ ငါးဖမ်းသင်္ဘောကို တစ်ခါမှမလိုက်ခဲ့ရဘူး။ တကယ်ရင်ဆိုင်ကြုံတွေ့ရတာကတခြားစီဖြစ်နေတယ်။ သူတို့ကို ငွေဝယ်ကျွန်ဆန်ဆန်ဆက်ဆံကြတယ်။ ကျွန်တော်တင်ပြချင်တဲ့အချက်က မြန်မာသင်္ဘောသားတွေက အခက်အခဲမျိုးစုံနဲ့ကြုံတွေ့ရတယ်။ ရုန်းကန်ကြရတယ်ဆိုတာကို စာဖတ်ပရိသတ်ဆီပို့ပေးချင်တာပါ။

အမျိုးသားစာပေဆုဆိုတာကတော့ ဟိုးအရင်ကတည်းကကြားဖူးနေတာပါ။ ဒါပေမယ့် ဒီဆုကိုရလိမ့်မယ်လို့ မမျှော်လင့်မိပါဘူး။ ရရကောင်းစေရယ်လို့ မျှော်လင့်ချက်နဲ့ ရေးခဲ့တာလည်းမဟုတ်ပါဘူး။ ယခုအချိန်မှာတော့ ကျွန်တော်နဲ့ ကျွန်တော့်မိသားစုတွေအားလုံးက အလွန်ကိုဝမ်းသာမဆုံးဖြစ်ရပါတယ်။ ဆုနှင့် ပတ်သက်သူအားလုံးကိုလည်းကျေးဇူးတင်ရှိပါတယ်။

ဆရာမိုးကျော်ဇင်သည် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကညွတ်ကွင်းမြို့၌ ၁၉၈၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် အဖ ဦးကျော်မြင့်၊ မိခင် ဒေါ်ဝိုင်းတို့က မွေးဖွားခဲ့ကြောင်း၊ ၁၉၉၉ ခုနှစ်တွင် အထက(၁)ကညွတ်ကွင်းမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ပြီး ၂၀၀၈ တွင် နိုင်ငံခြားသင်္ဘောသားအဖြစ် စတင်အသက်မွေးခဲ့ကြောင်း၊ ရန်ကုန်မြစ်၏တစ်နေရာ မဂ္ဂဇင်းဝတ္ထုတိုများ (၂၀၁၇)၊ အခန်းနံပါတ် ၆ (၂၀၁၈)၊ အိုအင်းဝ အက်ဆေးအချို့နှင့် ဆောင်းပါးအနည်းငယ် (၂၀၁၈)၊ ငါးဖမ်းသမား (၂၀၁၉)၊ ချက်ကော့ရဲ့သေနတ်က ဝတ္ထုတိုများ (၂၀၁၉)၊ လက်ဖက်ရည်ဆိုင်ထဲက အိမ် (၂၀၂၀) တို့ကို ရေးသားထုတ်ဝေခဲ့ကြောင်း၊ ယခုအခါ ကညွတ်ကွင်းမြို့၌ မိသားစုနှင့်အတူ နေထိုင်လျက်ရှိကြောင်းသိရသည်။

**ဆရာမ နတ်မောက်အနီချို**
**၂၀၁၉ ခုနှစ်အမျိုးသားစာပေဆု(ဝတ္ထုတို)**
**စာအုပ်အမည်–လမ်းဆုံးတော့ရွာ မဂ္ဂဇင်းဝတ္ထုရှည်များ**

"အရင်တုန်းက ရှုမဝတို့၊လုံမလေးတို့ မဂ္ဂဇင်းတွေမှာပါခဲ့ပါတယ်။ ဝတ္ထုရှည်တွေကို စုစည်းပြီးတော့ထုတ်ဝေထားတာပါ။ ခေါင်းစဉ်ပေးထားတဲ့ "လမ်းဆုံးတော့ရွာ" ဆိုတဲ့စာမူကတော့ နတ်မောက်ဗိုလ်ချုပ်နှစ် ၁၀၀ ပြည့် စာစောင်မှာ ရေးခဲ့တဲ့ စာမူဖြစ်ပါတယ်ရှင့်။ စုစုပေါင်း ၁၃ ပုဒ်ပါပါတယ်။ အဲဒီမှာတော့ ခေတ်အဆက်ဆက်ပေါ့နော်။ ၁၉၇၀ ကျော် ၈၀ ကာလမှာရေးခဲ့တဲ့ဝတ္ထုတွေပါ။ ပြောမယ်ဆိုရင်တော့ ခေတ်နောက်ကျတယ်လို့ ပြောရမှာပါ။ ဒါပေမယ့်လည်း စာအုပ်အဖြစ်ထုတ်လိုက်တဲ့အခါကျတော့ လူတွေက သဘောကျတယ်။ တော်တော်လေး အားရစရာကောင်းတဲ့စာအုပ်တစ်အုပ်ဖြစ်သွားပါတယ်။

၁၉၆၂ ခုနှစ်ကစပြီး စာရေးပါတယ်။ ဘာသာပြန်နဲ့ပင်ကိုရေး စုစုပေါင်း ၁၂ အုပ်လောက်ရှိပါတယ်။ ဘာသာပြန်ထဲက ကိုယ့်ကိုယ်ကိုယ်ကိုး တိုး၍သာဝင် (LEAN IN) စာအုပ်နဲ့ ၂၀၁၄ ခုနှစ်မှာ အမျိုးသားစာပေ၊ ဘာသာပြန်စာပေဆုရခဲ့ပါတယ်။

**စာမျက်နှာ ၁၀ သို့** ❑






























**❂ ၂၀၁၉ ခုနှစ်မှ**
မြန်မာ့နိုင်ငံခြားဆက်ဆံရေးများစာအုပ် (Quality Publishing House)၊ ရသစာတမ်း(အက်ဆေး)ဆုတွင် မောင်ခိုင်လတ်ရေးသားသည့် ဘုရားသခင်နဲ့ ကြွေအန်ကစားသူများ အက်ဆေးစုစည်းမှု စာအုပ်(ဝန်ချတောင်စာပေ) တို့ကို ရွေးချယ်ကြောင်း သိရသည်။

အမျိုးသားစာပေ တစ်သက်တာဆုကို တစ်ဦးလျှင် ငွေကျပ်သိန်း ၅၀ ချီးမြှင့်မည်ဖြစ်ပြီး အမျိုးသား စာပေဆုများကို တစ်ဆုလျှင် ငွေကျပ် ၂၅ သိန်း ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများ ပါဝင်သောပုဂ္ဂိုလ် ၅၄ ဦးဖြင့် ဖွဲ့စည်းထားပြီး သက်ဆိုင်ရာဘာသာရပ်အလိုက် ခွဲခြားကာ ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူသော အဆင့်သုံးဆင့်ဖြင့် စနစ်တကျ စိစစ်ရွေးချယ်ခဲ့ကြကြောင်း သိရသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ စာပေဗိမာန်ရှိ စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီ တယ်လီဖုန်းအမှတ် ၀၁-၃၈၇၇၂၄ နှင့် ၀၁-၃၈၁၄၄၉ သို့ အမြန်ဆုံး ဆက်သွယ်ကြရန်နှင့် (၅ x ၈) လက်မ ရောင်စုံဓာတ်ပုံနှစ်ပုံနှင့် ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံနှစ်ပုံစီကို ကိုယ်ရေးရာဇဝင် အကျဉ်းချုပ်နှင့်တကွ (ကြေညာသည့်ရက်မှ တစ်ပတ်အတွင်း) ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

အဆိုပါ ဆုများကို ၁၃၈၂ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက် (စာဆိုတော်နေ့)၊ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၅ ရက် (အင်္ဂါနေ့) တွင် ရန်ကုန်မြို့၌ ကျင်းပပြုလုပ်မည့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့အစည်းအဝေးသို့ တက်ရောက်



**နေပြည်တော် ဒီဇင်ဘာ ၄**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့၏ အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့အစည်းအဝေး (၁/၂၀၂၀)ကို ယနေ့မွန်းလွဲ ၁နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စုဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။

**လုပ်ငန်းမဏ္ဍိုင်လေးရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိ**

အစည်းအဝေးတွင် အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မိမိတို့ဝန်ကြီးဌာနအနေဖြင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာစံနှုန်းများအပေါ် အခြေခံပြီး ကိုဗစ်-၁၉ အကျပ်အတည်းကို တုံ့ပြန်နိုင်ရေးနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် အလုပ်အကိုင်ကဏ္ဍ ပြန်လည်နိုးထလာစေရေး ဆောင်ရွက်ပေးရန်၊ အလုပ်ဌာနများအား အလုပ်အကိုင်နှင့် ဝင်ငွေရရှိမှုများအတွက် ထောက်ပံ့ပေးရန်၊ လုပ်ငန်းခွင်များတွင် အလုပ်သမားများကို အကာအကွယ်ပေးရန်၊ ဖြေရှင်းဆောင်ရွက်ရမည့် နည်းလမ်းများအတွက် လူမှုရေးဆိုင်ရာ ဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်ပေးရန် စသည့် အဓိကလုပ်ငန်းမဏ္ဍိုင် လေးရပ်ကို နိုင်ငံတော်အစိုးရနှင့် မိမိတို့ဝန်ကြီးဌာနတို့မှ အလေးထား အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

လူမှုဖူလုံရေးအဖွဲ့သည် အလုပ်ရှင်နှင့် အလုပ်သမားများ အားကိုးအားထားပြုရသည့် ဌာနတစ်ခုဖြစ်စေရေး မျှော်မှန်းပြီး နိုင်ငံတကာ၏ လူမှုဖူလုံရေးအဖွဲ့များကဲ့သို့ ဆောင်ရွက်နိုင်ရန် လိုအပ်သည့်ပြုပြင်ပြောင်းလဲမှု လေးရပ်ဖြစ်သည့် သတင်းအချက်အလက်နှင့်နည်းပညာကဏ္ဍ ပြုပြင်ပြောင်းလဲခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုကဏ္ဍ ပြုပြင်ပြောင်းလဲခြင်း၊ စီမံခန့်ခွဲရေးကဏ္ဍ ပြုပြင်ပြောင်းလဲခြင်းနှင့် ဥပဒေရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲခြင်းတို့ကို ILO အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းလျက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အကျိုးခံစားခွင့်များပေးအပ်ရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရေး၊ အာမခံအလုပ်သမားများ စိုက်ထုတ်ကုန်ငွေလျော့နည်းစေရေးတို့အတွက် လုပ်ငန်းစဉ်များကို လေ့လာဆန်းစစ်၍ ဖြေလျှော့ပေးမှုများ ဆောင်ရွက်လျက်ရှိပြီး အကျိုးခံစားခွင့်များကိုလည်း Online Payment ဖြင့် ခွင့်ပြုထုတ်ပေးနိုင်ရေးအတွက် Wave Money ငွေကြေးဝန်ဆောင်မှုစနစ်ဖြင့် စမ်းသပ်လုပ်ဆောင်ပေးနေပြီဖြစ်ပါကြောင်း၊ ထည့်ဝင်ကြေးအား Online Payment ဖြင့် ဆောင်ရွက်ပေးနိုင်ရေးကို စမ်းသပ်လုပ်ဆောင်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အပြင် ကိုဗစ်-၁၉ အကျပ်အတည်းကာလအတွင်း စီမံကိန်း အကျုံးဝင်သည့် စက်ရုံ၊ အလုပ်ရုံများမှ အလုပ်ရှင်နှင့် အလုပ်သမားများအတွက် ဖြေလျှော့ပေးမှုများအနေဖြင့် ထည့်ဝင်ကြေးပေးသွင်းသည့်ကာလကို သုံးလ နောက်ဆုတ်ပေးသွင်းခွင့်ပြုခြင်း၊ အလုပ်လက်မဲ့ဖြစ်ပွားနေစဉ်အတွင်း မကျန်းမာမှုငွေကြေးအကျိုးခံစားခွင့်၊ ဆေးဖိုးနှင့် ခရီးစရိတ်များကို ခြောက်လမှ တသ်နှစ်အထိ တိုးမြှင့်ခံစားခွင့်ပြုခြင်း၊ ကိုယ်ဝန်ဆောင် အာမခံအလုပ်သမားများအပြင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွား ကူးစက်ခံရသူနှင့် Quarantine ဝင်ရသည့် အာမခံအလုပ်သမားများကို ဥပဒေနှင့်အညီ မကျန်းမာမှု ဆေးသက်သေခံလက်မှတ် (ဆ-၁) များ ထုတ်ပေး၍ ငွေကြေးအကျိုးခံစားခွင့် ၆၀ ရာခိုင်နှုန်း ခွင့်ပြုပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့အပြင် PUI လူနာများအတွက် ရန်ကုန်၊ မန္တလေး၊ ထန်းတပင် အလုပ်သမားဆေးရုံကြီးများတွင် ICU ခန်း နှစ်ခန်းနှင့် လူနာ ၁၈ ဦးဆံ့ Isolation Room တစ်ခန်းစီ ပြင်ဆင်ထားရှိပြီး မန္တလေးအလုပ်သမားဆေးရုံကြီးတွင် ကိုဗစ်-၁၉ Positive လူနာ ၁၀၀ ထားရှိကုသနိုင်ရန် ကုသဆောင် လေးဆောင်တို့ကို လိုအပ်သည်များ ပြင်ဆင်မွမ်းမံ၍ ကုသပေးလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကာလအတွင်း ဆေးကုသမှုပေးနေသည့် လူနာများအပါအဝင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အတွင်းလူနာ ၅၅၁၇ ဦးနှင့် ပြင်ပလူနာ ၁၀၈၇၇၆၄ ဦးတို့ကို ဆေးကုသမှုပေးနိုင်ခဲ့ပါကြောင်း၊ ကိုဗစ်ကာလအတွင်း PUI လူနာများကို နှာခေါင်းနှင့် အာခေါင်တို့ဖတ်ယူခြင်းနှင့် လိုအပ်သော ဓာတ်ခွဲစမ်းသပ်မှုများပြုလုပ်ပေးပြီး Positive လူနာများအား MOHS မှ သတ်မှတ်ထားသည့် ဆေးရုံများသို့ လွှဲပြောင်းပေးခြင်းတို့ဆောင်ရွက်ခဲ့ပြီး နိုဝင်ဘာ ၁၄ ရက်မှစ၍ မန္တလေးအလုပ်သမားဆေးရုံကြီးတွင် အာမခံအလုပ်သမားမဟုတ်သည့် COVID-19 Positive လူနာများကိုပါ လက်ခံကုသပေးလျက်ရှိပါကြောင်း။

**ငွေကျပ်သန်း ၁၉၇၉၁ ဒသမ ၁၇၈ ကို ခွင့်ပြုထုတ်ပေး**

ကိုဗစ်-၁၉ ပထမလှိုင်းကာလဖြစ်သည့် မေ ၁၃ ရက်မှ နိုဝင်ဘာ ၁၆ ရက်အတွင်း လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ထောက်ပံ့ပေးမှုများအနေဖြင့် ယာယီပိတ်ထားခဲ့သော စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနပေါင်း ၆၇၅၀ မှ အလုပ်သမားပေါင်း ၈၀၄၅၈၅ ဦးတို့အတွက် ငွေကျပ်သန်း ၁၉၇၉၁ ဒသမ ၁၇၈ ကို ခွင့်ပြုထုတ်ပေးခဲ့ပြီး ကျန်ရှိနေသည့်ဌာနများမှ အာမခံအလုပ်သမားများကိုလည်း ဆက်လက်ခွင့်ပြုထုတ်ပေးနိုင်ရေး စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အပြင် ကိုဗစ်-၁၉ ဒုတိယလှိုင်းကာလအတွင်း Stay at Home အစီအစဉ်၌ အကျုံးဝင်သည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများရှိ အလုပ်သမား ၉၇၉၁၀၉ ဦးတို့အတွက် ဒုတိယအကြိမ် လူမှုဖူလုံရေးထောက်ပံ့ငွေ ၄၀ ရာခိုင်နှုန်း ခွင့်ပြုပေးနိုင်ရန် ငွေကျပ်သန်းပေါင်း ၆၇၇၉၂ ဒသမ ၅၆၃ ကို လျာထားဆောင်ရွက်လျက်ရှိပြီး စက်တင်ဘာ ၂၄ ရက်မှစ၍ Online Web portal နှင့် မြို့နယ်ရုံးခွဲများမှတစ်ဆင့် ပေးပို့လျှောက်ထားလာမှုများကို လက်ခံဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာ ၃၀ ရက်အထိ လျှောက်ထားမှုပြည့်စုံသည့် အလုပ်ဌာန ၅၇၈၀ မှ အာမခံအလုပ်သမား ၆၇၄၀၀၁ ဦးအတွက် ငွေကျပ်သန်းပေါင်း ၄၂၄၈၆ ဒသမ ၂၄၆ ကို စိစစ်ခွင့်ပြုထုတ်ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေးကို တက်ရောက်လာကြသည့် အဖွဲ့ဝင်ကိုယ်စားလှယ်တော်ကြီးများအနေနှင့် လူမှုဖူလုံရေးအဖွဲ့၏ ရှေ့ဆက်သွားမည့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများအပေါ် လိုအပ်သည့်လမ်းညွှန်ချက်များ၊ မူဝါဒများ ချမှတ်နိုင်ရေး အပြုသဘောဆောင်သည့် တိုက်တွန်းအကြံပြုဆွေးနွေးမှုများကို ကြိုဆိုပါကြောင်းနှင့် အဖွဲ့ကတင်ပြမည့် လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်ပြီး နိုင်ငံတော်၊ အလုပ်ရှင်၊ အလုပ်သမားများ၏ အကျိုးကိုရှေးရှု၍ ဝိုင်းဝန်းအဖြေရှာဆွေးနွေးညှိနှိုင်းကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အေးက ယခင် (၁/၂၀၁၉)အစည်းအဝေးဆုံးဖြတ်ချက်များအပေါ်အကောင်အထည်ဖော်ပြီးစီးမှု၊ လူမှုဖူလုံရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ရှေ့လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြသည်။

**ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်းများဆောင်ရွက်**

ယင်းနောက် လူမှုဖူလုံရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်များက သက်ဆိုင်ရာဌာနခွဲများ၏ လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြခြင်း၊ အစည်းအဝေး တက်ရောက်လာသူများက အထွေထွေဆွေးနွေးခြင်းတို့ဆောင်ရွက်ကာ လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ပြန်လည်အတည်ပြုခဲ့ပြီး အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။ ယနေ့ ကျင်းပခဲ့သည့် အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ အစည်းအဝေး (၁/၂၀၂၀) တွင် မှတ်တမ်းတင်ရန် အမှာစာ စောင်ရေ ၃၇ စောင်နှင့် ဆုံးဖြတ်ရန်အချက် ငါးချက်တို့အား သဘောတူအတည်ပြုခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်းများဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးသို့ အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ဝင် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

❑ စာမျက်နှာ ၉ မှ

ကျွန်မတို့အသက်အရွယ်က ၇၀ ကျော်တန်းတွေဆိုပေမယ့်လည်း စာပေတွေကတော့ ရေးနေဆဲပါ။ စာပေတို့၊ ဂီတတို့၊ အနုပညာ၊ ရုပ်ရှင် အဲဒါတွေအားလုံးကပဲ ခေတ်ရဲ့တိုက်စားမှုဒဏ်ကို ခံနိုင်တဲ့ရတနာတွေဖြစ်နေပြန်တော့ ဘယ်လိုပဲဖြစ်ဖြစ် ဖန်တီးတဲ့သူတွေကလည်း နှလုံးသားနဲ့ဖန်တီးတယ်။ ခံစားတဲ့သူတွေကလည်း နှလုံးသားနဲ့ခံစားတယ်ဆိုရင် ခေတ်အဆက်ဆက်ရှိနေဦးမယ့် အရာတွေပဲလို့ မျှော်လင့်ပြီးတော့ လူငယ်တွေကိုလည်း သရုပ်မှန်တဲ့စာပေတွေ ရေးနိုင်အောင်ကြိုးစားကြပါ။ ဘဝထဲကအကြောင်းအရာတွေ ရေးနိုင်ကြပါစေလို့ တိုက်တွန်းချင်ပါတယ်။

စာရေးဆရာမကြီးနတ်မောက်အနီချိုသည် စာရေးဆရာကြီးနတ်မောက်ဘုန်းကျော်၏သမီးဖြစ်ပြီး မကွေးတိုင်းဒေသကြီး အမျိုးသမီးပညာအုပ် (အိမ်တွင်းမှုသိပ္ပံ)၌ လည်းကောင်း၊ အထက (၁) ရန်ကင်း၊ အထက (၂) တာမွေ၊ အထက (၆) စစ်တွေတို့၌လည်း အထက်တန်းပြဆရာမအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး NGO အဖွဲ့အစည်းတစ်ခုဖြစ်သော AFXB ၌လည်း တာဝန်ထမ်းဆောင်ခဲ့ကြောင်း သိရသည်။

**ဒေါက်တာလှကြည်(အာဟာရဆရာဝန်ကြီး)**
**စာမူအမည်-ကင်ဆာရောဂါနှင့်မြန်မာ့အစားအစာ**
**ဘာသာရပ်-သုတ(သိပ္ပံ)**

ဝမ်းသာတာပေါ့ဗျာ၊ အမျိုးသားစာပေဆုဆိုတာ မြန်မာနိုင်ငံမှာ အဆင့်မြင့်တဲ့စာပေဆုဆိုတော့ ပထမဆုံးအကြိမ်ရတာလည်းဖြစ်တဲ့အတွက် အလွန်ဝမ်းသာမိပါတယ်။ ကျန်းမာရေးနဲ့ပတ်သက်တဲ့ စာအုပ်ပေါင်းအုပ် ၂၀ ကျော် ရေးသားဖူးပါတယ်။ ၂၀၁၇ မှာ ထွန်းဖောင်ဒေးရှင်း စာပေဆုရဖူးတယ်။ ဆီးချိုသွေးချိုနဲ့ မြန်မာ့ဓလေ့အစားအစာဆိုပြီးတော့ ရဖူးတယ်။ အခုကတော့ ကင်ဆာရောဂါနဲ့ မြန်မာ့အစားအစာပေါ့။ စာရေးခြင်းကနေ ပိုက်ဆံရဖို့ စီးပွားဖြစ်ဖို့ ရည်ရွယ်ချက်မရှိပါဘူး။

ဝမ်းသာတာက ဒီစာအုပ်ထဲမှာ ကျွန်တော်ပြောချင်တာတွေ အများကြီးပြောလိုက်ရတယ်။ အစားအသောက်ကြောင့် ကင်ဆာဖြစ်တာကို လူတွေကပေါ့သေးသေးလေး မှတ်နေကြတယ်။ တကယ်တမ်း အစားအသောက်ကြောင့်ဖြစ်တဲ့ ကင်ဆာက ဆေးလိပ်ကြောင့်ဖြစ်တဲ့ အဆုတ်ကင်ဆာတွေ ဘာတွေပြီးရင် သူကအများဆုံးပဲ။ လူတွေကို သိစေချင်တယ်။ ကျွန်တော်တို့ဆီမှာ အရောင်ဆိုးဆေးတွေ၊ အဝတ်အထည်ဆိုးဆေးတွေကို အစားအသောက်ထဲမှာ ထည့်တာတို့၊ ယမ်းစိမ်းတွေနဲ့ အသားတွေကို နီအောင်လုပ်တာတို့၊ ငါး၊ ပဲပြားတွေကို ဖော်မလင်စိမ်တယ်။ ဒါတွေက အလွန်အန္တရာယ်များတယ်။ မီးတက်နေတဲ့ ငရုတ်သီးတွေကို အမှုန့်လုပ်တာ မှိုတက်တဲ့အစားအစာတွေကြောင့် ကင်ဆာဖြစ်ပြီး အသက်သေဆုံးကြတယ်။ ဒါတွေကို သိစေချင်တယ်။

အလေးအနက် ပြောချင်တာတစ်ခုက အစားအသောက်တွေကို ကြာကြာခံအောင် ဖော်မလင်နဲ့လုပ်တဲ့သူတွေ သူတို့ကိုယ်တိုင်ကတော့ အဲဒီအစားအသောက်တွေကို မစားဘူး။ သူတို့မစိမ်တဲ့ဟာ စားကြတယ်။ ရောင်းပဲရောင်းကြတာ၊ အဲဒီလိုလုပ်ရင် သူတို့ကိုယ်သူတို့ လွတ်ပြီလို့ ထင်နေတာမဟုတ်ဘူးခင်ဗျ။ ဖော်မလင်က အငွေ့ပြန်တယ်။ အဲဒီအငွေ့က ကင်ဆာဖြစ်တယ်။ နှာခေါင်းနောက်ကလည်ချောင်း၊ လည်ချောင်းကို နှစ်ပိုင်းခွဲလိုက်ရင် နှာခေါင်းနောက်က အပိုင်းရယ်၊ ပါးစပ်ပေါက်နောက်ကအပိုင်းရယ်။ ကင်ဆာက နှာခေါင်းနောက်ကအပိုင်းမှာ ဖြစ်တယ်။ အနံ့ခံရုံနဲ့ ကင်ဆာဖြစ်တယ်။ ဖော်မလင်စိမ်ရောင်းတဲ့သူတွေဟာ သူတို့ကင်ဆာမဖြစ်ဘူး။ ဝယ်စားတဲ့သူတွေပဲ ကင်ဆာဖြစ်မယ်ထင်တယ်။ တကယ်တော့ အငွေ့ရှူနေရတဲ့အတွက် သူတို့လည်းဖြစ်တယ်။ နှာခေါင်းစည်းတပ်ဖို့ကလည်း အခုကိုဗစ်မှာတောင် ဒီလောက်ကြေညာနေတာ တပ်ကြတာ မဟုတ်ဘူး။ အဲဒါလေးတွေကို လူတွေသိသွားစေချင်တယ်။ အဲဒါတွေကို ရှောင်နိုင်ရင် အများကြီးကာကွယ်နိုင်မယ်။

အများဆုံးဖြစ်နေတာ အသည်းကင်ဆာ။ မှိုတက်တွေ မြေပဲဆီမှိုတက်သလို နှမ်းလဲမှိုတက်တာပဲ၊ မှိုတက်နေတဲ့ပြောင်းဖူးဆီစားလည်း ကင်ဆာဖြစ်တာပဲ။ အခုက လူတွေက ပြောင်းဆီ၊ နှမ်းဆီတွေ ပြောင်းပြီးစားကြတယ်။ မြေပဲဆီ မစားကြဘူး။ သူတို့လည်း မှိုတက်ရင် ကင်ဆာဖြစ်နိုင်တာပဲ။ အဲဒါတွေကို ကျွန်တော် စာအုပ်ထဲမှာရေးထားတယ်။ အခြေခံလူတန်းစား လူအများကို သိစေချင်တယ်။ ပညာရှင်တွေကတော့ သိတာပေါ့။ ဒီစာအုပ်လေးက ဘာပဲဖြစ်ဖြစ် ဒီလိုဆုလေး ရသွားတော့ လူတွေအနေနဲ့ စာအုပ်ကို ပိုပြီးအာရုံထားမိတာပေါ့။ ဖတ်မိရင် သူတို့အကျိုးခံစားခွင့်ရလိမ့်မယ်။ အဲဒီလိုမျှော်လင့်ပြီးတော့ ဆုရတဲ့အပေါ် ဝမ်းသာတာပါ။

**ဒေါက်တာဇော်နိုင်**
**စာမူအမည်-၂၀ ရာစု မြန်မာကဗျာများ ပြောင်းလဲဖြစ်တည်လာပုံ**
**ဘာသာရပ်-သုတ(ဝိဇ္ဇာ)**

အခုလိုဆုရရှိတာ မြန်မာစာပေနယ်ပယ်မှာ ကဗျာကဏ္ဍအတွက် နိုင်တဲ့ဘက်က တာဝန်တစ်ခု ထမ်းဆောင်လိုက်ရတယ်လို့ ကိုယ့်ကိုယ်ကိုယ် ပီတိဖြစ်မိပါတယ်။ စာပေထဲမှာ ကဗျာက အညွန့်အဖူးဖြစ်တော့ ကဗျာအညွန့်အဖူးလေးတွေ ဆက်လက်ပြီးတော့ သမိုင်းတစ်လျှောက်မှာဖြစ်စေ၊ လူ့အဖွဲ့အစည်းမှာဖြစ်စေ ခေတ်နဲ့အညီ ဖွံ့ဖြိုးစည်ပင်လာတာလေးတွေကို ကျွန်တော်လိုချင်ပါတယ်။ အဲဒီလိုစည်ပင်လာတဲ့ အနေအထားမျိုးလေး ဖြစ်လာအောင်လည်း ကဗျာဆရာတွေက ဝိုင်းဝန်းကြိုးပမ်းဖန်တီးနေတယ်လို့ ယုံကြည်ပါတယ်။

ကျွန်တော်က ၂၀ ရာစု မြန်မာကဗျာများ ပြောင်းလဲဖြစ်တည်လာပုံရှုထောင့်က လေ့လာတာဆိုတော့ အခုက ၂၁ ရာစုဦးပိုင်းရောက်နေပြီလေ။ ဒီကာလမှာလည်း ကျွန်တော်တို့မြန်မာကဗျာလောကမှာ သူ့ခေတ်သူ့အခါအလျောက် ခေတ်မီမီနဲ့ သူ့အယူဝါဒကာလအခြေအနေပေါ်မူတည်ပြီးတော့ ဖြစ်ထွန်းနေဆဲပဲ။ အဲဒီလိုဖြစ်ထွန်းနေတာကို ပညာရှင်တွေက ဆက်လက်ပြီး ဘာတွေ၊ ဘာလို၊ ဘာကြောင့် ဖြစ်ထွန်းလာတယ်ဆိုတာကို အတတ်ပညာရှုထောင့်ကနေပြီးတော့ လေ့လာကြလိမ့်ဦးမယ်လို့ ယူဆပါတယ်။ ကျွန်တော်လည်း လေ့လာနိုင်သမျှ ၂၀ ရာစု မြန်မာကဗျာများ ပြောင်းလဲဖြစ်တည်လာပုံကို လေ့လာခွင့်ရပြီးတော့ အခုလို နိုင်ငံတော်က အမျိုးသားစာပေဆုအဖြစ် ချီးမြှင့်တဲ့အခါကျတော့ ဝမ်းသာပီတိဖြစ်မိပါတယ်။

အဲဒီလိုဖြစ်မိတဲ့အတွက် ကျွန်တော့်ကိုသင်ပေးတဲ့ ဆရာ၊ ဆရာမတွေ၊ မိဘဆရာသမားနဲ့ အခြေခံပညာကနေ တက္ကသိုလ်ပညာအထိ ဆရာ၊ ဆရာမတွေ၊ ကဗျာဆရာတွေ၊ စာပေပညာရှင်တွေ အားလုံးကိုလည်း လေးစားပါတယ်။ အသိအမှတ်ပြုပါတယ်။ နိုင်ငံတော်က အခုလို ချီးမြှင့်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒီလိုချီးမြှင့်လိုက်တဲ့အတွက် ကျွန်တော်ရှေ့ဆက် စာပေနဲ့ဆောင်ရွက်မယ့်အားတွေလည်း ပိုပြီးပြည့်လာတယ်လို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မိပါတယ်။

၂၀ ရာစု နှစ် ၁၀၀ အတွင်း မြန်မာကဗျာကြီး ဘယ်လိုအကြောင်းတရားတွေနဲ့ ဖြစ်ပေါ်လာသလဲ၊ ပြောင်းလဲလာသလဲဆိုတာကို စိတ်ဝင်စားပါတယ်။ စိတ်ဝင်စားတဲ့အတွက် အမြဲတမ်း ဘာတွေပြောင်းလဲလာသလဲ၊ ဘယ်လိုပြောင်းလဲလာသလဲ၊ ဘာကြောင့် ပြောင်းလဲလာသလဲ အဓိကအချက်သုံးချက်နဲ့ စဉ်းစားပြီးတော့ အမြဲတမ်း အချက်အလက်လေးတွေ စုစည်းမိပါတယ်။ စုစည်းပြီး စာတမ်းလေးရေးပြီး ဖတ်တာရှိတယ်။ ဆောင်းပါးရေးဖြစ်တာ ရှိပါတယ်။ ရေးပြီးတော့ ဒါကို စာအုပ်တစ်အုပ်၊ ကျမ်းတစ်ခုအဖြစ်လုပ်လိုက်ရင် ဘာပဲပြောပြော စာပေနယ်ပယ်တစ်ခုမှာတော့ အုတ်တစ်ချပ်သဲတစ်ပွင့် ဖြစ်မှာပဲလို့ ယုံကြည်ပြီးတော့ ၂၀ ရာစု သမိုင်းတစ်ခုကို လုပ်ဖြစ်တာပါ။

ကဗျာနဲ့ပတ်သက်ပြီး လူငယ်တွေ စာပေရဲ့အညွန့်အဖူးလို့ ပြောလို့ရတဲ့ ကဗျာဖန်တီးမှု၊ ကဗျာအာရုံ၊ ကဗျာအတွေးနဲ့ပတ်သက်ပြီး ခေတ်နဲ့လျော်ညီတဲ့ ရှင်သန်မှုမျိုးနဲ့ စိတ်ဝင်တစား ရှိနေစေချင်ပါတယ်။

# အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၂၁-၂၀၃၀)ရေးဆွဲရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၄**

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၂၁-၂၀၃၀) ရေးဆွဲရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ တိုင်းဒေသကြီး/ပြည်နယ်များမှ လူမှုရေးဝန်ကြီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးများ၊ ခရိုင်/မြို့နယ် ပညာရေးမှူးများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။



**ဦးတည်ဆောင်ရွက်နေ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁)အရ ပညာရေးပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မည်သည့်ခွဲခြားမှုမျှမရှိရေး၊ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိရေး၊ ကျောင်းထွက်သူမရှိရေး၊ သင်ယူခွင့်မဆုံးရှုံးရေးတို့ကို အခြေခံ၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောင်းသားကျောင်းသူလူငယ်များအားလုံး လူသားကောင်းများဖြစ်လာစေရန်၊ ပူးပေါင်းဆောင်ရွက်တတ်သူများဖြစ်လာစေရန်၊ တာဝန်ယူ တာဝန်ခံဆောင်ရွက်တတ်သူများဖြစ်လာစေရန်၊ ဆန်းသစ်တီထွင်ဖန်တီးနိုင်စွမ်းရှိသူများ ဖြစ်လာစေရန် စသည့် မျှော်မှန်းရလဒ်များဖြင့် ၂၁ ရာစု ပညာရေးအရည်အသွေးများ ပြည့်ဝစေရေး ဦးတည်ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရာတွင် ဘဏ္ဍာရေး ရင်းနှီးမြှုပ်နှံမှုများ ပိုမိုမြှင့်တင်ဆောင်ရွက်ပေးခြင်း၊ ဆရာ ဆရာမနှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များ ပိုမိုမြှင့်တင်ရန် ဆောင်ရွက်ပေးခြင်း၊ နည်းပညာနှင့် အခြေခံအဆောက်အအုံများ ပိုမိုဖြည့်ဆည်း ဆောင်ရွက်ပေးခြင်း၊ တိုင်းရင်းသားဒေသများကို ပိုမိုဦးစားပေး ဆောင်ရွက်ပေးခြင်းတို့ကြောင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် သင်ယူပြီးမြောက်မှုများ ပိုများလာသလို နည်းပညာနှင့် သက်မွေးသင်တန်းများ၊ တက္ကသိုလ်ပညာ သင်ယူခွင့်ရရှိသူများလည်း ပိုမိုတိုးတက်များပြားလာပါကြောင်း။

အရှေ့တောင်အာရှ မူလတန်းအဆင့် သင်ယူတတ်မြောက်မှုစစ်တမ်း ၂၀၁၉ ရလဒ်များ ထုတ်ပြန်မှုတွင်လည်း မြန်မာကျောင်းသားများသည် စစ်တမ်းကောက်ယူခဲ့သည့် နိုင်ငံ ခြောက်ခုအနက် အခြားနိုင်ငံ သုံးခုထက် စွမ်းဆောင်ရည်ပိုမိုမြင့်မားနေပါကြောင်း၊ ကျောင်းအရွယ်အစား၊ ကျောင်းပစ္စည်း၊ လူမှုစီးပွားအခြေအနေတို့ ကွဲပြားသော်လည်း သင်ယူတတ်မြောက်မှု စွမ်းရည်ကွာဟချက် နည်းပါးပါကြောင်း၊ မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံသာလျှင် စစ်တမ်းကောက်ယူသော ခြောက်နိုင်ငံအနက် ကျောင်းသားတစ်ဦးလျှင် ကျောင်းသုံးဖတ်စာအုပ်တစ်စုံနှုန်း ထောက်ပံ့ပေးခြင်း၊ ကျောင်းသား ၃ ပုံ ၁ ပုံ၏ သင်္ချာတတ်မြောက်မှုစွမ်းရည်မှာ ပျမ်းမျှအထက်၌ရှိခြင်း၊ ကျောင်းသား ၄ ပုံ ၁ ပုံ၏ စာဖတ်စွမ်းရည်မှာ ပျမ်းမျှအထက်၌ရှိခြင်း၊ ကျောင်းသား ၅ ပုံ ၁ ပုံ၏ အရေးစွမ်းရည်မှာလည်း ပျမ်းမျှအထက်၌ရှိခြင်းတို့ကို စစ်တမ်းများတွင် တွေ့ရှိရပါကြောင်း၊ ယခုလို အောင်မြင်မှုများသည် ဆရာ ဆရာမများ၊ ကျောင်းအုပ်များ၊ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး/ပြည်နယ် လူမှုရေးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မိဘအုပ်ထိန်းသူပြည်သူများအားလုံး ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်မှုများကြောင့်ပင် ဖြစ်ပါကြောင်း။

**ပွင့်လင်းမြင်သာစွာဆောင်ရွက်နေ**

ပညာရေးပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ရာတွင်လည်း မည်သည့်လက်ဆောင်ကိုမျှ ပေးခြင်း၊ ယူခြင်း ခွင့်မပြုသလို ဘက်လိုက်မှုမရှိအောင်လည်း ပွင့်လင်းမြင်သာစွာ အဓိကထားဆောင်ရွက်နေပါကြောင်း၊ အရည်အသွေးရှိသော ပညာရေးစနစ် ဦးတည်ဆောင်ရွက်ရေးအတွက် တာဝန်ရှိသူများ အားလုံး ညီညီညွတ်ညွတ်ဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာဇော်မြင့်က အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၂၁-၂၀၃၀)ရေးဆွဲရေး လုပ်ငန်းများကို မိတ်ဆက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း(၂၀၂၁-၂၀၃၀) အခန်း(၅) အခြေခံပညာကဏ္ဍနှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက အခြေခံပညာ သင်ရိုးညွှန်းတမ်း ဆောင်ရွက်နေမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ သိရှိလိုသည်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုင်းကျော်နိုင်ဦးက အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀)အခန်း(၆) နည်းပညာနှင့် သက်မွေးပညာကဏ္ဍနှင့်ပတ်သက်၍လည်းကောင်း၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းက အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း(၂၀၂၁-၂၀၃၀) အခန်း(၇)အဆင့်မြင့်ပညာ၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုကဏ္ဍနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာသူများက အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း(၂၀၂၁-၂၀၃၀)နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# အားကစားတိုးတက်ရေးအတွက် ရှေ့လာမည့်(၅)နှစ်အတွင်း ဆောင်ရွက်မည့်အစီအစဉ်များအား သက်ဆိုင်ရာနှစ်အပိုင်းအခြားအလိုက် စီမံချက်ရေးဆွဲခြင်း ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၄**

မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လာမည့် (၅)နှစ်အတွင်း ဆောင်ရွက်မည့် အစီအမံများအား နှစ်အပိုင်းအခြားအလိုက် စီမံချက်ရေးဆွဲရန် ညှိနှိုင်းအစည်းအဝေးကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ယနေ့နံနက် ၉ နာရီခွဲတွင် အားကစားနှင့် ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးသိန်းထွန်းလတ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးထွန်းမြင့်ဦး၊ ဦးကျော်ဆန်း၊ ဦးကျော်ဦး၊ ဌာနခွဲညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီရုံးမှ တာဝန်ရှိသူများ၊ SOMS Unit အဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**အထူးကျေးဇူးတင်**

ရှေးဦးစွာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ဦးစီးဌာနရှိ ဝန်ထမ်းများအနေဖြင့် မိမိဦးစီးဌာနရှိ ဌာနခွဲများ၏ တာဝန်ဝတ္တရားများ၊ လုပ်ဆောင်မှုများကို သိရှိထားရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းများ ဌာနကူးပြောင်း တာဝန်ထမ်းဆောင်ရပါက လက်ဆင့်ကမ်း တာဝန်များကို ဆက်လက်အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ရေး လုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် သိပ္ပံကျောင်းများမှ ဝန်ထမ်းများ ပါဝင်ကူညီ၍ Quarantine ထားရှိ၍ ဆောင်ရွက်မှုများ၊ ဒေသအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ Mask Campaign များ ပြုလုပ်နေသည်ကို တွေ့ရှိရ၍ အထူးကျေးဇူးတင်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေး မကြာမီရရှိတော့မည်ဖြစ်၍ ကိုဗစ်ကာလပြီးမြောက်ပြီးနောက် အားကစားလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ထားရှိရန် လိုအပ်ကြောင်း၊ ကိုဗစ်ကာလအတွင်း ပြည်သူများ အဘက်ဘက်က စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးအရ အဘက်ဘက်က ထိခိုက်မှုရှိချိန်တွင် အားကစားနှင့် ကာယပညာ ဦးစီးဌာနအနေနှင့် လှုပ်လှုပ်ရှားရှား လူထုအားကစားအနေဖြင့် ပြည်သူများ ကိုယ်လက်လှုပ်ရှားပြိုင်ပွဲကို ကျင်းပပေးရာ ပြည်သူများ ပါဝင်ယှဉ်ပြိုင်သည်ကို တွေ့ရ၍ ပါဝင်နိုင်အောင် စည်းရုံးဆောင်ရွက်နိုင်ခဲ့သော ဝန်ထမ်းများအား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။



**ရှင်းလင်းပြောကြား**

ယင်းနောက် ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်က ၂၀၂၁မှ ၂၀၂၆ ခုနှစ်အထိ (၅)နှစ်တာကာလအတွင်း အားကစား ဖွံ့ဖြိုးတိုးတက်ရေး နှစ်အပိုင်းအခြားအလိုက် စီမံဆောင်ရွက်မှုများနှင့် ဦးစီးအရာရှိ ဒေါ်အိသန္တာကျော်က ASEAN SOMS University ၏ ရည်ရွယ်ချက်များ၊ အိမ်ရှင်နိုင်ငံများ လက်ခံကျင်းပမှု၊ ၂၀၁၅-၂၀၂၀ ခုနှစ်တွင် ASEAN Work Plan Sports လုပ်ငန်းများ ဆောင်ရွက်ထားမှု၊ ၂၀၂၁-၂၀၂၆ ခုနှစ်အထိ လုပ်ဆောင်ရန် လျာထားမှုများ၊ အားကစားရန်ပုံငွေတည်ထောင်ထားရှိမှုအခြေအနေများ၊ အာဆီယံနိုင်ငံများ၏ ကိုဗစ်-၁၉ သက်ရောက်မှုအပေါ် တုံ့ပြန်ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# လှိုင်ကော်မြို့နယ်အတွင်း ငါးသားပေါက်များ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး မှုံပြာငါးမွေးမြူရေးစခန်းအား ကွင်းဆင်းစစ်ဆေး

**လှိုင်ကော် ဒီဇင်ဘာ ၄**

ကယားပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်နီလာကြွယ်သည် ပြည်နယ်ရုံးမှ ဝန်ထမ်းများနှင့်အတူ ဒီဇင်ဘာ ၂ ရက်က လှိုင်ကော်မြို့နယ်ရှိ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနက ဆောင်ရွက်သည့် မှုံပြာငါးမွေးမြူရေးစခန်း(တစ်ပိုင်တစ်နိုင်ငါးသားပေါက်စခန်း)တွင် ရေစစ်ကန်တည်ဆောက်မည့်မြေနေရာအား ရှင်းလင်းဆောင်ရွက်ခြင်းနှင့် ကန်ပေါင်ပြုပြင်မြေဖို့ခြင်း ဆောင်ရွက်မှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုသည်။

ကယားပြည်နယ်အတွင်း ငါးရိက္ခာများဖူလုံစေရေးနှင့်ဘေးအန္တရာယ်ကင်းသောငါးရိက္ခာများ ပိုမိုစားသုံးနိုင်ရေးအတွက် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဒေသတွင်းပြည်သူများ စားသုံးသော ငါးမျိုးများကို ငါးသားဖောက်ထုတ်လုပ်နိုင်ရန်အတွက် အဆိုပါ ငါးမွေးမြူရေးစခန်း၌ ငါးသားပေါက်များ ထုတ်လုပ်လျက်ရှိပြီး ဒေသတွင်းငါးမွေးမြူသူများအား ဖြန့်ဖြူးပေးခြင်းနှင့် သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ဗြိတိန်နိုင်ငံက ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုပမာဏကို ၂၀၃၀ ပြည့်နှစ်မတိုင်မီ ၆၈ ရာခိုင်နှုန်း လျှော့ချမည်

**ဗြိတိန် ဒီဇင်ဘာ ၄**

ဗြိတိန်နိုင်ငံအနေဖြင့် ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုပမာဏကို ၂၀၃၀ ပြည့်နှစ်မတိုင်မီ ၆၈ ရာခိုင်နှုန်းအနည်းဆုံး လျှော့ချသွားရန် ရည်ရွယ်ထားကြောင်း ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ယနေ့ ကြေညာခဲ့သည်။

ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုပမာဏကို ၆၈ ရာခိုင်နှုန်းထက် ပိုမိုလျှော့ချနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဘောရစ်ဂျွန်ဆင်က ဆိုသည်။

လာမည့်နှစ်အတွင်းကျင်းပမည့် ကုလသမဂ္ဂရာသီဥတုဆိုင်ရာ ဆွေးနွေးပွဲတွင် ဗြိတိန်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပရန် ပြင်ဆင်လျက်ရှိသည်။ ထို့ပြင် ကမ္ဘာကြီးပူနွေးလာမှုကို ဝိုင်းဝန်းကာကွယ်တားဆီးရန် နိုင်ငံတကာ၏ ကြိုးပမ်းမှုတွင် ဗြိတိန်နိုင်ငံအနေဖြင့် ဦးဆောင်ကဏ္ဍမှ ပါဝင်ရန် မျှော်လင့်လျက်ရှိကြောင်း ဘောရစ်ဂျွန်ဆင်က ပြောကြားခဲ့သည်။

၂၀၅၀ ပြည့်နှစ်မတိုင်မီ ဗြိတိန်နိုင်ငံ၏ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုပမာဏကို သုညရာခိုင်နှုန်းအထိ လျှော့ချသွားမည်ဖြစ်ကြောင်း ဘောရစ်ဂျွန်ဆင်က ကတိပြုပြောကြားခဲ့သည်။ နိုင်ငံအတွင်း၌ လောင်စာဆီသုံး မော်တော်ကားများရောင်းချမှုကို ၂၀၃၀ ပြည့်နှစ်မတိုင်မီ တရားဝင်ပိတ်ပင်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဒီဇင်ဘာ ၁၂ ရက်တွင်ကျင်းပမည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပါရီသဘောတူညီစာချုပ်ချုပ်ဆိုမှု (၅)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် အွန်လိုင်းနိုင်ငံတကာအစည်းအဝေးတစ်ရပ်ကို ဗြိတိန်နိုင်ငံက ပူးတွဲအိမ်ရှင်အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား- အင်န်အိတ်ချ်ကေ
ဘာသာပြန်- အောင်ကျော်ကျော်




# ၂၀၅၀ ပြည့်နှစ်တွင် အာရှဒေသရှိ လူဦးရေ တစ်ဘီလီယံမှာ အသက်အန္တရာယ်ထိခိုက်နိုင်သည့် အပူလှိုင်းဒဏ် ခံစားရမည်



**ဗန်ကောက် ဒီဇင်ဘာ ၄**

၂၀၅၀ ပြည့်နှစ်တွင် ရာသီဥတုဖောက်ပြန်မှုပိုမိုဆိုးရွားလာခြင်းနှင့်အတူ အာရှတိုက်ရှိ လူဦးရေ တစ်ဘီလီယံတို့မှာ အသက်အန္တရာယ် ထိခိုက်နိုင်သည့် အပူလှိုင်းဒဏ်သင့်မှုကို ခံစားကြရမည်ဖြစ်ကြောင်း နာမည်ကျော် အတိုင်ပင်ခံလုပ်ငန်း မက်ကင်ဆေးအင်စတီကျူမှ ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

အာရှနိုင်ငံများအနေဖြင့် ပါရီသဘောတူညီချက်ပါ ရည်မှန်းချက်များ တိုးတက်အောင် မဖော်ဆောင်နိုင်မှုကြောင့် ၂၀၅၀ ပြည့်နှစ်အရောက်တွင် လက်ရှိအာရှဒေသ၏ ပျမ်းမျှအပူချိန်မှာ လက်ရှိအပူချိန်ထက် ၂ ဒီဂရီနှင့်အထက် ထပ်မံတိုးလာဖွယ် ရှိနေသည်။ အရှေ့တောင်အာရှနိုင်ငံများတွင် မြို့ပြဧရိယာ တိုးချဲ့လာမှုကြောင့် သစ်တောပြုန်းတီးမှုနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများ ထပ်တိုးလာဦးမည်ဖြစ်ကာ ရာသီဥတုဖောက်ပြန်မှုကြောင့် စိုက်ပျိုးမှုကဏ္ဍတွင် ထိခိုက်မှုများ ရှိလာမည်ဖြစ်သည်။ စိုက်ပျိုးရေးကို အဓိကအခြေပြုထားသည့် အာရှနိုင်ငံများအတွက် စိုက်ပျိုးရေးကဏ္ဍတစ်ခုတည်းမှာပင် စီးပွားရေးထိခိုက်မှုတန်ဖိုး မှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ ထရီလီယံမှ ၄ ဒသမ ၈ ထရီလီယံအထိ ရှိလာနိုင်ဖွယ်ရှိကြောင်းလည်း မက်ကင်ဆေးက ခန့်မှန်းချက် ထုတ်ခဲ့သည်။

" လူတွေက တစ်နှစ်ကို ဝင်ငွေတိုးလာဖို့ပဲ စဉ်းစားကြတာပါ။ ဒါပေမယ့် သဘာဝပတ်ဝန်းကျင် ထိခိုက်ခြင်းကနေ ရာသီဥတု မမှန်ဘဲ စိုက်ပျိုးရေးလုပ်ငန်းတွေမှာ အပျက်အစီးတွေ ကြုံလာမယ်။ ထိခိုက်လာမယ်ဆိုတာ မစဉ်းစားကြဘူး" ဟု မက်ကင်ဆေးကုမ္ပဏီဥက္ကဋ္ဌ အိုလီဗာတွန်ဘီက ပြောကြားခဲ့သည်။

တောင်အာရှ၊ အရှေ့အာရှဒေသတို့တွင် ထိခိုက်မှုများ များပြားနိုင်သလို အရှေ့တောင်အာရှနိုင်ငံများအနက် ဗီယက်နမ်မှာ ထိခိုက်မှုအများဆုံးနိုင်ငံ ဖြစ်လာနိုင်ကြောင်း မက်ကင်ဆေး၏ ခန့်မှန်းချက်တွင် ဖော်ပြပါရှိသည်။

ကိုးကား- ဗန်ကောက်ပို့စ်၊ ဘာသာပြန်-မေလဲ့သင်း

# မလေးရှားရောက် နိုင်ငံခြားသားလုပ်သား ၉၀ ရာခိုင်နှုန်းကျော်မှာ အနိမ့်ဆုံး သတ်မှတ်စံနှုန်းအောက်ရှိ အိမ်ရာများတွင် နေထိုင်ကြရ

**ကွာလာလမ်ပူ ဒီဇင်ဘာ ၄**

မလေးရှားနိုင်ငံတွင် လာရောက်အလုပ်လုပ်ကိုင်နေသည့် နိုင်ငံခြားသားလုပ်သားများ၏ ၉၁ ဒသမ ၁ ရာခိုင်နှုန်းရှိသော (လူဦးရေ ၁သန်းကျော်)မှာ လုပ်သားများအတွက် သတ်မှတ်ထားသည့် အနိမ့်ဆုံးစံနှုန်းအောက်ရှိ အိမ်ရာများ၌ နေထိုင်နေရကြောင်း မလေးရှားလူ့စွမ်းအား အရင်းအမြစ်ဝန်ကြီး ဆာရာဗန်နန်က ယနေ့ ပြောကြားသည်။

နိုင်ငံခြားသားလုပ်သားများ၏ အိမ်ရာနှင့် သာယာဝပြောမှုရရှိစေရေးအတွက် ၁၉၉၀ ပြည့်နှစ်ဥပဒေနှင့် အက်ဥပဒေ ၄၄၆ တို့ကို ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်သော်လည်း နိုင်ငံခြားသားလုပ်သားများမှာ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသည့် ကာလအတွင်း စုပြုံနေထိုင်နေရသည်မှာ စိုးရိမ်စရာကောင်းကြောင်း ဆာရာဗန်နန်က ဆိုသည်။ အောက်တိုဘာ ၃၁ ရက်အထိ စာရင်းများအရ နိုင်ငံခြားသားလုပ်သား ၁၄၃၅၈၇ ဦး (ရာနှုန်းအားဖြင့် ၈ ဒသမ ၈၃ ရာခိုင်နှုန်းသာ)သတ်မှတ်စံနှုန်းနှင့် ကိုက်ညီသည့်အိမ်ရာများတွင် နေထိုင်ကြရသည်။

"သတ်မှတ်ချက်နဲ့ မပြည့်စုံတဲ့အခြေအနေနဲ့ နေထိုင်နေရတဲ့ နိုင်ငံခြားသားလုပ်သားတွေ ၁ ဒသမ ၄ သန်းရှိနေတယ်ဆိုတာ အချက်အလက်တွေက ရှင်းရှင်းလင်းလင်းကို ဖော်ပြနေပါတယ်။ သူတို့ဟာ မလေးရှားကျွန်းဆွယ် ပြည်သူ့အင်အားဌာနက သတ်မှတ်ထားတဲ့ စံချိန်တွေအောက်များစွာ လျှော့နည်းပြီး နေရတာက ကိုဗစ် -၁၉ ကာလမှာ တကယ့်ကို စိုးရိမ်စရာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

အက်ဥပဒေ ၄၄၆ စတင်ပြဋ္ဌာန်းခဲ့သည့် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁ ရက်ကတည်းက ယခုထိ အလုပ်သမားများ နေထိုင်ရေးနှင့်ပတ်သက်ပြီး စစ်ဆေးရေး ဝင်ရောက်မှု အကြိမ် ၁၈၆၀ အထိ ပြုလုပ်ခဲ့ပြီးဖြစ်သည်။ " ကျွန်တော်တို့အနေနဲ့ ၂၀၂၁ ခုနှစ်အတွင်း စစ်ဆေးရေး အကြိမ် ၂၅၀၀၀ ထပ်မံလုပ်ဆောင်သွားဖို့ စီစဉ်နေပါတယ်"ဟု နိုင်ငံခြားသားလုပ်သားများ အစိုးရအဖွဲ့ကော်မတီ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေသူ ဆပ်ဘာရီက ပြောကြားသည်။

ကိုးကား – စီအင်န်အေ၊ ဘာသာပြန် – မေလဲ့သင်း

# တရုတ်သွင်းကုန်များအပေါ် အခွန်စည်းကြပ်ကောက်ခံမှုမူဝါဒ ဆက်လက်ကျင့်သုံးသွားမည်ဟု ဂျိုးဘိုင်ဒင်ပြော

**ဝါရှင်တန် ဒီဇင်ဘာ ၄**

အမေရိကန်ရွေးကောက်ခံသမ္မတ ဂျိုးဘိုင်ဒင်က တရုတ်သွင်းကုန်ပစ္စည်းများအပေါ် အခွန်စည်းကြပ်ကောက်ခံမှုနှင့်ပတ်သက်ပြီး သမ္မတ ဒေါ်နယ်ထရမ့် ချမှတ်ထားသည့် စည်းမျဉ်းအတိုင်း လောလောဆယ် ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ယမန်နေ့က ပြောကြားခဲ့သည်။

တရုတ်သွင်းကုန်ပစ္စည်းများအပေါ် အခွန်စည်းကြပ်ကောက်ခံမှုနှုန်းထားများကို ရုတ်ခြည်းပြောင်းလဲကောက်ခံသွားမည်မဟုတ်ကြောင်းမစ္စတာ ဂျိုးဘိုင်ဒင်က နယူးယောက်တိုင်းမ်သတင်းစာနှင့် အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့သည်။ လက်ရှိအချိန်တွင် တရုတ်သွင်းကုန်ပစ္စည်းများအပေါ် ၂၅ ရာခိုင်နှုန်း အခွန်စည်းကြပ်ကောက်ခံသည့် မူဝါဒကို သမ္မတ ထရမ့်က ကျင့်သုံးလျက်ရှိသည်။

အမေရိကန်-တရုတ် နှစ်နိုင်ငံကုန်သွယ်ရေးနှင့်ပတ်သက်ပြီး နှစ်ဦးနှစ်ဖက်ညီညွတ်မျှတ အကျိုးအမြတ်ရှိစေမည့်မူဝါဒများကို ချမှတ်အကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း ဂျိုးဘိုင်ဒင်က ဆိုသည်။

သမ္မတရာထူး စတင်ထမ်းဆောင်သည့်အချိန်တွင် ကမ္ဘာ့နိုင်ငံများနှင့် ညွန့်ပေါင်းအဖွဲ့ တည်ဆောက်ခြင်းသည် ပထမဦးစားပေး လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်ဟု ဂျိုးဘိုင်ဒင်က ပြောကြားခဲ့သည်။

ကိုးကား- အင်န်အိတ်ချ်ကေ
ဘာသာပြန်- အောင်ကျော်ကျော်

# အမေရိကန်လုပ်သားအခွင့်အရေးကို လျစ်လျူရှုခဲ့ခြင်းကြောင့် အမေရိကန်တရားရေးဌာနက ဖေ့စ်ဘွတ်ကို တရားစွဲ

**ဆန်ဖရန်စစ္စကို ဒီဇင်ဘာ ၄**

အမေရိကန်နိုင်ငံသားများထက် ရွှေ့ပြောင်းလုပ်သားများကို ဦးစားပေး အလုပ်ခန့်အပ်ခဲ့မှုကြောင့် အမေရိကန်တရားရေးဌာနက နည်းပညာအင်အားကြီးကုမ္ပဏီ ဖေ့စ်ဘွတ်ကို တရားစွဲဆိုလိုက်ပြီဖြစ်သည်။

အလုပ်အကိုင်နေရာ ၂၆၀၀ ကျော်တွင် အရည်အသွေးပြည့်မီသည့် အမေရိကန်နိုင်ငံသားများကို လျစ်လျူရှုကာ ရွှေ့ပြောင်းကျွမ်းကျင်လုပ်သားများကို ခန့်အပ်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ နည်းပညာကုမ္ပဏီများအနေဖြင့် နိုင်ငံရပ်ခြားရှိ ကျွမ်းကျင်လုပ်သားများကို ယာယီဗီဇာအမျိုးအစား H-1B ဖြင့် ခေါ်ယူနိုင်ခွင့်ကို အသုံးချကာ နိုင်ငံသား လုပ်သားများ၏ အခွင့်အရေးကို လျစ်လျူရှုခဲ့ခြင်းက တရားစွဲဆိုရသည့် အဓိက အကြောင်းရင်းတစ်ရပ်ဖြစ်ခဲ့ကြောင်း အမေရိကန်တရားရေးဌာနက ဆိုသည်။ အမေရိကန်နိုင်ငံသားများရရှိမည့် အခွင့်အရေးကို ယာယီအလုပ်ဗီဇာဖြင့် လာရောက်သူလုပ်သားများကို ပေးအပ်နေခြင်းက အမေရိကန်နိုင်ငံ၏ ပြည်သူ့အခွင့်အရေးဥပဒေကို ချိုးဖောက်ရာရောက်သည်။

ဖေ့စ်ဘွတ်၏ လုပ်သားငှားရမ်းဆောင်ရွက်ချက်များကို နှစ်နှစ်ကြာ စုံစမ်းစစ်ဆေးမှုပြုပြီးနောက် တရားရေးဌာနက တရားစွဲဆိုရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ပြည်သူ့အခွင့်အရေးဌာနမှ လက်ထောက်ရှေ့နေချုပ်ဖြစ်သူ အဲရစ်ဒရီဘန်က " ကျွန်တော်တို့ဘက်က အမေရိကန်လုပ်သားတွေကို ပေးနိုင်တဲ့ သတင်းစကားကတော့ ရှင်းရှင်းလေးပါပဲ။ ကုမ္ပဏီတစ်ခုအနေနဲ့ နိုင်ငံသားလုပ်သားတွေရဲ့ အခွင့်အရေးကို ငြင်းပယ်ပြီး ယာယီနေထိုင်ခွင့် ဗီဇာထုတ်ပေးခြင်းကို အခွင့်အရေးတစ်ရပ်အနေနဲ့ အသုံးချပြီး နိုင်ငံခြားလုပ်သားတွေကို နိုင်ငံထဲ ခေါ်သွင်းပြီး အလုပ်ခန့်အပ်တယ်ဆိုတာက တရားမဝင်လုပ်ရပ်လို့ ပြောနိုင်ပါတယ်။ အမေရိကန်နိုင်ငံသားလုပ်သားတွေကိုကျော်ပြီး ပြည်ပနိုင်ငံသားတွေကို အလုပ်ခန့်အပ်လို့မရပါဘူး" ဟု ပြောကြားခဲ့သည်။

သမ္မတ ထရမ့် အစိုးရလက်ထက် လေးနှစ်တာကာလအတွင်း အမေရိကန်နိုင်ငံသား ဦးစားပေးမူဝါဒနှင့် စည်းမျဉ်းများကို ရေးဆွဲပြဋ္ဌာန်းခဲ့ပြီးဖြစ်ရာ အဆိုပါ ဥပဒေနှင့်မူဝါဒများမှာ ဘိုင်ဒင်လက်ထက်တွင်လည်း အလွယ်တကူ ပြန်ပြောင်းနိုင်ဖွယ်မရှိကြောင်း မူဝါဒလေ့လာသုံးသပ်သူများက သုံးသပ်သည်။

သို့ရာတွင် ဖေ့စ်ဘွတ်ဘက်ကမူ ၎င်းတို့အနေဖြင့် နိုင်ငံသား လုပ်သားခေါ်ယူခွင့်လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ခဲ့ခြင်းသာဖြစ်ပြီး ဥပဒေကိုချိုးဖောက်ခဲ့ခြင်းမရှိကြောင်း တုံ့ပြန်ထားသည်။

ကိုးကား- ဘီဘီစီ၊ ဘာသာပြန်- မေလဲ့သင်း




# စိုးရိမ်မှုများပြေလျော့စေရန် ပြည်သူများရှေ့မှောက်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု ခံယူသွားမည်ဖြစ်ကြောင်း ဂျိုးဘိုင်ဒင် ပြောကြား

**ဝါရှင်တန် ဒီဇင်ဘာ ၄**

အမေရိကန်နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ကာကွယ်ဆေးဘေးကင်းလုံခြုံမှု ရှိ၊ မရှိအပေါ် စိုးရိမ်မှုများ မြင့်တက်နေမှုကြောင့် အမေရိကန်ရွေးကောက်ခံသမ္မတ ဂျိုးဘိုင်ဒင်က ၎င်းအနေဖြင့် ပြည်သူများရှေ့မှောက်တွင် ကာကွယ်ဆေးထိုးနှံမှုကို ခံယူသွားမည်ဖြစ်ကြောင်း ယမန်နေ့က ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူရန် ၎င်းအနေဖြင့် အဆင်သင့်ဖြစ်လျက်ရှိပါကြောင်းနှင့် ပြည်သူများ၏ စိုးရိမ်မှုများပပျောက်စေရန် ၎င်းကိုယ်တိုင် ကာကွယ်ဆေးထိုးနှံမှုခံယူမည်ဖြစ်ကြောင်း မစ္စတာဂျိုးဘိုင်ဒင်က ရုပ်သံလိုင်းတစ်ခုနှင့် အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ၌ ဒီဇင်ဘာ ပထမရက်သတ္တတစ်ပတ်အတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုကို စတင်မည်ဖြစ်သည်။ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုနှင့်ပတ်သက်ပြီး အောက်တိုဘာလမှ နိုဝင်ဘာလအစောပိုင်းအထိ စစ်တမ်းတစ်ခုကောက်ခံခဲ့ရာ ပြည်သူ ၅၈ ရာခိုင်နှုန်းသည် ကာကွယ်ဆေးထိုးနှံမှုကို လက်သင့်ခံသည်ကိုတွေ့ရပြီး ၄၂ ရာခိုင်နှုန်းသည် ကာကွယ်ဆေးဘေးကင်းလုံခြုံမှု အမှန်တကယ်ရှိမှသာ ထိုးနှံခြင်းခံယူမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံအတွင်း ထိုးနှံမည့် ကိုဗစ်-၁၉ ကာကွယ်ဆေးသည် ပြည်သူများအတွက် ဘေးကင်းလုံခြုံမှု အခိုင်အမာရှိပါကြောင်း သမ္မတထရမ့် အစိုးရ၏ ကူးစက်ရောဂါထိန်းချုပ်ရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင် ဒေါက်တာ အန်တိုနီဖော်စီက ပြောကြားခဲ့သည်။

အစိုးရသစ်လက်ထက်တွင်လည်း လက်ရှိရာထူးနေရာတွင် ဆက်လက်ထမ်းဆောင်ရန် ဒေါက်တာ အန်တိုနီဖော်စီအား ဂျိုးဘိုင်ဒင်က တောင်းဆိုခဲ့သည်။

ကိုဗစ်-၁၉ ရောဂါဂယက်ကြောင့် ထိခိုက်သွားသည့် အမေရိကန်စီးပွားရေးအခြေအနေကို ပြန်လည်ဦးမော့လာစေရန် ကြိုးပမ်းဆောင်ရွက်ရာတွင် ဒေါက်တာဖော်စီနှင့် သမ္မတ ထရမ့်တို့အကြား သဘောထားကွဲလွဲမှုအနည်းငယ်ရှိခဲ့ကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# အမေရိကန်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ၊ သေဆုံးသူနှင့် ဆေးရုံတက်ရောက်ကုသသူအရေအတွက် စံချိန်တင်မြင့်တက်

**နယူးယောက် ဒီဇင်ဘာ ၄**

အမေရိကန်နိုင်ငံ၌ ဒီဇင်ဘာ ၃ ရက် တစ်ရက်တည်းမှာပင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၁၅၇ ဦး၊ ကူးစက်ခံရသူ နှစ်သိန်းကျော်နှင့် ဆေးရုံတက်ရောက်ကုသရသည့် လူနာအရေအတွက် တစ်သိန်းအထိ ရှိခဲ့ခြင်းကြောင့် နေ့စဉ်ကူးစက်ခံရသူ၊ သေဆုံးသူနှင့် ဆေးရုံတက်ရောက်ကုသရသူ အရေအတွက်သုံးခုစလုံးတွင် စံချိန်သစ်ဖြစ်ခဲ့ကြောင်း ဂျွန်ဟော့ကင်းစ်တက္ကသိုလ်၏အစီရင်ခံစာတွင် ဖော်ပြသည်။

ကျေးဇူးတော်နေ့တွင် အမေရိကန်နိုင်ငံသားများအနေဖြင့် ကိုဗစ်-၁၉ ဆိုင်ရာစည်းမျဉ်းများကို လိုက်နာရန် ပျက်ကွက်သည့်အပြင် အစိုးရ၏ တုံ့ပြန်ဆောင်ရွက်မှု နှေးကွေးခြင်းတို့ကြောင့်လည်း ယခုကဲ့သို့ ကူးစက်ခံရသူ၊ သေဆုံးသူနှင့်ဆေးရုံတက်ရောက်ကုသသူ အရေအတွက်တို့တွင် များလာခြင်းဖြစ်သည်။ ရောဂါရှာဖွေရေးနှင့် တားဆီးရေး စင်တာ အကြီးအကဲ ဒေါက်တာရောဘတ်ရက်ဒ်ဖီးလ်က အမေရိကန်သမိုင်းတစ်လျှောက် အဆိုးရွားဆုံးအချိန်ကို ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ ကြုံတွေ့နေရပြီး ဒီဇင်ဘာ၊ ဇန်နဝါရီနှင့် ဖေဖော်ဝါရီလများတွင် အခက်အခဲများ ထပ်မံကြုံတွေ့ရဦးမည်ဖြစ်ကြောင်း သတိပေးထားသည်။

အမေရိကန်ပြည်ထောင်စုတွင် ယမန်နေ့အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄ သန်း၊ သေဆုံးသူ သုံးသိန်းနီးပါးအထိရှိနေပြီး သေဆုံးမှုနှင့် ရောဂါကူးစက်ခံရမှုနှစ်ရပ်စလုံးတွင် ကမ္ဘာ့နံပါတ် (၁) နေရာတွင် ရှိနေသည်။

**ကိုးကား - စီအင်န်အေ၊ ဘာသာပြန် - မေလွဲ့သင်း**



ဒီဇင်ဘာ ၃ ရက်က အမေရိကန်ဆေးရုံတစ်ခုတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ လူနာတစ်ဦးအား အရေးပေါ်ကုသဆောင်ရွက်ပေးနေသည်ကို တွေ့ရစဉ်။

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၆၅၇၅၃၈၇၂ | ဦး |
| သေဆုံးသူ | ၁၅၁၅၇၈၈ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၄၅၅၇၈၈၉၀ | ဦး |

# ကိုဗစ် - ၁၉ ကာကွယ်ဆေးကို နိုင်ငံသားများအားလုံးအတွက် အခမဲ့ထိုးနှံပေးမည်ဖြစ်ကြောင်း ပြင်သစ်ဝန်ကြီးချုပ် အတည်ပြု

**ပါရီ ဒီဇင်ဘာ ၄**

ပြင်သစ်နိုင်ငံ၏ လူမှုဖူလုံရေးအစီအစဉ်အရ ကိုဗစ်-၁၉ကာကွယ်ဆေးများမှာ နိုင်ငံသားအားလုံးအတွက် အခမဲ့ရရှိမည်ဖြစ်ပြီး ထိုအတွက် ကုန်ကျစရိတ်ယူရို ၁ ဒသမ ၅ ဘီလီယံကို ၂၀၂၁ ခုနှစ် လူမှုဖူလုံရေးဘတ်ဂျက်မှ ကျခံသုံးစွဲသွားမည်ဖြစ်ကြောင်း ပြင်သစ်ဝန်ကြီးချုပ် ဂျိမ်းစ်ကာတက်စ်က ယမန်နေ့တွင် အတည်ပြုခဲ့သည်။

### ကာကွယ်ဆေးအခမဲ့ထိုးနှံခွင့်ရရှိ

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံနိုင်ရေးမဟာဗျူဟာမြောက် အစီအစဉ်တွင် ဝန်ကြီးဌာနများ မည်သို့ပူးပေါင်းဆောင်ရွက်မည်ဆိုသည်ကို ဂျိမ်းစ်ကာတက်စ်က ချပြခဲ့ပြီး နိုင်ငံသားတိုင်း ကာကွယ်ဆေးအခမဲ့ထိုးနှံခွင့်ရရှိအောင် ဆောင်ရွက်ထားပြီးဖြစ်ကြောင်း ကတိပြုခဲ့သည်။ ပုံမှန်အားဖြင့် ကာကွယ်ဆေးတစ်မျိုး ရရှိလာရန် ဆယ်စုနှစ်တစ်ခုကြာ အချိန်ယူရလေ့ရှိသော်လည်း ယခုမူ ၉၀ ရာခိုင်နှုန်းကျော် ထိရောက်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပေါ်ထွက်လာရန် ၁၀လသာ အချိန်ယူခဲ့ရသည်။ “ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေ ပျံ့သွားတာ မြန်လွန်းတာကြောင့်လည်း တစ်ကမ္ဘာလုံးက ကာကွယ်ဆေးတွေပေါ်လာဖို့ ဝိုင်းပြီးကြိုးပမ်းလာတဲ့အတွက် အခုလိုကာကွယ်ဆေးတွေ လျင်လျင်မြန်မြန် ရလာတာပါ” ဟု ဝန်ကြီးချုပ်က မှတ်ချက်ပြုသည်။



ပြင်သစ်ဝန်ကြီးချုပ် ဂျိမ်းစ်ကာတက်စ်။

အိမ်နီးချင်း ဗြိတိန်နိုင်ငံက ကိုဗစ်ကာကွယ်ဆေး အလုံးရှစ်သိန်းကို လာမည့် ရက်သတ္တတစ်ပတ်မှာပင် စတင်ထိုးပေးတော့မည်ဖြစ်သော်လည်း ပြင်သစ်နိုင်ငံကမူ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှသာ ကာကွယ်ဆေးတစ်သန်းကို စောင့်ရှောက်ရေးဂေဟာရှိ သက်ကြီးရွယ်အိုများအား စတင်ထိုးနှံပေးမည်ဖြစ်ပြီး မတ်လအစောပိုင်းတွင် လူဦးရေ ၁၄ သန်းကို ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးမည်ဖြစ်သည်။ ပြင်သစ်နိုင်ငံ၏ လက်ရှိအစီအစဉ်အရ ပြင်သစ်နိုင်ငံသား ၅၉ ရာခိုင်နှုန်း ကာကွယ်ဆေးထိုးပြီးချိန်တွင် အမေရိကန်လူဦးရေ၏ ၆၇ ရာခိုင်နှုန်းနှင့် ဗြိတိန်နိုင်ငံသား ၈၅ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးထိုးနှံပြီးဖြစ်နေမည်ဖြစ်သည်။ **ကိုးကား - တူဒေးအွန်လိုင်း၊ ဘာသာပြန် - မေလွဲ့သင်း**

# ကိုဗစ်-၁၉ ကာကွယ်ဆေး သန်း ၁၀၀ ကျော်ကို Moderna ဆေးဝါးကုမ္ပဏီက လာမည့်နှစ်အစောပိုင်းတွင် ထုတ်လုပ်သွားမည်

**ဝါရှင်တန် ဒီဇင်ဘာ ၄**

အမေရိကန်အခြေစိုက် Moderna ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီက ၂၀၂၁ ခုနှစ် အစောပိုင်းတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး သန်း ၁၀၀ မှ ၁၂၅ သန်းခန့် ထုတ်လုပ်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ကာကွယ်ဆေး ၈၅ သန်းမှ သန်း ၁၀၀ နီးပါးကို အမေရိကန်နိုင်ငံအတွင်း ဖြန့်ချိပေးသွားမည်ဖြစ်ပြီး ကျန်ရှိသောကာကွယ်ဆေး ၁၅ သန်းမှ ၂၅ သန်းကို ကမ္ဘာ့နိုင်ငံများအား ဖြန့်ချိပေးသွားမည်ဖြစ်ကြောင်း Moderna ဆေးဝါးကုမ္ပဏီက ဆိုသည်။

ယခုလနှောင်းပိုင်းတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး သန်း ၂၀ ကို အမေရိကန်နိုင်ငံအတွင်း၌ ကနဦးဖြန့်ချိမည်ဖြစ်ကြောင်း Moderna ဆေးဝါးကုမ္ပဏီက အတည်ပြုပြောကြားခဲ့သည်။

ကမ္ဘာ့နိုင်ငံများသို့ ဖြန့်ချိရန် ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဆွစ်ဇာလန်နိုင်ငံတွင် ထုတ်လုပ်သွားမည်ဖြစ်ကြောင်း Moderna ဆေးဝါးကုမ္ပဏီက ဆိုသည်။

အမေရိကန်နိုင်ငံအတွင်း၌ Pfizer နှင့် BioNTech ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီတို့မှ ထုတ်လုပ်သော ကိုဗစ်-၁၉ ကာကွယ်ဆေးများအပါအဝင် ကိုဗစ်-၁၉ ကာကွယ်ဆေး သန်း ၄၀ ကို ယခုလနှောင်းပိုင်းတွင် စတင်ဖြန့်ချိသွားမည်ဖြစ်ကြောင်း အမေရိကန်တာဝန်ရှိသူများက ဆိုသည်။

အဆိုပါကာကွယ်ဆေး သန်း ၄၀ ကို ပြည်သူသန်း ၂၀ အား နှစ်ကြိမ်နှုန်း ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

Moderna ဆေးဝါးကုမ္ပဏီ၏ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိရောက်မှု ရှိ၊ မရှိကို အမေရိကန်အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးဌာန အကြံပေးကော်မတီက ဒီဇင်ဘာ ၁၇ ရက်တွင် ပြန်လည်ဆန်းစစ်သုံးသပ်သွားမည်ဖြစ်သည်။

**ကိုးကား - စီအင်န်အေ၊ ဘာသာပြန် - အောင်ကျော်ကျော်**

# ကျိုက်ထို၊ မူဆယ်၊ လားရှိုးနှင့် တာချီလိတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၄**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့ ညနေ ၅ နာရီ ၄၅ မိနစ်တွင် ကျိုက်ထိုမြို့နယ် မရမ်းချောင် စစ်ဆေးရေးဂိတ်တွင် အောင်ကျော်သောင်း(ခ) ကျော်သောင်း မောင်းနှင်ပြီးအောင်ကျော်လင်းလိုက်ပါလာသည့် ယာဉ်အား ရပ်တန့်ရှာဖွေရာ ငွေကျပ် ၃၂၃၄ သိန်း တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၇၈၀၀ ကို လည်းကောင်း။

ထို့အတူ ယင်းနေ့နံနက် ၉ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မူဆယ်မြို့နယ် နမ့်ဟွယ်နေကျေးရွာအနီး မူဆယ်-ပန်ဆိုင်း(ကြူကုတ်)သွားကားလမ်းတွင် အိုက်လျန်းမောင်းနှင်ပြီး အောင်မျိုးသန့် လိုက်ပါလာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၁ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ ကို လည်းကောင်း၊ ကွင်းဆက်အရ ပန်ဆိုင်း(ကြူကုတ်)မြို့ အမှတ်(၃) ရပ်ကွက် အမှတ်(၆၄)နေ ဖန်လျာရီ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၁၅၄ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၆၄၀၀ တို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ညနေ ၅ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် လားရှိုးမြို့နယ် တာပုံကျေးရွာအုပ်စု နားဖကျေးရွာအနီး လားရှိုး-မိုင်းယော်သွား ကားလမ်းတွင် အိုက်ဆင်းမောင်းနှင်ပြီး မလွမ်းညွယ် လိုက်ပါလာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ တို့ကို လည်းကောင်း။

ထို့အတူယင်းနေ့ နံနက် ၆ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု မယ်ယန်းကျေးရွာနေ ဘောစီလှ (ခ)အငယ်လေး၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၃၀၊ စိတ်ကြွရူးသွပ်ဆေးမှုန့် သုည ဒသမ ၀၃ ကီလို၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများနှင့် ယာဉ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား


အောင်ကျော်လင်း၊ အောင်ကျော်သောင်း(ခ)ကျော်သောင်းတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။




# မြင်းခြံနှင့် တံတားဦးမြို့နယ်တို့၌ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ ခိုးယူရောင်းချသူများအား အချိန်တိုအတွင်း ဖမ်းဆီးရမိ

**မန္တလေး ဒီဇင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်နှင့် တံတားဦးမြို့နယ်များရှိ ကျေးရွာဘုန်းတော်ကြီးကျောင်းများမှ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော် ခိုးယူရောင်းချသူများအား တိုင်းမှူခင်းအကူဌာနစိတ်မှ အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၄ ရက်မွန်းလွဲ ၂ နာရီခန့်တွင် ကျက်ပြင်ကျေးရွာ သိပ္ပပဉ္စုကျောင်းဝင်းအတွင်းရှိ သီးခြားဂန္ဓကုဋိတိုက်အတွင်း ကိုးကွယ်ထားရှိသော နှစ်ပေါင်း ၁၅၀ ခန့်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော် ရှစ်ဆူ ပျောက်ဆုံးသွားသဖြင့် စုံစမ်းဖော်ထုတ်အရေးယူပေးရန် ကျေးရွာဂေါပကဥက္ကဋ္ဌက တိုင်တန်းချက်အရ တိုင်းမှူခင်းအကူဌာနစိတ် တာဝန်ခံ ရဲအုပ်ဝင်းကျော်ဦးနှင့် တပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူ ဖမ်းဆီးရမိရေးစုံစမ်းခဲ့ရာ ပျောက်ဆုံးဘုရားဆင်းတုတော် ရှစ်ဆူအနက် သုံးဆူကို မိတ္ထီလာမြို့ နန်းတော်ကုန်းရပ်ကွက်တွင် နေထိုင်သည့် ဦးဝင်းမြင့် နေအိမ်၌ တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ထို့နောက် ဦးဝင်းမြင့်၏ ထွက်ဆိုချက်အရ လှိုင်မင်း(ခ)ကျော်သူ၊ ဦးမောင်(ခ)ဦးမောင်မောင်၊ မင်းမင်းခန့်နှင့် ကျော်ကျော်(ခ) ကုလားလေးဆိုသူတို့အား ဆက်လက်ဖမ်းဆီးရမိသည်။

**ထပ်မံသိမ်းဆည်းရမိ**

၎င်းတို့အား ဆက်လက်စစ်ဆေးခဲ့ရာ ခိုးယူလာသော ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များအား တောင်သမန်ကန်ပတ်လမ်း၏ အနောက်ဘက်ဆိုင်တွင် ရောင်းချခဲ့ကြောင်း ထွက်ဆိုသဖြင့် သွားရောက်သိမ်းဆည်းရာ သိမ်းဆည်းရန်ကျန်ရှိသော ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော် ငါးဆူအပြင် မြင်းခြံမြို့နှင့် တံတားဦးမြို့နယ်အတွင်း အခြားကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများမှ ခိုးယူရရှိလာသည့် ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော် ၁၁ ဆူအား ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မန်း(ကိုယ်ပွား)

# ရေဦးမြို့နယ်အတွင်း ငါးသယံဇာတများ ရေရှည်ထိန်းသိမ်းရေးကွင်းဆင်းစစ်ဆေး

**ရေဦး ဒီဇင်ဘာ ၄**

ငါးသယံဇာတများ ရေရှည်ထိန်းသိမ်းကာကွယ်နိုင်ရေးနှင့် တရားမဝင် ငါးဖမ်းကိရိယာများဖြင့် ငါးဖမ်းဆီးမှုများမရှိစေရေး စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးမြင့်နိုင်နှင့် ဝန်ထမ်းများသည် မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ယမန်နေ့က ရေဦးမြို့နယ်ရှိ ရေဦးမြောင်းမတော်၊ မရကန်မြောင်းခွဲနှင့် မရကန်လက်တံ(၃)တစ်လျှောက် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးခဲ့ရာ ၁၂ ဗို့ဘက်ထရီအိုး ခုနစ်လုံး၊ ကျင်စက် ခြောက်ခု၊ ရှော့တံ လေးချောင်း၊ ခပ်ဂေါ် လေးချောင်း၊ ရှော့ရင်တွန်း သုံးလက်၊ ဘက်ထရီအိုးထည့်ပုံး ခုနစ်လုံး၊ ပုံးအခွံ သုံးလုံး၊ ကားကျွတ် တစ်ခု၊ ရေချိုငါးအစုံ တစ်ပိဿာတို့ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိပြီး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကျွန်းစုမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**ကျွန်းစု ဒီဇင်ဘာ ၄**

မြိတ်မြို့ မူးယစ်တပ်ဖွဲ့စု(၃၅)မှ ဒုရဲအုပ် မင်းအားမာန်စိုး ဦးစီးပူးပေါင်းအဖွဲ့သည် ယနေ့ နေ့လည် ၁ နာရီက ကျွန်းစုမြို့နယ် မင်းခေါင်းဆေးကျေးရွာနေ သက်မျိုးဦး(ခ)နိုင်ဦး၏ နေအိမ်အား မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေရာ WY စိတ်ကြွရူးသွပ်ဆေးပြားများ ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အလားတူ မွန်းလွဲ ၂ နာရီက ကျွန်းစုမြို့နယ် မင်းခေါင်းဆေးကျေးရွာနေ ဇော်မင်းထွန်း(ခ)မော်ဇော်၏ နေအိမ်အား မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက် ရှာဖွေရာ WY စိတ်ကြွရူးသွပ်ဆေးပြား ၁၀၂ ပြား ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ ရဲပြန်ကြား




**သွေးသည် အသက်**

# မလှိုင်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**မလှိုင် ဒီဇင်ဘာ ၄**

တနင်္သာရီတိုင်းဒေသကြီး မလှိုင်နယ်မြေရဲစခန်းမှ ရဲအုပ် ကျော်သူအောင် ဦးစီးပူးပေါင်းအဖွဲ့သည် ယမန်နေ့ ညနေ ၆ နာရီက မလှိုင်မြို့ ချောင်းလမ်းဖုန်းကျေးရွာဆိပ်ကမ်းတွင် မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ စောင့်ဆိုင်းနေစဉ် ဆိပ်ကမ်းသို့ မသင်္ကာဖွယ် လှေတစ်စင်းဆိုက်ကပ်လာသည်ကို တွေ့ရှိ၍ စစ်ဆေးရာ ထိုက်ဇင်ဦးနှင့် မမိုးဝါတို့နှစ်ဦးအား WY စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀ နှင့်အတူ တွေ့ရှိသိမ်းဆည်းရမိသဖြင့် ၎င်းတို့နှစ်ဦးအား မလှိုင်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား


ထိုက်ဇင်ဦးနှင့် မမိုးဝါတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ပုသိမ်ကြီး လူငယ်သင်တန်းကျောင်းဖွင့်လှစ်ထားရှိမှုနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၄**
မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးလူငယ်သင်တန်းကျောင်းဖွင့်လှစ်ထားရှိမှုနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။



**ထိန်းသိမ်းစောင့်ရှောက်**

အစည်းအဝေးတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးလူငယ်သင်တန်းကျောင်းကို လိုအပ်ချက်အရ တိုးချဲ့ဖွင့်လှစ်ခဲ့ပါကြောင်း၊ အခြေအနေအရပ်ရပ်ကြောင့် ပြစ်ဒဏ်ကျခံရမည့် ကလေးများနှင့်လူငယ်များကို ဥပဒေအရ လူငယ်သင်တန်းကျောင်းများတွင် ပြုပြင်၊ ပြုစု၊ ပျိုးထောင်ပေးလျက်ရှိကြောင်း၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအသစ်ကို ပြဋ္ဌာန်းခဲ့ရာတွင် ကလေးသူငယ်၏ အသက်ကို (၁၈)နှစ်ဟု သတ်မှတ်ထားရှိပါသဖြင့် လူငယ်သင်တန်းကျောင်းများတွင် အသက်(၁၈)နှစ်အောက် ကလေးသူငယ်များကို တိုးမြှင့်လက်ခံခဲ့ရပါကြောင်း၊ ထို့ကြောင့် လူငယ်သင်တန်းကျောင်းများတွင် သင်တန်းသားများ တိုးတက်များပြားလာ၍ ဝန်ထမ်းအင်အား လိုအပ်ချက်များ၊ တွေ့ကြုံရသည့် အခက်အခဲများကို ဖြေရှင်းနိုင်စေရန် ဖွဲ့စည်းပုံများ တိုးချဲ့ဆောင်ရွက်ခဲ့ရာ ပုသိမ်ကြီးလူငယ်သင်တန်းကျောင်း၏ ဖွဲ့စည်းပုံအသစ်အရ လက်ရှိကျောင်းသား ၂၁၁ ဦးကို ဝန်ထမ်း ၁၆ ဦးဖြင့် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း။

**ပံ့ပိုးကူညီသွားမည်**

ကိုဗစ်-၁၉ ကာလဖြစ်၍ စိန်ခေါ်မှုများစွာ ရှိနေပါကြောင်း၊ မိမိတို့အနေဖြင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပထမ သုံးလပတ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုများအပါအဝင် လုံခြုံရေး၊ အဆောက်အအုံလိုအပ်ချက်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ကာလဖြစ်၍ ရောဂါကူးစက်မှုမဖြစ်ပွားစေရေးအတွက် အထူးသတိပြုပြီး ဆောင်ရွက်ရမှာဖြစ်သလို ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းမျဉ်းများကိုလိုက်နာပြီး သင်တန်းကျောင်း၏ ရည်ရွယ်ချက်များကို အောင်မြင်စေရန် ဆောင်ရွက်ရမှာဖြစ်ပါကြောင်း၊ အတည်ပြုပြဋ္ဌာန်းထားရှိသည့် လူငယ်ရေးရာမူဝါဒတွင် လူငယ်ကို အသက် (၁၅ နှစ်မှ ၃၅ နှစ်အထိ) သတ်မှတ်ထားသောကြောင့် သင်တန်းကျောင်းတွင်ရှိသည့် ကျောင်းသားများအတွက် အကျုံးဝင်ပါကြောင်း၊ လူငယ်ရေးရာမူဝါဒအရ လူငယ်များ၏ ရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကဏ္ဍ (၁၆)ရပ်ဖြင့် မဟာဗျူဟာလုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ လူငယ်များသည် မိမိတို့၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို တည်ဆဲဥပဒေများအရ ရယူခံစားနိုင်ပြီး ဥပဒေဘောင်အတွင်း နေထိုင်ကြရန်ဖြစ်ကြောင်းကို သိရှိစေရန်လိုအပ်ပါကြောင်း၊ မိမိတို့အနေဖြင့် လိုအပ်ချက်များကို အတတ်နိုင်ဆုံး ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

**ဖြည့်စွက်ဆွေးနွေး**

ယင်းနောက် မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လူငယ်သင်တန်းကျောင်းများမှ ကျောင်းအုပ်များနှင့် ဝန်ထမ်းများက လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ရာ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သင့်သည့် အစီအစဉ်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

**အလေးထားဆောင်ရွက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကားပြောကြားရာတွင် မိမိတို့အနေဖြင့် ကိုဗစ်-၁၉ နှင့် ယှဉ်တွဲ၍ လုပ်ငန်းများကို အသားကျအောင် လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ဆိုင်ရာ ကူးစက်မှုကာကွယ်ရေးလမ်းညွှန်ချက်များကို အလေ့အထဖြစ်အောင် လေ့ကျင့်ဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် အမှုရင်ဆိုင်ရမည့် ကလေးများအတွက် အမှုစစ်ခြင်းကို သက်ဆိုင်ရာတရားရုံးများနှင့် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း၊ သက်ဆိုင်ရာကျောင်းအလိုက် အသိပညာပေးဆွေးနွေးပွဲများကို Online ဖြင့် ဆောင်ရွက်နိုင်ပါကြောင်း၊ သင်တန်းကျောင်းတွင် နေထိုင်ရစဉ်ကာလကို အကျိုးရှိစေရန် သင်ကြားလေ့ကျင့်ပေးခြင်းသည် နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ဥပဒေဘောင်အတွင်းနေထိုင်၍ တန်ဖိုးရှိသော လူသားများဖြစ်အောင် နေထိုင်နိုင်ရေး အသိပညာပေးရမည်ဖြစ်ကြောင်း၊ ကျောင်းအတွင်း အုပ်စုလိုက်ဆွေးနွေးပွဲများ၊ သဘောထားအမြင် ဖလှယ်ခြင်းများဖြင့် စိတ်ပိုင်းဆိုင်ရာများ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ အထူးသဖြင့် မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ အတွေ့အကြုံရှိသောသူများက ဟောပြောဆွေးနွေးမှုများကို ပြုလုပ်ပေးရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ အလေးထားဆောင်ရွက်ကြရန်လည်း သတိပြုရမည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေး အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၄**
မြန်မာနိုင်ငံ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးအစည်းအဝေးကို ယမန်နေ့ ညနေပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**စနစ်တကျချမှတ်ဆောင်ရွက်**

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးလှကျော်က ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ ကိုဗစ်-၁၉ ရောဂါ ကင်းစင်ရေးဆောင်ရွက်ရန် အချိန်အတိုင်းအတာတစ်ခုအထိ ရှိနေဦးမည်ဖြစ်သည့်အတွက် ကမ္ဘာသူ ကမ္ဘာသားများအားလုံး လူနေမှုဘဝပုံစံသစ်ဖြင့် စီးပွားရေးပြန်လည်ထူထောင်ရေးနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ကာလလတ်နှင့်ကာလရှည် တုံ့ပြန်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းကြမည်ဖြစ်သကဲ့သို့မြန်မာနိုင်ငံ၏စီးပွားရေးပြန်လည်ထူထောင်ရေးနှင့် ပြုပြင်ပြောင်းလဲရေးတွင်လည်း စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ရည်မှန်းဆောင်ရွက်မည့် ပန်းတိုင်နှင့် မဟာဗျူဟာ လုပ်ငန်းစဉ်များနှင့်အညီ နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ထိခိုက်မှု လျော့နည်းစေပြီး ကာလတိုနှင့်ရေရှည် တုံ့ပြန်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များအား ကောင်းလာစေရန် သက်ဆိုင်ရာဌာနများက စီမံကိန်းများ၊ စီမံချက်များ စနစ်တကျ ချမှတ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး အစည်းအဝေးတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်အတူ စီးပွားရေးထူထောင်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးခြင်း၊ တောင်သူဝင်ငွေ တိုးတက်ရေးနှင့် ရေရှည်တည်တံ့သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖန်တီးရေးဆိုင်ရာ ကိစ္စရပ်များ၊ ဆောင်ရွက်ဆဲစီမံကိန်းများ၏ ဘဏ္ဍာငွေ အရင်းအမြစ်၊ ပြည်ပအကူအညီများအား အကျိုးရှိထိရောက်စွာ သုံးစွဲဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးချက်များအပေါ် ဒုတိယဝန်ကြီးက ဖြည့်စွက်မှာကြားရာ၌ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လယ်ယာကဏ္ဍအပါအဝင် ကဏ္ဍပေါင်းစုံ၌ အခက်အခဲများ၊ စိန်ခေါ်မှုများကြုံတွေ့နေရမှုကို အခွင့်အလမ်းများအဖြစ် ရယူဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ စားနပ်ရိက္ခာနှင့် အာဟာရဖူလုံမှု မရှိသေးသည့် နိုင်ငံများအတွက် စားနပ်ရိက္ခာ ထုတ်လုပ်မှုနှင့် တင်ပို့မှုမြှင့်တင်နိုင်မည့် အခွင့်အလမ်းများ ရှိနေကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုတွင် ကြုံတွေ့နိုင်သည့် ပိုးမွှားရောဂါ၊ ရာသီဥတုနှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး၊ ဒေသရေမြေနှင့် ကိုက်ညီမည့် သီးနှံပုံစံများ ချမှတ်ဆောင်ရွက်ရေးလုပ်ငန်းများအပါအဝင် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များအတွက် ဆက်စပ်ဌာနများ ဟန်ချက်ညီပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အင်းစိန်ကားလမ်းကူး မီးရထားခုံးကျော်လက်တက်တံတားသစ် မင်းကြီးလမ်းဘက်ခြမ်းအဆင်း တစ်လမ်းသွား ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး



**ရန်ကုန် ဒီဇင်ဘာ ၄**
ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ လက်ရှိအသုံးပြုလျက်ရှိသော မီးရထားခုံးကျော်တံတား ပင်မအမှတ်(၂) တံတားကြီးနှင့်ဆက်သွယ်၍ မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာန(တံတား)က ကြီးကြပ်၍ အေဝမ်းဆောက်လုပ်ရေးကုမ္ပဏီက ၂၀၁၉ ဘဏ္ဍာနှစ်မှစတင် တာဝန်ယူတည်ဆောက်ခဲ့သည်။

**ရာနှုန်းပြည့် ပြီးစီး**

တံတားအရှည် ၄၄၁ ပေရှိ အောက်ခံဘိုးပိုင်ဖောင်ဒေးရှင်းဖြစ်ပြီး ကွန်ကရစ် ကြမ်းခင်းအမျိုးအစားဖြစ်သည်။ ချဉ်းကပ်တံတားအရှည် ၁၂၃ ပေရှိ ကားလမ်းဘေးတစ်ဖက်စီတွင် လူသွားလမ်းများ ပါရှိကာ ကားအဆင်း တစ်လမ်းသွား အကျယ် ၁၆ ပေရှိ ကားလမ်းအလွတ်အမြင့်ပေ ၂၀ ရှိသည်။ တံတားခံနိုင်ဝန် တန် ၇၀ ရှိသည့် အင်းစိန်ကားလမ်းကူး မီးရထားခုံးကျော် လက်တက်တံတားသစ် အဆင်း တစ်လမ်းသွား မင်းကြီးလမ်းဘက်ခြမ်း(ဗဟိုလမ်း) တည်ဆောက်မှုသည် ယနေ့ညနေပိုင်းတွင် ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

■

# ကိုဗစ်-၁၉ ကောက်နုတ်ချက်နှင့် ထုတ်ပြန်ချက်



## အိုင်တီနည်းပညာခေတ်



အခုက အိုင်တီနည်းပညာခေတ်ဖြစ်တယ်။ အိုင်တီနည်းပညာဟာ တစ်ကမ္ဘာလုံးမှာ တိုးတက်နေတယ်။ ကျွန်မတို့နိုင်ငံကို အိုင်တီနည်းပညာ ရောက်လာပြီး ပြန့်ပွားလာတာ နိုင်ငံတော်တော်များများနဲ့စာရင် နောက်ကျနေတယ်လို့ ပြောရပါမယ်။ သို့သော်ငြားလည်း မြန်ဆန်ပါတယ်။ အခုငါးနှစ်အတွင်းမှာ ပြည်သူလူထုရဲ့ မိုဘိုင်းဖုန်းအသုံးပြုမှုနှုန်းဟာ ၁၀၀ ရာခိုင်နှုန်းကျော်သွားပါပြီ။ ပြောရမယ်ဆိုရင် ပျမ်းမျှခြင်းအားဖြင့် တစ်ယောက်မှာ တစ်လုံးမကတောင် ရှိနေတယ်လို့ ပြောလို့ရပါတယ်။ ပြီးတော့ ပြည်သူတွေဟာ မိုဘိုင်းဖုန်းကို သုံးတတ်လာပြီ၊ ဒီမိုဘိုင်းဖုန်းကို သုံးခြင်းအားဖြင့် စီးပွားရေးဘက်၊ ပညာရေးဘက်မှာလည်း ထိထိရောက်ရောက်တိုးတက်နိုင်အောင် သုံးနည်းသုံးဟန်တွေ ပြည်သူတွေကြား ထဲမှာ ပညာပေးဖို့၊ နောက်ပြီး သုံးပြီးတော့ ပြည်သူတွေရဲ့ စီးပွားရေးဘက်မှာ တောင့်တင်းလာဖို့ဆိုတဲ့ အစီအစဉ်တွေလည်း စပြီးချမှတ်နေပါတယ်။ ဒီစီမံကိန်းတွေကိုလည်း စပြီးတော့ အကောင်အထည်ဖော်မှာဖြစ်ပါတယ်။

(Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၀-၁၁-၂၀၂၀ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၄-၁၂-၂၀၂၀) ရက်နေ့၊ ညနေ (၅:၃၀)နာရီ**

(၃-၁၂-၂၀၂၀) ရက်နေ့အတွက် **ဓာတ်ခွဲအတည်ပြုလူနာ (၁၄၁၈) ဦး**၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြု လူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | မင်္ဂလာဒုံ | ၇၇ |
| | | တောင်ဥက္ကလာပ | ၆၈ |
| | | မရမ်းကုန်း | ၆၆ |
| | | အင်းစိန် | ၅၃ |
| | | ရွှေပြည်သာ | ၄၉ |
| | | မြောက်ဥက္ကလာပ | ၄၂ |
| | | သင်္ဃန်းကျွန်း | ၃၄ |
| | | မှော်ဘီ | ၃၄ |
| | | လှည်းကူး | ၃၀ |
| | | စမ်းချောင်း | ၂၈ |
| | | တာမွေ | ၂၇ |
| | | ကျွဲဆော | ၂၂ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၂၁ |
| | | ကမာရွတ် | ၁၈ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၁၈ |
| | | ထန်းတပင် | ၁၇ |
| | | ကျောက်တန်း | ၁၇ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၆ |
| | | ဗိုလ်တထောင် | ၁၅ |
| | | တိုက်ကြီး | ၁၄ |
| | | ဒေါပုံ | ၁၃ |
| | | လှိုင်သာယာ | ၁၂ |
| | | ရန်ကင်း | ၁၁ |
| | | ဗဟန်း | ၁၀ |
| | | အလုံ | ၁၀ |
| | | လှိုင် | ၁၀ |
| | | သုံးခွ | ၁၀ |
| | | ဒလ | ၁၀ |
| | | ပန်းပဲတန်း | ၉ |
| | | ဒဂုံ | ၇ |
| | | သာကေတ | ၇ |
| | | မင်္ဂလာတောင်ညွန့် | ၆ |
| | | လမ်းမတော် | ၆ |
| | | ကော့မှူး | ၆ |
| | | ဒဂုံဆိပ်ကမ်း | ၄ |
| | | ဒလ | ၃ |
| | | ခရမ်း | ၃ |
| | | ပုဇွန်တောင် | ၂ |
| | | ကြည့်မြင်တိုင် | ၂ |
| | | တိုက်ကြီး | ၂ |
| | | တွံတေး | ၂ |
| | | လသာ | ၂ |
| | | ဆိပ်ကြီးခနောင်တို | ၁ |
| | | စုစုပေါင်း | ၈၁၈ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | မဟာအောင်မြေ | ၅၇ |
| | | ချမ်းအေးသာစံ | ၃၈ |
| | | အမရပူရ | ၃၇ |
| | | အောင်မြေသာစံ | ၃၆ |
| | | ချမ်းမြသာစည် | ၂၅ |
| | | စဉ့်ကိုင် | ၁၉ |
| | | ပြည်ကြီးတံခွန် | ၁၂ |
| | | ပြင်ဦးလွင် | ၁၂ |
| | | ပုသိမ်ကြီး | ၇ |
| | | နွားထိုးကြီး | ၅ |
| | | မိတ္ထီလာ | ၃ |
| | | မြင်းခြံ | ၂ |
| | | ညောင်ဦး | ၂ |
| | | မြစ်သား | ၂ |
| | | ကျောက်ဆည် | ၂ |
| | | ဝမ်းတွင်း | ၂ |
| | | ကျောက်ပန်းတောင်း | ၂ |
| | | မတ္တရာ | ၁ |
| | | မလှိုင် | ၁ |
| | | သပိတ်ကျင်း | ၁ |
| | | သာစည် | ၁ |
| | | စုစုပေါင်း | ၂၆၇ |
| ၃။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၃၁ |
| | | အုတ်ဖို | ၁၁ |
| | | သနပ်ပင် | ၆ |
| | | ဒိုက်ဦး | ၅ |
| | | ကျောက်တံခါး | ၃ |
| | | တောင်ငူ | ၃ |
| | | ပြည် | ၂ |
| | | ဝေါ | ၂ |
| | | လက်ပံတန်း | ၂ |
| | | ကဝ | ၂ |
| | | ညောင်လေးပင် | ၁ |
| | | ပန်းတောင်း | ၁ |
| | | ဖြူး | ၁ |
| | | ဇီးကုန်း | ၁ |
| | | မိုးညို | ၁ |
| | | ရေတာရှည် | ၁ |
| | | ပေါက်ခေါင်း | ၁ |
| | | စုစုပေါင်း | ၇၄ |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | ဖျာပုံ | ၁၈ |
| | | ကန်ကြီးထောင့် | ၁၃ |
| | | မအူပင် | ၁၀ |
| | | ဓနုဖြူ | ၉ |
| | | ကျိုက်လတ် | ၉ |
| | | မော်လမြိုင်ကျွန်း | ၆ |
| | | ရေကြည် | ၅ |
| | | လပွတ္တာ | ၃ |
| | | မြန်အောင် | ၂ |
| | | ပုသိမ် | ၁ |
| | | ဇလွန် | ၁ |
| | | အင်္ဂပူ | ၁ |
| | | ကျောင်းကုန်း | ၁ |
| | | ညောင်တုန်း | ၁ |
| | | စုစုပေါင်း | ၈၂ |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး | စစ်ကိုင်း | ၂၈ |
| | | ရွှေဘို | ၁၇ |
| | | မြင်းမူ | ၃ |
| | | ကလေး | ၂ |
| | | တမူး | ၂ |
| | | တန့်ဆည် | ၁ |
| | | ဖောင်းပြင် | ၁ |
| | | စုစုပေါင်း | ၅၄ |
| ၆။ | မကွေးတိုင်းဒေသကြီး | နတ်မောက် | ၁၇ |
| | | မကွေး | ၆ |
| | | မြေသင် | ၂ |
| | | စလင်း | ၁ |
| | | ငဖဲ | ၁ |
| | | ချောက် | ၁ |
| | | မြို့သစ် | ၁ |
| | | ရေနံချောင်း | ၁ |
| | | ပခုက္ကူ | ၁ |
| | | တောင်တွင်းကြီး* | ၁ |
| | | ပွင့်ဖြူ | ၁ |
| | | စုစုပေါင်း | ၃၃ |
| ၇။ | မွန်ပြည်နယ် | သထုံ | ၁၂ |
| | | မော်လမြိုင် | ၉ |
| | | ကျိုက်ထို | ၂ |
| | | ချောင်းဆုံ | ၁ |
| | | ပေါင် | ၁ |
| | | ရေး | ၁ |
| | | စုစုပေါင်း | ၂၆ |
| ၈။ | ရှမ်းပြည်နယ် | တောင်ကြီး | ၂ |
| | | နောင်ချို | ၂ |
| | | ကလော | ၂ |
| | | မိုးမိတ် | ၂ |
| | | ပင်းတယ | ၂ |
| | | လားရှိုး | ၁ |
| | | ဟဲဟိုး | ၁ |
| | | မိုးနဲ | ၁ |
| | | လွိုင်လင် | ၁ |
| | | ယဲငံ | ၁ |
| | | ဆီဆိုင် | ၁ |
| | | စုစုပေါင်း | ၁၆ |
| ၉။ | ကချင်ပြည်နယ် | ဖားကန့် | ၁၄ |
| | | မြစ်ကြီးနား | ၁ |
| | | မိုးညှင်း | ၁ |
| | | စုစုပေါင်း | ၁၆ |
| ၁၀။ | ရခိုင်ပြည်နယ် | ကျောက်တော် | ၄ |
| | | မြို | ၃ |
| | | မောင်တော | ၂ |
| | | သံတွဲ | ၂ |
| | | စုစုပေါင်း | ၁၁ |
| ၁၁။ | ကရင်ပြည်နယ် | မြဝတီ | ၅ |
| | | ကော့ကရိတ် | ၃ |
| | | ဘားအံ | ၂ |
| | | ကြာအင်းဆိပ်ကြီး | ၁ |
| | | စုစုပေါင်း | ၁၁ |
| ၁၂။ | တနင်္သာရီတိုင်းဒေသကြီး | မြိတ် | ၆ |
| | | ထားဝယ် | ၁ |
| | | စုစုပေါင်း | ၇ |
| ၁၃။ | နေပြည်တော် | ဇမ္ဗူသီရိ | ၂ |
| | | စုစုပေါင်း | ၂ |
| ၁၄။ | ချင်းပြည်နယ် | ဖလမ်း | ၁ |
| | | စုစုပေါင်း | ၁ |
| | (၃-၁၂-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၁,၄၁၈) ဦး |

* တောင်တွင်းကြီးမြို့နယ်မှ (၁)ဦးနှင့် လှိုင်မြို့နယ်မှ (၁)ဦးတို့သည် ပြည်ပမှပြန်လည်ရောက်ရှိလာပြီး အသွားအလာကန့်သတ်ထားရှိသူများ ဖြစ်ပါသည်။

မှတ်ချက်။ (၃-၁၂-၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၄၁၈) ဦးတွင် အနံ့မရရှိသူ (၂၆) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ကျွန်မချစ်သော မြကျွန်းညိုနှင့် ကံ့ကော်မြိုင်



ဒီဇင်ဘာလ ၁ ရက်နေ့တွင် ကျရောက်သည့် ရန်ကုန်တက္ကသိုလ်၏ ရာပြည့်သဘင်အခမ်းအနားတွင် ဂုဏ်ပြုဖျော်ဖြေခဲ့သည့် ရန်ကုန်တက္ကသိုလ် အနုပညာအသင်းကြီး၏ ကံ့ကော်မြိုင်အငြိမ့်အဖွဲ့အား တွေ့ရစဉ်။ ဓာတ်ပုံ - ကိုနေ(မြန်မာစာ)

**ရှင်းရှင်းသန့်**

ဂျပ်ဆင်ဝင်ပေါက်မှအဝင် ရေတမာပင်တန်းကြီးကလည်း ဆီးကြိုနေလျက်ရှိသည်။ မြက်ခင်းစိမ်းတွင် ငှက်ကလေးများ ဆော့ကစားနေကြသည်။ ငုနဲ့ ပိတောက်ပင်များကလည်း ဆီးကြိုနေသည်။ ပင်ယံထက်ဆီက ကိုရွှေဥသြလေးကလည်း တွန်ကျူးသံလေးနှင့် နှုတ်ဆက်စကားဆိုလေသည်။ တဖြည်းဖြည်း လျှောက်လှမ်းလာရင်း အနုပညာအသင်းအခန်းအနီး ရောက်သည်နှင့် တစ်ပြိုင်နက် ဆိုင်းသံ ဗုံသံများ ကြားရသည်။

**"တိုးဗေတိုးဗေ.....တိုးဗေတိုးဗေ.....ဗျေဗျေ တပ်ဗျေး ..... တပ်ဗျေး တပ်"**

ရှင်းသန့်ငယ်စဉ်လေးနှစ်သမီးအရွယ်မှာကတည်းက အကဝါသနာပါခဲ့သည်။ မူကြိုကျောင်း ကပွဲများမှ မူလတန်း၊ အလယ်တန်းကျောင်း ကပွဲများ၊ တိုင်းအဆင့် ကပွဲများ၊ ဆိုကရေးတီးပြိုင်ပွဲများ၊ ရုပ်မြင်သံကြား ရိုက်ကူးရေးများ ပွဲပေါင်းစုံ ကခဲ့လေသည်။ ဒီလိုကခဲ့ပြီး အထက်တန်းမှာတော့ အနုပညာလှုပ်ရှားမှုများ ရပ်နားခဲ့သည်။ ဒီလိုနဲ့ ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်ပြီး ရန်ကုန်တက္ကသိုလ်ကို ရောက်ရှိလာခဲ့သည်။

**ရန်ကုန်တက္ကသိုလ်.....**

ရန်ကုန်တက္ကသိုလ်ကြီးကား ပန်းပေါင်းစုံဖူးပွင့်သည့် ဥယျာဉ်တောအုပ်ကြီးဖြစ်သည်။ စိန်ပန်း၊ ကံ့ကော်၊ ရေတမာ၊ သော်က၊ စွယ်တော်၊ ပိတောက်၊ ငုဝါ၊ ပုန်းညက်စသဖြင့် စုံလင်လှသည်။ အပွင့်ချင်းဆိုင်ကာ အလှချင်းပြိုင်၍ ရနံ့ချင်းမြိုင်နေကြသည်။ အပင်တကာတို့၏ ခေါင်ချုပ် သစ်ပုပ်ပင်ကြီးသည်လည်း လှမြဲလှဆဲ ဖြစ်ပေသည်။ ဘွဲ့နှင်းသဘင်ခန်းမကြီးကလည်း ရာဇဣန္ဒြေအပြည့်ဖြင့် ခံ့ညားထည်ဝါ စွာ တည်ရှိနေသည်။ RC ခေါ် အပန်းဖြေရိပ်သာကလည်း ပွဲလမ်းသဘင်များဖြင့် စည်ကားလျက်ရှိသည်။ သို့သော် RC ထဲရှိ တက္ကသိုလ် အနုပညာအသင်းကို ၁၉၈၈ ခုနှစ် နောက်ပိုင်းမှစတင်၍ တိတ်ဆိတ်စွာပိတ်ထားခဲ့ရသည်။ ဒီလိုပိတ်ထားခဲ့ရသည့် ရန်ကုန်တက္ကသိုလ် အနုပညာအသင်းကြီးကို ဆရာဦးမျိုးမြတ်သူတို့၏ ဆော်သြမှုဖြင့် ၂၀၁၈ ခုနှစ် ဇွန်လမှာ ပြန်လည်ဖွင့်လှစ်မည်ဟု သတင်းကြားရသည်။ သည်လိုနှင့် မိန်းထဲရှိ အပန်းဖြေရိပ်သာ (Recreation Center-RC) ဘက်သို့ ခြေဦးလှည့်ခဲ့သည်။

**"အတူလေးရယ်တဲ့ ယှဉ်ကာပြိုင် ယှဉ်ကာပြိုင် x x x အတူလေးရယ်တဲ့ ယှဉ်ကာပြိုင် ယှဉ်ကာပြိုင် x x x ဖဲမွေ့ရာ ရွှေကော်ဇော ရောနှောလို့ထိုင် x x x"**

နတ်ဒိုးသံများကြားနေရသည်။ စုံစမ်းကြည့်လိုက်သည့်အခါမှာ ရန်ကုန်တက္ကသိုလ် အနုပညာအသင်းဖွင့်ပွဲအတွက် အပျိုတော်အကတိုက်နေသည်ဟု သိရသည်။ အပျိုတော်အက..... ရှင်းသန့်နဲ့မစိမ်းတဲ့အကဟု ပြောလို့ရသည်။ ခြောက်တန်း အ.ထ.က (၂) စမ်းချောင်းမှာကတည်းက ရှင်းသန့် အပျိုတော်ခေါင်းဆောင် ကခဲ့ပါသည်။ အဲဒါကြောင့်ပဲ အကသင်ပေးနေကြသည့် ဆရာမကြီးတီချယ် ဒေါ်မူမူခင်နှင့် တီချယ်ကြီး ဒေါ်တင်တင်နွယ်တို့ကို ခွင့်တောင်းပြီး အကသင်နေသည့် အစ်မနှစ်ယောက် နောက်ကနေ အစမ်းလိုက်ကပါရစေလို့ ခွင့်တောင်းပြီး လိုက်ကခဲ့သည်။

သုံးခေါက်မြောက် လိုက်ကပြီးနောက် ဖျော်ဖြေပွဲအတွက် အဖွဲ့ထဲမှာ ရှင်းသန့် ဝင်ကခွင့်ရခဲ့သည်။ အဲဒီနေ့ကား ၁၃.၆.၂၀၁၈ ရက်နေ့ ဖြစ်သည်။ ရှင်းသန့်အတွက် သာမန်ရိုးရိုး ရက်စွဲမဟုတ်ပေ။ တက္ကသိုလ်ကျောင်းသူအဖြစ် အနုပညာစတင်လှုပ်ရှားသည့်နေ့လို့ သတ်မှတ်လို့ရပါသည်။

အလှပေါင်းစုံ ဘာသာရပ်ပေါင်းစုံနှင့် တင့်တယ်နေသည့် မြကျွန်းညိုမှာ အနုပညာ ပန်းပေါင်းစုံ ဖူးပွင့်ဝေဆာနေသည်။ ရှင်းသန့်လည်း အနုပညာပန်းပွင့်လေးတစ်ပွင့်အဖြစ် အလှဆုံးဖူးပွင့်ဖို့ စတင်လေပြီ။

**အမှတ်တရအဖြစ်ဆုံး အနုပညာအသင်းမှ ဖျော်ဖြေပွဲများ**

**၁၈.၆.၂၀၁၈ ရက်နေ့မှာ ကျင်းပသည့် ရန်ကုန်တက္ကသိုလ် အနုပညာအသင်း သင်တန်းဖွင့်ပွဲ**

ခန်းမထဲမှာ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းနှင့်တကွ ဆရာ ဆရာမများ၊ သတင်းမီဒီယာသမားများ၊ ဖျော်ဖြေရေးသမားများ၊ ဆိုင်းအဖွဲ့သားဆရာကြီးများနှင့် အခြားဖိတ်ကြားထားသောဧည့်သည်များ ရောက်နှင့်နေကြပြီ။ ရှင်းသန့်တို့အဖွဲ့က အပျိုတော်ယိမ်းဖြစ်သည့်အတွက် ပွဲဦးဖျော်ဖြေတင်ဆက်ရသည်။ အပျိုတော်ယိမ်း ဖျော်ဖြေတင်ဆက်ရာမှာ တီချယ်ကြီး ဒေါ်တင်တင်နွယ်က ဦးစွာ ဖျော်ဖြေတင်ဆက်သည်။ ပြီးနောက် ရှင်းသန့်တို့အဖွဲ့က တစ်ဆက်တည်းဖျော်ဖြေတင်ဆက်ရသည်။ ထို့နောက် အခြားသော ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဆက်လက်ဖျော်ဖြေခဲ့ကြသည်။ ပွဲပြီးသည်နှင့်တစ်ပြိုင်နက် သတင်းဌာနအသီးသီးမှ သတင်းတင်ဆက်ကြသည်။ သတင်းမှာ **"ရန်ကုန်တက္ကသိုလ် အနုပညာအသင်းကြီး ပြန်လည်ဖွင့်လှစ်ပြီ"** တဲ့။

ဖွင့်ပွဲပြီးသည့်နောက် ရှင်းသန့် အနုပညာအသင်း ဝင်ရောက်ခဲ့ပြီး အကသင်တန်း စတင်တက်ရောက်ခဲ့သည်။ အကသင်တန်းမှာ သင်ကြားပေးသည့် ဆရာမများကတော့ တီချယ် ဒေါ်သီတာဝင်း (မိုးနတ်သူဇာ သီတာဝင်း)၊ ပန်တျာကျောင်းအုပ် (ငြိမ်း) ဆရာမကြီး တီချယ် ဒေါ်မူမူခင်၊ တီချယ်ကြီး ဒေါ်တင်တင်နွယ်နှင့် တီချယ် ဒေါ်ခင်နှင်းနှင်းကြည်တို့ ဖြစ်ကြပါသည်။ ရှင်းသန့်က အကအပြင် ငါးတန်းနှစ်က စောင်းပညာကို ယဉ်ကျေးမှုက စောင်းဆရာကြီး ဦးချမ်းဆီမှာ လေ့လာသင်ယူခဲ့ပါသည်။ ထို့ကြောင့် စောင်းပညာ အဆက်မပြတ်စေလိုသည့်အတွက် စောင်းသင်တန်း ထပ်မံတက်ရောက်ခဲ့ပါသေးသည်။ စောင်းကိုတော့ ဆရာကြီး ဦးမောင်မောင်ခင် (တက္ကသိုလ် မောင်မောင်ခင်) နှင့် ဆရာကြီး ဒေါက်တာ ငွေးဝင်း (ရန်ကုန်တက္ကသိုလ်ဆိုင်းအဖွဲ့ ရှာစား) တို့က သင်ကြားပေးပါသည်။ ဆရာကြီး ဦးမောင်မောင်ခင်က ရန်ကုန်တက္ကသိုလ်အနုပညာအသင်း စောင်းသင်တန်းနှင့် အဆိုသင်တန်း၏ အဓိက ဆရာတစ်ယောက်ဖြစ်ပါသည်။ အနုပညာအသင်းမှာ အဆို၊ အက၊ စောင်းအပြင် ပတ္တလားသင်တန်းလည်း ရှိပါသည်။ ပတ္တလားသင်တန်းကိုတော့ ဆရာကြီး ဦးမောင်မောင်သန်းနှင့် ဆရာကြီး ဦးအောင်ကြည်မြင့်တို့က သင်ကြားပေးပါသည်။

**၇.၉.၂၀၁၈ ရက်နေ့မှာ ကျင်းပသည့် "ရန်ကုန်တက္ကသိုလ် အနုပညာအသင်း ၂၀၁၇-၂၀၁၈ ပညာသင်နှစ် သင်တန်းဆင်းသရုပ်ပြပွဲနှင့် ကချီခန်းအနုပညာ" ပွဲ**

ဒီပွဲလေးကတော့ ရှင်းသန့် အနုပညာအသင်းဝင်အဖြစ်နှင့် ပထမဦးဆုံးအကြိမ် ဖျော်ဖြေတင်ဆက်ရသည့်ပွဲဖြစ်ပါသည်။ အမျိုးအစားမတူညီသည့် ဖျော်ဖြေရေး လေးမျိုး ဖျော်ဖြေခဲ့ရသည်က ရှင်းသန့်အတွက် အမှတ်တရဖြစ်ခဲ့သည်။ အဲဒီပွဲမှာ အပျိုတော်(အက)၊ ကျွန်းကျွန်းပိုင်သ (စောင်း)၊ အိမ်မက်စေတမန် (အက)၊ ကချီခန်း (အက) ပုံစံ လေးမျိုးဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ပါသည်။ ရှင်းသန့်အတွက် အမှတ်တရ ဖြစ်စေခဲ့သည်ကတော့ "ကချီခန်း အနုပညာ" ကို ကခွင့်ရခဲ့ခြင်းဖြစ်သည်။

**၁၇.၁၂.၂၀၁၈ ရက်နေ့မှာ ကျင်းပတဲ့ ရန်ကုန်တက္ကသိုလ် ရာပြည့်အကြို (၉၈) နှစ်မြောက် အထိမ်းအမှတ် အနုပညာအသင်း ပဒေသာကပွဲ**

သည်ပွဲလေးမှာ ရှင်းသန့်က ရန်ကုန်တက္ကသိုလ် အနုပညာအသင်းမျိုးဆက်သစ် ကံ့ကော်မြိုင်အငြိမ့်၏ ခေါင်းဆောင်မင်းသမီးအနေဖြင့် ကခွင့်ရခဲ့ပါသည်။

**၆.၉.၂၀၁၉ ရက်နေ့မှာကျင်းပတဲ့ ရန်ကုန်တက္ကသိုလ် အနုပညာအသင်း သင်တန်းဆင်းပွဲအခမ်းအနား**

အဲဒီပွဲလေးကတော့ ရှင်းသန့်အတွက် အမှတ်တရအဖြစ်ဆုံး ပွဲလေးပါ။ ဘာလို့လဲဆိုတော့ ရှင်းသန့်အနေဖြင့် အသင်းကလုပ်သည့် ပွဲများ၊ ကျောင်းကလုပ်သည့် ပွဲများမှာ အငြိမ့်ကသည့်အခါ playback ဒါမှမဟုတ် နောက်ခံ အဆိုတော် ဆိုပေးတာနှင့်ပဲ အမြဲကခဲ့ပါသည်။

ဒီပွဲလေးအတွက် အငြိမ့်တိုက်တဲ့အချိန်မှာတော့ ဆရာကြီး ဦးမောင်မောင်သန်းက **"အငြိမ့်မင်းသမီးဆိုတာ ကိုယ်တိုင်ဆို၊ ကိုယ်တိုင်ကရတယ်။ ကရင်းဆိုတာဖြစ်မှ တကယ့် အငြိမ့်မင်းသမီး။ အဆိုပုဒ်ကို ပြန်တီးပြီး အချမှာ ကြမ်းပြင်ကနေ အလူးအလဲ လိမ့်ထရင်း နောက်အပုဒ်ကို ဆက်ဆိုကာ မောဟိုက်တဲ့ အသံ၊ မောမောနဲ့ ဆိုသံလေးတွေ အဲဒါမှ အငြိမ့်မင်းသမီး အစစ်"** လို့ ပြောခဲ့ပါသည်။

ရှင်းသန့်လည်း **'မမဲညို'** သီချင်းနှင့် ဖျော်ဖြေတင်ဆက်ဖို့ ဆိုရင်းကပြီး လေ့ကျင့်ခဲ့သည်။ သို့သော် ယုံကြည်မှုတော့ လျော့နေသည်။ 'ငါမဆိုနိုင်လောက်ဘူး' ဆိုသည့်စိတ်ဝင်နေခဲ့သည်။

**စာမျက်နှာ ၁၉ သို့ ❍**

**ရန်ကုန်တက္ကသိုလ်ဆိုသည်မှာ 'ကျောင်းစာ' သာမက အားကစားနှင့် ပန်းချီ၊ ကဗျာ၊ လက်ာ၊ စာပေ၊ ဂီတ၊ အဆို၊ အက၊ အတီး စသည့်အနုပညာအဖုံဖုံကို လေ့ကျင့်ပေးနေသည့် မြကျွန်းညိုကြီး ဖြစ်ပါသည်။ ရန်ကုန်တက္ကသိုလ်က ခေါ်ယူသည့် အထူးပြုဘာသာရပ်များထဲကမှ ကိုယ်ကြိုက်နှစ်သက်သည့် 'ကုန်ထုတ်ဓာတုဗေဒ' ဘာသာရပ်ကို ရွေးချယ်တက်ရောက်ခဲ့ပြီး စာသင်ချိန်ပြီးသည်နှင့် RC ထဲက တက္ကသိုလ်အနုပညာအခန်းသည် ရှင်းသန့်၏ ဒုတိယစာသင်ခန်းဖြစ်ခဲ့။**

❍ စာမျက်နှာ ၁၈ မှ

အဲဒီအချိန်တွင် ကံ့ကော်မြိုင်၏ လူရွှင်တော်ဟောင်းကြီး လူရွှင်တော် ပေါ်ပေါ် (ခေါ်) ဆရာကြီး ဦးငွေးမော်က ရှင်းသန့်ကို **"ရှင်းသန့် ဘာလို့ မဆိုနိုင်ရမှာလဲ၊ ဆိုနိုင်တယ်၊ များများလေ့ကျင့်ရတယ်၊ ဆိုနိုင်တယ်"** ဆိုပြီး အားပေးခဲ့ပါသည်။ အဲဒီလို အားပေးမှု တွေနှင့်အတူ ရှင်းသန့် အကောင်းဆုံး ဖျော်ဖြေနိုင်ခဲ့ပါသည်။ ရလဒ်အနေဖြင့် ရှင်းသန့် ဆိုရင်းကသည့်မင်းသမီး တစ်လက်အနေဖြင့် အသိအမှတ်ပြုခံခဲ့ရသည်။ အဲဒီပွဲ ကပြီးနောက်ပိုင်း ကသည့်ပွဲများ ရှင်းသန့်ကိုယ်တိုင် ဆိုကခဲ့ပါသည်။

**၈.၁၂.၂၀၁၉ ရက်နေ့ အဓိပတိလမ်းကရင်ခုန်သံ ဂီတညချမ်းပွဲ**

ဆရာကြီး ဒေါက်တာငွေးဝင်း၊ ဆရာမကြီး တီချယ် ဒေါ်မူမူခင်တို့၏ လမ်းညွှန်မှုနှင့်အတူ ရန်ကုန်တက္ကသိုလ် ဝိုင်းတော်သားတို့၏ ဆီမီးခွက်အက ပြန်လည်ဖော်ထုတ် တင်ဆက်မှုမှာ ပါဝင်ခွင့်ရခဲ့ပါသည်။ သည်ဘက်ခေတ်တွင် LED မီးများနှင့် အစားထိုးကပြ ဖျော်ဖြေနေကြသော်လည်း အဲဒီပွဲမှာတော့ တကယ့်ဆီမီးအစစ်နှင့် ကပြဖျော်ဖြေ တင်ဆက်ခဲ့ကြပြီး ဆီမီးအကကို ပြန်လည်ဖော်ထုတ် ကပြခဲ့ပါသည်။

ဝိုင်းတော်သားများအနေဖြင့် မောင်းဆိုင်း- မောင်သုတစိုး (စတုတ္ထနှစ် ကွန်ပျူတာသိပ္ပံ)၊ နဲ့ - ဆရာ ဦးညီရွှေ (ကထိက -ငြိမ်း) အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်)၊ ပတ်မတီး - မောင်ကောင်းသန့်ဇော် (ဒုတိယနှစ် သင်္ချာ)၊ အုပ်စုံ - မောင်ဟန်မင်းဗဏ် (စတုတ္ထနှစ် သတ္တဗေဒ)၊ ဝါးလက်ခုပ် - မောင်ဝေဖြိုး (ဒုတိယနှစ် ဂုဏ်ထူးတန်း ရူပဗေဒ)၊ လင်းကွင်းကြီး- မောင်အောင်ကိုကိုခန့် (ဒုတိယနှစ် သင်္ချာ)၊ စည်တို- မောင်ဇော်အောင် (တတိယနှစ် ဘူမိဗေဒ) တို့က ပါဝင် တီးခတ်ထားပါသည်။

ရန်ကုန်တက္ကသိုလ် အနုပညာအသင်းအနေဖြင့် ဖျော်ဖြေခဲ့သည့် တခြားဖျော်ဖြေပွဲများကတော့ The 46th Ship For Southeast Asian and Japanese Youth Program 2019 (23.11.2019)

ရန်ကုန်အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ်၏ ဖိတ်ကြားမှုနှင့်အတူ ဖျော်ဖြေခွင့်ရသည့် Japan Myanmar Cultural Exchange3D Mission New Generation and University Communities (20.2.2020)

**"သင်းရနံ့ကြိုင်လှိုင် ကံ့ကော်မြိုင်"**

ရှင်းသန့်ဘဝမှာ မှတ်တိုင်တစ်ခုထူနိုင်ခဲ့လေပြီ။

"ကံ့ ကော် မြိုင် ......"

၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင် ရန်ကုန် တက္ကသိုလ်ကို သတင်းတစ်ခု ဝင်လာခဲ့သည်။ ရန်ကုန် တက္ကသိုလ် ရာပြည့်အထိမ်းအမှတ်တက္ကသိုလ်နှင့် ကောလိပ်ပေါင်းစုံ အငြိမ့်ပြိုင်ပွဲ ရိုက်ကူးထုတ်လွှင့်ရန် အတွက် ရန်ကုန်တက္ကသိုလ်က အငြိမ့်အဖွဲ့တစ်ဖွဲ့ ဝင်ရောက် ယှဉ်ပြိုင်မည် ဖြစ်ပါသည်။ ကျောင်းတွင်းလူရွေးချယ်ပွဲ ယှဉ်ပြိုင်ရမည့်ပုံစံမှာ လူရွှင်တော် နှစ်လက်၊ မင်းသမီး တစ်လက်ပါဝင်သည့် သုံးယောက်တစ်ဖွဲ့ပုံစံ ဖြစ်ပါသည်။ မင်းသမီးများအနေဖြင့် တစ်ဦးလျှင် သီချင်းနှစ်ပုဒ် ပြင်ဆင် ထားရန်ဖြစ်ပြီး ကိုယ်တိုင်ဆိုကရမည် ဖြစ်ပါသည်။ ရွေးချယ်ခံရမည့်အဖွဲ့သည် နေပြည်တော်တွင် သွားရောက် ယှဉ်ပြိုင်ရိုက်ကူးရမည် ဖြစ်ပါသည်။

ဒီသတင်းကြားသည်နှင့် ရှင်းသန့်ပြိုင်ပွဲအတွက် ပြင်ဆင်မှုများ လုပ်သည်။ အဆို၊ အက နှစ်ခုစလုံး ပိုင်နိုင်အောင် လေ့ကျင့်ပြင်ဆင်ခဲ့သည်။ ဆရာကြီး ဦးမောင်မောင်ခင်က အဆိုပိုင်းဆိုင်ရာမှာ လိုအပ်သည်များ ပြင်ပေးသည်။ အကပိုင်းဆိုင်ရာမှာတော့ ရှင်းသန့် အငြိမ့်တွေကြည့်သည်။ ကကွက်များကိုတော့ သီချင်းနှင့် လိုက်ဖက်အောင် အငြိမ့်များကြည့်ရင်း ကကွက်များကို ထွင်သည်၊ ထည့်သည်။ အဲဒီကကွက်များကိုမှ ရှင်းသန့်နှင့် လိုက်သည့် ကကွက်၊ မလိုက်သည့် ကကွက်များကို ရှင်းသန့် ၏အက partner ဖြစ်သည့် အနုပညာအသင်းမှာ မင်းသား ကသည့် အစ်ကို ဝင်းမင်းအောင်က ကြည့်ပေးပါသည်။ အဝတ်အစားပိုင်းကိုတော့ ရှင်းသန့်၏ မေမေက ချုပ်ပေး သည်။ အားလုံး ဝိုင်းဝန်းကူညီမှုနှင့်အတူ ပြိုင်ပွဲတွင် အကောင်းဆုံးယှဉ်ပြိုင်နိုင်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ဩဂုတ် လ ၂၄ ရက်နေ့မှာ ပြိုင်ပွဲ result ထွက်သည်။ မင်းသမီး အနေဖြင့် ရှင်းရှင်းသန့် (ရှင်းသန့် အရွေးခံရသည်)၊ လူရွှင်တော်များအနေဖြင့် ဟန်မင်းဗဏ်၊ လွှမ်းဘုန်းမိုး၊ စည်သူနိုင်၊ အောင်ကောင်းမြတ်တို့က ရွေးချယ်ခံကြရသည်။

သို့သော် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပြိုင်ပွဲ အစီအစဉ်ကနေ ဖျော်ဖြေပွဲအသွင် ပြောင်းလဲသွားသည့် အခါမှာတော့ ပြိုင်ပွဲအတွက် မင်းသမီးတစ်လက်ကနေ ဖျော်ဖြေပွဲအတွက် မင်းသမီးနှစ်လက်ကဖို့ ပြန်လည် ပြင်ဆင်လိုက်ရပါသည်။ အဲဒီလိုပြန်လည်ပြင်ဆင်သည့်အခါ အငြိမ့်ပြိုင်ပွဲတွင် ပထမရသည့် ရှင်းသန့်က ခေါင်းဆောင် မင်းသမီး၊ ဒုတိယရသည့် မမွန်သီရိသော်က ရှေ့ထွက် မင်းသမီးအနေဖြင့် ပါဝင်ကပြတင်ဆက်ဖို့ပြင်ဆင်ကြပါသည်။

ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် ရာပြည့်သဘင် "ကံ့ကော်မြိုင်အငြိမ့်" MRTV ရုပ်သံရိုက်ကူးထုတ်လွှင့် နိုင်အောင် စီစဉ်ညွှန်ကြားပေးကြသည့် ပြန်ကြားရေး ဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပညာရေး ဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်း၊ တာဝန်ခံပါမောက္ခချုပ် ဒေါက်တာနီလာအောင်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာ သောင်းထိုက်၊ အငြိမ့်အားကြီးကြပ်ဆောင်ရွက်ပေးသည့် ရန်ကုန်တက္ကသိုလ် အနုပညာအသင်းဥက္ကဋ္ဌ ဆရာမကြီး ဒေါက်တာစိုးမြမြအေး (ပါမောက္ခ/ဌာနမှူး ကွန်ပျူတာသိပ္ပံ ပညာဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ရာပြည့်ဂုဏ်ပြုသီချင်း များကို ရေးသားပေးကြသည့် အနုပညာအသင်းမှ အငြိမ်းစား ပါမောက္ခဒေါက်တာငွေးဝင်း၊ ဂီတဝိဇ္ဇာ ဆရာအောင်ဝမ်းတူး၊ ကံ့ကော်မြိုင်အငြိမ့် တေးသီချင်းများ ကို ရေးစပ်သီကုံးပေးကြသည့် ဒေါက်တာငွေးဝင်း၊ ဂီတစာဆို မောင်ကြေးမုံ၊ ကံ့ကော်မြိုင် လူရွှင်တော်ကြီး ဦးမျက်မှန် (ဦးတင်မောင်ငွေး)၊ ရှင်းသန့် အကအလှများကို စေတနာအပြည့်ဖြင့် သင်ကြားပေးသည့် အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ကထိကဆရာမ ခိုင်သဇင်သင်း၊ မမွန်သီရိသော်၏ အကအလှများကို သင်ကြားပေးသည့် ရွှေမန်းဒေါ်ကျော့ကျော့မူ၊ ရှင်းသန့်တို့ မင်းသမီးနှစ်လက်စလုံးကို အလှပဆုံး မိတ်ကပ်ခြယ်မှုန်း ပေးသည့် မိတ်ကပ်စိုးစိုး (ရွှေပန်းချီကျော်ကျော်လင်းနှင့် အဖွဲ့)၊ အငြိမ့်တစ်ခုလုံး၏ တေးဂီတများအား တီးခတ် ပေးသည့် ရွှာစား ကိုထက်အာကာ၊ ရွှာစား စိန်မြတ်မော်၊ ရွှာစား စိန်မုန့်လုံး၊ ပတ်မတီးပညာရှင် အဘ ဦးရှမ်းကြီး (ဦးလှမြင့် ယဉ်ကျေးမှု-ငြိမ်း)၊ နဲ့ပညာရှင်များဖြစ်ကြသည့် ကိုအောင်မင်းဦး၊ ကိုမျိုးမင်းသန်း၊ ရွှာစားလေး ချစ်ဖွဲ့၊ ကိုဖွဲ့ပြည့်ပိုင် အားလုံး၏ အဘက်ဘက်မှဝိုင်းဝန်းကူညီပေး မှုကြောင့် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၄ ရက်နေ့မှာ ရန်ကုန် တက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင် အထိမ်းအမှတ် ရန်ကုန်တက္ကသိုလ် **"ကံ့ကော်မြိုင်အငြိမ့်"** အောင်မြင်စွာ ရိုက်ကူးပြီးစီးခဲ့ပါသည်။

**"၂၀၂၀ မှာ ရာပြည့်ပွဲသဘင် ကံ့ကော်မြိုင်အငြိမ့် ကြိုးစားလို့ဖြင့် ပျော်ပျော်ရွှင် x x xရွှေမင်းသမီးလေး ရှင်းရှင်းသန့်ရဲ့ တေးအလှတွေလွင် ကံ့ကော်မြိုင်အငြိမ့်သဘင် လက်ဆယ်ဖြာမိုး ဦးချကန်တော့ပန်းဆင် x x x"**

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့မှာတော့ MRTV ကနေ မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်လွှင့်ပြသခဲ့ပြီး အားပေးမှုများ ရရှိခဲ့ပါသည်။

ရန်ကုန်တက္ကသိုလ်ဆိုသည်မှာ 'ကျောင်းစာ' သာမက အားကစားနှင့် ပန်းချီ၊ ကဗျာ၊ လက်ာ၊ စာပေ၊ ဂီတ၊ အဆို၊ အက၊ အတီး စသည့်အနုပညာအဖုံဖုံကို လေ့ကျင့်ပေးနေသည့် **မြကျွန်းညိုကြီး** ဖြစ်ပါသည်။ ရန်ကုန်တက္ကသိုလ်က ခေါ်ယူသည့် အထူးပြုဘာသာရပ်များထဲကမှ ကိုယ်ကြိုက် နှစ်သက်သည့် 'ကုန်ထုတ်ဓာတုဗေဒ' ဘာသာရပ်ကို ရွေးချယ်တက်ရောက်ခဲ့ပြီး စာသင်ချိန်ပြီးသည်နှင့် RC ထဲက တက္ကသိုလ်အနုပညာအခန်းသည် ရှင်းသန့်၏ ဒုတိယ စာသင်ခန်း ဖြစ်ခဲ့လေသည်။

ရန်ကုန်တက္ကသိုလ်ကရော ရန်ကုန်တက္ကသိုလ် အနုပညာအသင်းကနေပါ ခေတ်အဆက်ဆက် ပေါ်ထွက် ခဲ့သည့် အနုပညာရှင်များသည် ယခုဆိုလျှင် မြန်မာနိုင်ငံ၏ အနုပညာလောက နယ်ပယ်အသီးသီးတွင် ပြည်သူလူထု အချစ်တော် အနုပညာရှင်များ ဖြစ်နေကြသည်ကိုလည်း ရှင်းသန့်အနေဖြင့် အားကျအတုယူမိပါသည်။ စာရေးဆရာ၊ ကဗျာဆရာ၊ ဒါရိုက်တာ၊ ရုပ်ရှင်ဂီတသမားများ၊ လူရွှင်တော်များ၊ အငြိမ့်မင်းသမီးများ .......... စသည့် ရန်ကုန်တက္ကသိုလ် ကျောင်းသား ကျောင်းသူများထဲမှ ပေါ်ထွက်ခဲ့သည့် အနုပညာရှင်များ အများကြီးမှ အများကြီး။ ရှင်းသန့်အနေဖြင့် စီနီယာများ၏ အစဉ် အလာခြေရာကို အားကျအတုယူစိတ်ဖြင့် အောင်မြင် အောင် ဆက်လက်ကြိုးစားသွားမည်ဟု ကတိပြုရင်း အမိရန်ကုန် တက္ကသိုလ်ကြီး နှစ်ပေါင်း ၁၀၀ မှသည် နောင်နှစ်ပေါင်း ထောင်သောင်းမက တည်တံ့ပါစေ ကြောင်း ဆုတောင်းစကား ဆိုလိုက်ရပါတယ်ရှင်။

**"မြကျွန်းညိုညို x x x ကွန်းခိုရာတက္ကသိုလ်မှာကြို x x x စာပေဂီတနဲ့သာ အနုပညာ x x x အစစမှာလည်းစုံ x x xတေးပဉ္စင် ငြိမ့်ငြိမ့်ညောင်း စုပေါင်းပါလို့ သီကျူးပုံ x x x တေးမင်္ဂလာ x x x ဘဝင်မှာအေးလို့ x x x ငြိမ်းချမ်းကြစေကုန် x x x"**။ ။



**စာရေးသူ၏ ကိုယ်ရေးအကျဉ်း**

- ❖ အမည်မှာ ရှင်းရှင်းသန့် ဖြစ်သည်။
- ❖ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်တွင် အဘ ဦးစိုးသော်တာနှင့် အမိ ဒေါ်ချိုအေးမော်တို့က ၂၀၀၁ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့တွင် မွေးဖွားခဲ့သည်။
- ❖ တက္ကသိုလ်ဝင်တန်းကို အ.ထ.က (၂) စမ်းချောင်း (စိန့်ဖလိုး) မှ အောင်မြင်ခဲ့သည်။
- ❖ ယခုအခါ ရန်ကုန်တက္ကသိုလ်၌ ကုန်ထုတ်ဓာတုဗေဒဘာသာရပ် ပထမနှစ် (ဂုဏ်ထူးတန်း) တွင် ပညာသင်ယူလျက်ရှိသည်။
- ❖ လက်ရှိတွင် ရန်ကုန်တက္ကသိုလ်အနုပညာအသင်း၌ အတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်လျက် ရှိပါသည်။

# ဖားကန့်၌ လက်လုပ်လက်စား ကျောက်စိမ်းလုပ်ကွက် ၄၀ ကျော် လုပ်ကိုင်ခွင့် ချပေးမည်



ဖားကန့်ဒေသရှိ ကျောက်စိမ်းလုပ်ကွက်ယာအချို့ကို တွေ့ရစဉ်။

**ဖားကန့် ဒီဇင်ဘာ ၄**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ကျောက်စိမ်းဒေသ၌ တစ်ဧကအကျယ်ရှိ လက်လုပ်လက်စား ကျောက်စိမ်း လုပ်ကွက် ၄၂ ကွက်ကို ဒုတိယအကြိမ်အဖြစ် ခွင့်ပြုပေးသွား မည်ဖြစ်ကြောင်း လုံးခင်း- ဖားကန့် ရတနာနယ်မြေ ကျောက်မျက်ရုံးမှ တာဝန်ရှိသူတစ်ဦးက ယနေ့နံနက်က အတည်ပြုပြောကြားခဲ့သည်။

**ဆက်လက်ပေးဆောင်ရမည်**

တစ်ကွက်လျှင် တစ်ဧက အကျယ်ရှိသော အဆိုပါ လက်လုပ်လက်စား ကျောက်စိမ်းလုပ်ကွက်ယာများမှာ ဖားကန့်မြို့နယ် ဟောင်ပါးကျေးရွာအုပ်စု နမ္မမြစ်၊ မလန်း ကျေးရွာဧရိယာ၌ တည်ရှိပြီး ယခု ဒီဇင်ဘာလအတွင်း ခွင့်ပြုမိန့်ထုတ်ပေးမည့် အခြေအနေသို့ ရောက်ရှိပြီ ဖြစ်ကြောင်း၊ အဆိုပါ လုပ်ကွက်ယာများကို တစ်နှစ် သက်တမ်းဖြင့် ခွင့်ပြုခြင်းဖြစ်ပြီး လုပ်ကွက်တစ်ကွက်လျှင် အခွန်ငွေကျပ် တစ်သိန်း ပေးသွင်းရမည်ဖြစ်ကြောင်း၊ လုပ်ကွက်နှင့် သက်ဆိုင်သည့်ရန်ပုံငွေများ ထည့်သွင်းခြင်း၊ နောက်ပိုင်း ရရှိလာသည့် ကျောက်စိမ်းအရည်အသွေး အဆင့်အတန်းအရ တွင်းဝအခွန်ကောက်ခံမှုများကို လည်း ဆက်လက်ပေးဆောင်ရမည်ဖြစ်ကြောင်း သိရ သည်။

**၈၇ ကွက်ကို ခွင့်ပြုမိန့်ချပေး**

ကချင်ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဖားကန့်ဒေသ၌ လက်လုပ် လက်စား လုပ်ကွက်ယာများ လုပ်ကိုင်ခွင့် ချပေးလျက်ရှိရာ ပထမအကြိမ်တွင် ၈၇ ကွက်ကို ခွင့်ပြုမိန့်ချပေးခဲ့ကြောင်း သိရသည်။

ဆုမြတ်

# ကာလိမြို့၌ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်

**ကာလိ ဒီဇင်ဘာ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကာလိမြို့၌ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်ခြင်းကို ကာလိမြို့ ဌာနဆိုင်ရာများ နှင့် တောင်ကြီးရုံးခွဲ မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်းအဖွဲ့တို့က ယနေ့ နံနက် ၈ နာရီခန့်က ကာလိမြို့မဈေးအနီး ပြည်ထောင်စုလမ်းမကြီးတွင် ဆောင်ရွက် ခဲ့ကြကြောင်း သိရသည်။

အဆိုပါဆောင်ရွက်မှုတွင် တောင်ကြီးရုံးခွဲ မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်း အဖွဲ့မှ ဒေါ်နန်းမြလေးနှင့် အဖွဲ့ဝင်များက ကာလိမြို့နေပြည်သူများ၊ မြို့အတွင်း ဝင်/ထွက်သွားလာနေကြသည့် ပြည်သူများ၊ ဈေးသို့လာရောက်ဝယ်ယူနေကြ သည့်ပြည်သူများနှင့် ခရီးသွားပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင် ကာကွယ်ထိန်းချုပ်နိုင်စေရေးအတွက် နှာခေါင်းစည်း အခု ၁၅၀၀ကို လာရောက်ပေးဝေပေးရာ ကာလိမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့အုပ်ချုပ်ရေးမှူး ဦးရဲမင်းထွန်း၊ ကာလိမြို့ရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာ ရေးဌာန၊ မီးသတ်ဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကာလိ(ပြန်/ဆက်)

■

# ရှေ့နေနှင့် စီရင်ထုံး

ဦးဟန်ညွန့် (ဥပဒေ)



ပုံ(၁)



ပုံ(၂)

**နိဒါန်း**

"ဆရာ"

"ဗျာ"

"ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်က ဘာလဲဆရာ"

"ရှေ့နေနှင့် စီရင်ထုံးပါတဲ့"

"ဘာကိုရေးချင်တာလဲဆရာ"

"ရှေ့နေတစ်ယောက်အနေနဲ့ စီရင်ထုံးတွေကို လေ့လာဖတ်ရှုသင့်တဲ့အကြောင်း ဆွေးနွေးရေးသားချင်တာပါ"

"ဘယ်စာအုပ်ကို ရည်ညွှန်းကိုးကားချင်ပါသလဲဆရာ"

"တရားလွှတ်တော်ရှေ့နေ(မလှိုင်) ဦးခင်မောင်ဆွေ ရေးသားပြုစုတဲ့ စီရင်ထုံးများအကြောင်းစာအုပ်တွေကို မိတ်ဆက်ကိုးကား ရေးသားသွားမှာပါ"

"စိတ်ဝင်စားပါတယ်ဆရာ"

"ဒါဖြင့်၊ ဖတ်ကြည့်ရအောင်"

**စီရင်ထုံးဆိုတာဘာလဲ**

မြန်မာနိုင်ငံတွင် အစောဆုံးထုတ်ဝေခဲ့သော စီရင်ထုံးများမှာ လက်ရွေးစင်စီရင်ထုံးများ (Selected Judgments, 1872–1892) ဖြစ်သည်။ ထို့နောက် ပုံနှိပ်ထားသော စီရင်ထုံးများ(Printed Judgments, 1893–1900) ကို ထုတ်ဝေခဲ့သည်။ ၁၈၉၀ ပြည့်နှစ်တွင် အောက်မြန်မာပြည်၌ တရားရုံးချုပ်(Chief–Court)ကို တည်ထောင်ခဲ့၍ အောက်မြန်မာပြည်စီရင်ထုံးများ(L.B.R)ကို ၁၈၉၀ ပြည့်နှစ်မှ ၁၉၂၂ ခုနှစ်အထိကာလအတွင်း အတွဲ ၁၁ တွဲ ထုတ်ဝေခဲ့ကြောင်း လေ့လာတွေ့ရှိသည်။

၁၉၂၂ ခုနှစ်တွင် ရန်ကုန်၌ တရားလွှတ်တော် (High Court) ကို တည်ထောင်ခဲ့သည်။ မြန်မာနိုင်ငံသည် ထိုစဉ်က အိန္ဒိယနိုင်ငံ၏ ပြည်နယ်တစ်ခုဖြစ်၍ စီရင်ထုံးများကို အိန္ဒိယစီရင်ထုံးများ၊ ရန်ကုန်( Indian Law Reports, Rangoon Series) ဟူသောအမည်ဖြင့် ထုတ်ဝေခဲ့သည်။

၁၉၄၈ ခုနှစ်မှစ၍ မြန်မာနိုင်ငံတရားစီရင်ထုံးများ (B.L.R)ကို နှစ်စဉ် ထုတ်ဝေသည်။ ၁၉၄၈ ခုနှစ်စီရင်ထုံးတွင် တရားလွှတ်တော်ချုပ်နှင့် တရားလွှတ်တော်တို့၏စီရင်ထုံးများကို တပေါင်းတည်း ထုတ်ဝေခဲ့သည်။ ၁၉၆၂ ခုနှစ် စီရင်ထုံးတွင်မူ တရားလွှတ်တော်ချုပ်(S.C)၊ တရားလွှတ်တော်(H.C) နှင့် တရားရုံးချုပ်(C.C)တို့၏ စီရင်ချက်များတပေါင်းတည်းပါဝင်နေသဖြင့် စီရင်ထုံးကိုးကားရာ၌ အဆိုပါရုံးသုံးရုံးကို သုံးမျိုးခွဲခြား၍ ရည်ညွှန်းဖော်ပြရသည်။

အမြင့်ဆုံးတရားရုံး၏ စီရင်ချက်များကိုပင် အစိုးရမဟုတ်သော ပြင်ပပုဂ္ဂိုလ်ဥပဒေပညာရှင်၊ အဖွဲ့အစည်းများက ဖြတ်ထုံးများအဖြစ်စုစည်းလျက် အလွတ်သဘောထုတ်ဝေကြသည်။ ယင်းတို့မှာ All–India Reporter, Rangoon(A.I.R.Ran.)၊ Burma Law Time( B.L.T)၊ Burma Law Journal(B.L.J)နှင့် အဂ္ဂါဘတ်၏ မြန်မာနိုင်ငံဥပဒေဖြတ်ထုံးများ (Agabeg's Burma Law Reports) တို့ဖြစ်ကြသည်။

**မြန်မာနိုင်ငံတရားစီရင်ထုံးများ**

အောက်ပါအတိုင်း စီရင်ထုံးသမိုင်းစဉ်အကျဉ်းကို ခွဲခြားလေ့လာနိုင်ပါမည်–

(၁) L.B.R Lower Burma Ruling
(၂) U.B.R Upper Burma Ruling
(၃) A.I.R All Indian Reports (Rangoon Series)
(၄) I.L.R Indian Law Reports (Rangoon Series)
(၅) S.J.L.B Selected Judgments of Lower Burma
(၆) P.J.L.B Printed Judgments of Lower Burma
(၇) B.L.T Burma (Myanmar) Law Time
(၈) B.L.J Burma Law Journal
(၉) B.L.R Burma (Myanmar )Law Reports
(၁၀) မြန်မာနိုင်ငံ တရားစီရင်ထုံးများ( ၁၉၇၆–၂၀၁၄)
(၁၁) Digest ( By Dunkley )

အကျယ်ကိုဆက်လက်လေ့လာရှာဖွေဖတ်ရှုနိုင်ကြပါမည်။

**ပြင်ပပုဂ္ဂိုလ်ဥပဒေပညာရှင်များပြုစုထုတ်ဝေခဲ့မှုများ**

လက်လှမ်းမီသမျှ ကောက်နုတ်တင်ပြရလျှင် အောက်ပါအတိုင်း တွေ့ရှိရသည်–

(၁) တရားစီရင်ထုံးပေါင်းချုပ်( တရားမနှင့်ပြစ်မှု) ၁၉၅၆–၁၉၇၆။
( ဦးသိန်းဟန်၊ ဘီအေဘီအယ်လ်– (တရားရုံးချုပ်ရှေ့နေ)
(၂) မြန်မာနိုင်ငံ နှစ်ငါးဆယ်စီရင်ထုံးပေါင်းချုပ် ပြစ်မှု
ဦးဘသောင်းတင် (အငြိမ်းစားတရားရေးဝန်ထမ်း အဆင့်–၁)
(၃) မြန်မာနိုင်ငံတရားစီရင်ထုံးပေါင်းချုပ် (၁၉၇၇–၁၉၈၉)
ဦးဆယ်မောင်(တရားရေးဝန်ထမ်း)(ငြိမ်း)
(၄) မြန်မာနိုင်ငံတရားစီရင်ထုံးပေါင်းချုပ် (၁၉၇၃–၁၉၉၃)
ဦးမြင့်နိုင် (ဒုတိယရှေ့နေချုပ်) (ငြိမ်း)
(၅) A Digest of Burma Rulings Vol.I (1928) and Vol.II (1941) Eastern Law House, Calcutta, India. Dunkley, Herbert Francis

ဦးထွန်းလှိုင်နှင့် ဦးကြည်ဝင်းပါ ၅ ၊ ၁၉၇၁ မတစ ၉၂ တွင်–

ကောင်းမြတ်သော ရှေးထုံးတို့ကို မပယ်ကောင်း၊ သို့ရာတွင် ရှေးထုံးကိုသာလျှင် ရင်ဝယ်ပိုက်ကာ ပြုပြင်ပြောင်းလဲခြင်းမပြုလျှင်မူကား တရားဥပဒေသည် ရှေးခေတ်၌ပင် ဝပ်လျှိုး၍ နေရစ်မည်ဖြစ်ကြောင်းကိုလည်း အလျဉ်းသင့်သလို ညွှန်ပြခဲ့ကြဖူးသည်။ တရားရုံးချုပ်၏ တရားဥပဒေသဘာဝယုတ္တိတို့နှင့်အညီ ချမှတ်ခဲ့သော စီရင်ထုံးတို့ကို အောက်ရုံးများက တညီတညွတ် လိုက်နာကြရန်ဖြစ်သော်လည်း တရားရုံးချုပ်၏ စီရင်ထုံးသည်ပင် မှားယွင်းချွတ်ချော်နေသည် သို့မဟုတ် ခေတ်နှင့်မလျော်ဖြစ်နေသည်ကိုတွေ့ရလျှင် တရားရုံးချုပ်ကပင် လိုအပ်သလို ပြန်လည်သုံးသပ်ပြင်ဆင်ပေးရမည်ဖြစ်သည်။ ထိုသို့မဟုတ်က အမှား၏အသက်သည် ရှည်လိမ့်မည်။ တရားဥပဒေသည် လက်တွေ့အခြေအနေနှင့် ကင်းကွာနေလိမ့်မည်။

တရားရုံးသည် ဥပဒေကို ရှင်းလင်းထင်ရှားသလို ကျင့်သုံးရသည်။ ရှင်းလင်းထင်ရှားသော ဥပဒေစကားရပ်ကို တရားရုံးက အဓိပ္ပာယ်ဖွင့်ဆိုရန် ဦးကာချဲ့ရန်မလို၊ အဓိပ္ပာယ်ဖွင့်သလိုနှင့် ဥပဒေကို ချဲ့ခြင်း၊ ချုံ့ခြင်း၊ ထွင်ခြင်း ပြုမိတတ်သည်ကို ဆင်ခြင်ရမည်။ ယင်းသို့ပြုရန်လိုလျှင် ဥပဒေပြုအာဏာပိုင်အဖွဲ့ကသာ လုပ်ပိုင်ခွင့်ရှိသည်ဟုလည်း မကြာခဏ သတိပေးခဲ့ဖူးပြီဟု ထုံးဖွဲ့သည်။

မစ္စတာအူဟန်ဆင်းနှင့် အိပ်ချ်အာယန်၊ ၁၉၅၄ မတစ (လွှတ်ချုပ်) စာ ၃၀၆ တွင်–

စီရင်ချက်များသည် ဆုံးဖြတ်သောအမှုအတွက် အဖြေသာဖြစ်သည်။ သို့မဟုတ် စီရင်ထုံးတစ်ရပ်သည် အမှုတွင် ပေါ်ပေါက်သော ဖြစ်ရပ်အတွက်သာ အဖြေဖြစ်သည်ဟု ထုံးဖွဲ့သည်။

ဦးစံသောင်းနှင့် ဦးအေးပါ ၂၊ ၁၉၈၆ မတစ ၁၀၀(၁၀၄) တွင်–

ပထမစီရင်ချက်နှစ်ခုနှင့် တတိယစီရင်ထုံးတို့သည် ဆန့်ကျင်နေပေသည်။ ပထမစီရင်ချက်နှစ်ခုမှာ ထုံးဖွဲ့ထားခြင်း မရှိသဖြင့် စီရင်ထုံးပါ ဥပဒေသကို လိုက်နာရန်သာဖြစ်သည်ဟုထုံးဖွဲ့သည်။

> **ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် မြန်မာနိုင်ငံစီရင်ထုံးများကို နှစ်အလိုက် စဉ်ဆက်မပြတ်ထုတ်ဝေ... ဥပဒေပညာရှင်အသီးသီးကလည်း စီရင်ထုံးစာအုပ်များထုတ်ဝေ...**

**အလွဲသုံးစားမှုနှင့် ရာဇသတ်ကြီး**

အလွဲသုံးစားမှု၊ လိမ်လည်မှု၊ ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှု စီရင်ထုံးများ (၁၉၆၃ မှ ၂၀၁၇) (ပထမ အကြိမ်)နှင့် ရာဇသတ်ကြီး၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ တရားမကျင့်ထုံးဥပဒေ၊ သက်သေခံအက် ဥပဒေစီရင်ထုံး အညွှန်း ၃၀၀၀ (၁၉၅၆ မှ ၂၀၁၈) (ပထမအကြိမ်) စာအုပ် နှစ်အုပ်ကို တရားလွှတ်တော်ရှေ့နေ (မလှိုင်) ဦးခင်မောင်ဆွေက ရေးသားပြုစုသည်။ နှစ်အုပ်စလုံးကို MAHLAING LAW FIRM က စီစဉ်သည်။ အလွဲသုံးစားမှု စာအုပ်ကို ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင်လည်းကောင်း၊ ရာဇသတ်ကြီး စာအုပ်ကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလတွင်လည်းကောင်း ဒေါ်စန်းစန်းသွင်က ထုတ်ဝေသည်။ ယခင်ကလည်း အခွင့်အမိန့်အရနေထိုင်သူကို နှင်လိုမှု (သို့မဟုတ်) အခမဲ့နေထိုင်သူအား ဖယ်ရှားပေးစေလိုမှု စာအုပ်ကို ၂၀၁၈ ခုနှစ်တွင် ထုတ်ဝေခဲ့ဖူးသည်။

**စာအုပ်အမည် အပြည့်အစုံ**

ပထမစာအုပ်ဖြစ်သော အလွဲသုံးစားမှု၊ လိမ်လည်မှု၊ ယုံကြည်အပ်နှံရေးဖောက်ဖျက်မှု စီရင်ထုံးများစာအုပ်တွင် ရာဇသတ်ကြီးပုဒ်မ ၄၀၃၊ ၄၀၄၊ ၄၀၆၊ ၄၀၈၊ ၄၀၉၊ ၄၁၇၊ ၄၂၀ တို့အကြောင်း ပုဒ်မတစ်ခုချင်းအလိုက် စီရင်ထုံးများကို ခွဲခြားဖော်ပြထားသည်။ အခြားဆုံးဖြတ်ချက်များလည်း ပါဝင်သည်။ စီရင်ထုံးပေါင်း (၇၆)ခု တစုတစည်းတည်း ပြုစုထားသည်။

ဒုတိယစာအုပ်ဖြစ်သော ရာဇသတ်ကြီး၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ တရားမကျင့်ထုံးဥပဒေ၊ သက်သေခံအက်ဥပဒေစီရင်ထုံးအညွှန်း ၃၀၀၀ စာအုပ်တွင် ၁၉၅၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ စီရင်ထုံးများ၏အညွှန်းများကို တစုတစည်းတည်း ဖော်ပြထားခြင်းဖြစ်သည်။ သက်ဆိုင်ရာပုဒ်မ၊ အမိန့်၊ နည်းဥပဒေတစ်ခုချင်းအလိုက် စီရင်ထုံးအညွှန်းများကိုလည်း ဖော်ပြထားသည်။ လွယ်လင့်တကူ ရှာဖွေနိုင်မည်ဖြစ်သည်။

**ကောက်နုတ်ချက်(အချို့)**

(မလှိုင်) ဦးခင်မောင်ဆွေ၏ ပထမစာအုပ် ပုံ(၁)တွင် ရာဇသတ်ကြီးပုဒ်မ ၄၀၆ မှ ၄၀၉ သို့ ပြောင်းလဲအပြစ်ပေးခြင်းအကြောင်း စီရင်ထုံးကို(စာ–၃၆၇) ဖော်ပြထား၍ မှတ်သားရသည်။

တရားခံနှင့်ကျူးလွန်ပြီးနောက် ၃၂၉ ရက်ကြာမှ ကလေးမွေးခြင်း၊ အတည်တကျပေါင်းသင်းမည်ဟု ကတိပြုခြင်းသည် အဓိကဖြစ်သည်၊ ကိုယ်ဝန်ရှိခြင်း၊ မရှိခြင်းနှင့်မဆိုင်ကြောင်း စီရင်ထုံး (စာ–၁၅၈) ကိုလည်း ဖတ်ရှုရသည်။

အထည်ဖိုးငွေအစား အိမ်အရောင်းအဝယ်စာချုပ်ချုပ်ခြင်းဖြစ်၍ အထည်ဖိုးအကြွေးဆပ်ရန် ပျက်ကွက်ခြင်းသာဖြစ်သည်။ လိမ်လည်လိုသောဆန္ဒမရှိ၍ ငွေမပေးခြင်းကို တရားမမှုသာစွဲရန် စီရင်ထုံး(စာ–၂၇၅) ကို လေ့လာနိုင်သေးသည်။

ဒုတိယစာအုပ် ပုံ(၂)တွင် စီရင်ထုံးအညွှန်း ၃၀၀၀ ပါဝင်သည်။ စီရင်ထုံးဆုံးဖြတ်ချက်၊ စီရင်ချက်များကိုကျိုးကြောင်းဖော်ပြမထားပါ။ ရည်ညွှန်းပုဒ်မများသာ ဖော်ပြထားသည်။ ထို့ကြောင့် ရှာဖွေသုတေသနပြုလိုသူများအနေနှင့်ဆက်လက်ရှာဖွေဖော်ထုတ်ရန်ဖြစ်သည်။ စာဖတ်ရန်ဖြစ်သည်။

ဥပမာအားဖြင့် သက်သေခံအက်ဥပဒေပုဒ်မ ၅၉နှင့် စပ်လျဉ်း၍ ၁၉၅၆၊ ၁၉၆၉ ၊၁၉၇၀၊ ၁၉၇၄၊ ၁၉၆၆ စီရင်ထုံးများ၊ စာမျက်နှာများကို ညွှန်းထားသည်။ နှုတ်သက်သေခံချက်အကြောင်း ဖော်ညွှန်းစီရင်ထုံးပြုထားခြင်း ဖြစ်သည်။ ဤဥပမာကဲ့သို့ ကျန်ရှိသောဖတ်ရှုစရာများကို ကျယ်ကျယ်ပြန့်ပြန့် ရှာဖွေလေ့လာနိုင်ပေမည်။

**ကြိုဆိုလိုက်ပါသည်**

မျက်မှောက်ကာလ၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် မြန်မာနိုင်ငံစီရင်ထုံးများကို နှစ်အလိုက် စဉ်ဆက်မပြတ် ထုတ်ဝေလျက်ရှိသည်။

ဥပဒေပညာရှင်အသီးသီးကလည်း မိမိတို့လေ့လာဖတ်ရှုသမျှအတွေ့အကြုံများကို ဥပဒေဗဟုသုတရရှိစေရန် ရည်သန်လျက် စီရင်ထုံးစာအုပ်များ ပြုစုထုတ်ဝေနေကြခြင်းဖြစ်သည်။ ထို့ကြောင့်(မလှိုင်) ဦးခင်မောင်ဆွေ ပြုစုသော စီရင်ထုံးစာအုပ်များကို ကျွန်တော်ကြိုဆိုလိုက်ပါသည်။

**နိဂုံး**

(၁) ရှေ့နေဟူသည် စာဖတ်ရသည်။ စီရင်ထုံးကိုးကားရသည်။ အတွေ့အကြုံစုံရသည်။
(၂) ဥပဒေဗဟုသုတ အသိပညာကြွယ်ဝဖို့ စီရင်ထုံးများ ဖတ်ရှုလေ့လာကြပါစို့။ ။

# နေပြည်တော် ရွှေစင်စကြာကားဂိတ်မှ ယာဉ်မောင်းနှင့် ဝန်ထမ်း ခြောက်ဦးတို့တွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိ



မြို့မဈေးအရှေ့ဘက်ခြမ်းရှိ အဝေးပြေးယာဉ်ရပ်နားစခန်းကို တွေ့ရစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၄**

နေပြည်တော် မြို့မဈေး အရှေ့ဘက်ခြမ်းကားဝင်းနှင့် ပျဉ်းမနားမြို့နယ် ဘောဂသီရိယာဉ်ရပ်နားစခန်းရှိ ရွှေစင်စကြာကားဂိတ်မှ ယာဉ်မောင်းနှင့် ဝန်ထမ်း ခြောက်ဦးတို့ ကိုဗစ်ရောဂါတွေ့ရှိရကြောင်း နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြတ်ဝဏ္ဏစိုးက အတည်ပြုပြောကြားသည်။

"ရွှေစင်စကြာကားဂိတ် ယာဉ်မောင်းကနေ ကိုဗစ်ရောဂါစတင်တွေ့တာ အခုဆိုရင် ယာဉ်မောင်းအပါအဝင် ခုနစ်ဦးရှိပါပြီ။ သူတို့နဲ့ ဆက်စပ်တဲ့သူတွေကို Quarantine ဝင်ခိုင်းထားတာ လူဦးရေ ၂၀ လောက်ရှိပါတယ်။ သူတို့ကိုလည်း ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးပြီး နှစ်ပတ်စောင့်ကြည့်ရမှာဖြစ်ပါတယ်။ သပြေကုန်းနားက ရွှေစင်စကြာကားဂိတ်ကတော့ ပိတ်ထားတာကြာပြီလို့ သိရပါတယ်။ Positive ဖြစ်တာ မြို့မဈေးဂိတ်ကလည်း ဖြစ်တယ်။ ဘောဂသီရိကားဂိတ်ကလည်း Positive ဖြစ်တဲ့အတွက် အဲဒီဂိတ်နှစ်ခုလုံးကို ပိတ်ထားပါတယ်။ ပထမဆုံး Positive တွေ့တဲ့ လူနာကတော့ နေပြည်တော်မှာ အခြေပြုပြီး မြို့မဈေးကားဝင်းနဲ့ ဘောဂသီရိကားဝင်းကနေ အမြန်လမ်းထိပ်ကို ကုန်သယ်တဲ့ယာဉ်မောင်း ဖြစ်ပါတယ်။ သူက ခရီးဝေးသွားတာမဟုတ်ဘဲ ခေါက်တိုမောင်းတဲ့ယာဉ်မောင်းဖြစ်ပါတယ်။ လက်ရှိမှာ မြို့မဈေးကားဝင်းကို ခဏ အသွားအလာကန့်သတ်ထားပါတယ်။ ဒ့ါအပြင် ဘောဂသီရိကားဝင်းက ရွှေစင်စကြာဂိတ်ရှိတဲ့ ရှစ်ခန်းတွဲ နှစ်ဘလောက်လုံးကို အသွားအလာ ကန့်သတ်ထားပါတယ်။ နောက်ပြီး ဘောဂသီရိဝင်းထဲမှာရှိတဲ့ စားသောက်ဆိုင်တွေအားလုံးကို ဆိုင်ထိုင်ရောင်းချခြင်း ရပ်ထားပါတယ်။ ကျန်းမာရေးနဲ့ စည်ပင်က ဝန်ထမ်းတွေ တာဝန်ချပြီး ကားဝပ်ရှော့ပဲလာလာ၊ ပစ္စည်းဆိုင်ပဲလာလာ ဝင်မယ်ထွက်မယ်ဆိုရင် နှာခေါင်းစည်းတပ်ပြီးမှ ဝင်ဖို့၊ လက်ဆေးဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု ဒေါက်တာ မြတ်ဝဏ္ဏစိုးက ပြောသည်။

ထို့ပြင် ၎င်းက "ပိုးတွေ့လူနာ ခုနစ်ဦးက ရောဂါရှိလို့လာပြပြီး ပိုးတွေ့တာမဟုတ်ဘူး။ ပုံမှန်နေရင်းနဲ့ စစ်ဆေးလို့ တွေ့တာဆိုတော့ ရောဂါလက္ခဏာ အထွေအထူးမရှိပါဘူး။ သူတို့နဲ့ ဆက်စပ်သူတွေကို ပုဗ္ဗသီရိ ခုတင် ၅၀ ဆေးရုံမှာ ထားပါတယ်။ ဒီဖြစ်စဉ်ဟာ သတိထားရမယ်ဆိုတာကို ပြပါတယ်။ နေပြည်တော်မှာ ရောဂါကူးစက်မှုကတော့ နည်းပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ ပတ်ပတ်လည် တခြားဒေသတွေမှာ ရောဂါကူးစက်မှုတက်နေတဲ့အတွက် တစ်နိုင်ငံလုံးအနေနဲ့ တက်နေတယ်။ တက်နေတော့ အဲဒီ ရောဂါပိုးကူးစက်မှုက ကျွန်တော်တို့ဆီကို အချိန်မရွေး ရောက်လာနိုင်တယ်။ တစ်ဦးချင်းသတိထားရမယ်။ တစ်ဦးချင်းကာကွယ်မှုရပါမယ်။ ဒါကြောင့် တစ်ဦးချင်း တစ်ယောက်ချင်းစီ နှာခေါင်းစည်းတပ်ပါ၊ လက်ဆေးပါ၊ ခြောက်ပေ အကွာမှာနေပါ၊ တတ်နိုင်သလောက် လူစုလူဝေး ရှောင်ရင် ဒီရောဂါကို ကာကွယ်ပြီးသားဖြစ်မှာပါ။ ပြည်သူတွေအားလုံး ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်တွေကို လိုက်နာကြဖို့ ကျွန်တော့်အနေနဲ့ အကြံပြုလိုပါတယ်" ဟု ဆက်လက်ပြောကြားသည်။

ကိုဗစ်ရောဂါပိုးတွေ့ရှိသူ လူနာ ခုနစ်ဦးအနက် စတင်တွေ့ရှိသည့် ယာဉ်မောင်းမှာ ဒီဇင်ဘာ ၂ ရက်တွင် လည်းကောင်း၊ ၎င်းနှင့်ဆက်စပ်၍ ရောဂါထပ်မံစစ်ဆေးတွေ့ရှိသူ ခြောက်ဦးကို ယနေ့နံနက်ပိုင်းတွင်လည်းကောင်း နေပြည်တော် ပုဗ္ဗသီရိ မြို့နယ် ပြည်သူ့ဆေးရုံ ခုတင် ၃၀၀ တွင် ကုသပေးလျက်ရှိပြီး ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"ရွှေစင်စကြာယာဉ်လိုင်းက အခုကိုဗစ်ရောဂါတွေ့တဲ့ ယာဉ်မောင်းက အမြန်လမ်းထိပ်ကနေ ပစ္စည်းတွေသယ်ပြီး နေပြည်တော် မြို့မဈေးကားဂိတ်နဲ့ ဘောဂသီရိကားဂိတ်ကို ပစ္စည်းတွေ အသယ်အပို့လုပ်နေတဲ့ ယာဉ်မောင်းဖြစ်တယ်။ ဒါကြောင့် သူနဲ့ပတ်သက်ဆက်နွှယ်ခဲ့တဲ့သူ လေးယောက်ကို Quarantine ဝင်ခိုင်းပြီး ရောဂါပိုးစစ်လိုက်တော့ သုံးယောက်မှာ ရောဂါတွေ့တယ်။ ကျန်တစ်ယောက်ကတော့ အဖြေစောင့်တုန်းပဲရှိသေးတယ်။ ရောဂါတွေ့တဲ့ သုံးယောက်ကို ဆေးရုံကိုပို့ပြီး ဆေးကုသမှု ခံယူနေပါပြီ။ အဲဒီ လူတွေနဲ့ဆက်စပ်တဲ့ နောက်ထပ် ၁၂ ယောက်က Quarantine ဝင်နေပါပြီ။ ဒီနေ့မှာဆိုရင် မြို့မဈေး အရှေ့ဘက်ခြမ်းကားဂိတ်ကို မနက် ၁၀ နာရီကတည်းက Lockdown ချထားပါတယ်။ ကားဂိတ်တစ်ဝင်းလုံးကို မနက်ကတည်းက ဆေးဖျန်းတာတွေလုပ်ထားပါတယ်။ ကားဝင်းထဲမှာရှိတဲ့ ကုန်ပစ္စည်းတွေကို မြို့မဈေးဂိတ်မှာ မဟုတ်ဘဲ အခြားဂိတ်တွေမှာ ရွှေးနိုင်အောင် ဆောင်ရွက်ထားကြောင်း သိရပါတယ်" ဟု မြို့မဈေးအုပ်ချုပ်ရေးမှူး ဦးဆန်းဦးက ပြောသည်။

လက်ရှိတွင် Lockdown သတ်မှတ်ထားသည့် မြို့မဈေးအရှေ့ဘက်ခြမ်း ကားဝင်းအတွင်း၌ ကားဂိတ် ၂၈ ဂိတ်၊ ဈေးဆိုင် ၁၃ ဆိုင်ရှိကာ အဆိုပါကားဝင်းအတွင်း၌ အလုပ်လုပ်ကိုင်နေသူ ၇၀ ကျော်ရှိပြီး ယင်းကားဝင်းသို့ လတ်တလော၌ အဝင်/အထွက် မရှိစေရန် မြို့မဈေးမှ ဝန်ထမ်းများနှင့် ရဲတပ်ဖွဲ့ဝင်များက လုံခြုံရေးဆောင်ရွက်နေကြောင်း သိရသည်။

"ဘောဂသီရိကားဝင်းက ရွှေစင်စကြာကားဂိတ်က Quarantine ဝင်နေတဲ့သူတွေ ရောဂါစစ်ကြည့်တော့ ပိုးတွေ့ရှိတယ်လို့ သိရတယ်။ သိသိချင်း စည်ပင်၊ မထသနဲ့ ဂိတ်က တာဝန်ရှိသူတွေက မနက်ပိုင်းမှာ အစည်းအဝေး လုပ်ပါတယ်။ ရွှေစင်စကြာဂိတ်အနေနဲ့ ကားဝင်းထဲမှာ အခန်းနှစ်ခန်းရှိတယ်။ ဒါကြောင့် မြို့နယ်ကျန်းမာရေးဌာနက အဲဒီနှစ်ခန်းရှိတဲ့ နှစ်ဘလောက်လုံးကို အခုလက်ရှိမှာ Lockdown ချထားလိုက်ပြီဖြစ်ပါတယ်။ တစ်ဘလောက်ဆိုရင် ရှစ်ခန်းရှိပါတယ်။ နှစ်ဘလောက်ဆိုတော့ အခန်း ၁၆ ခန်းရှိပါတယ်။ အဲဒီ Lockdown ချထားတဲ့ အဝန်းအဝိုင်းထဲမှာ အလုပ်လုပ်ကိုင်နေတဲ့သူ စုစုပေါင်းလူ ၄၀ ပတ်ဝန်းကျင်လောက်ရှိတယ်။ လက်ရှိမှာလည်း ရွှေစင်စကြာဂိတ်နဲ့ကပ်လျက်အခန်းက လူကြီးငါးယောက်၊ ကလေး လေးယောက်ကို Quarantine ဝင်ဖို့ ဆေးရုံက လာခေါ်သွားပါပြီ။ ရွှေစင်စကြာ အခန်းနှစ်ခန်းနဲ့ ဘေးဘယ်ညာ အခန်းတွေကို မြို့နယ်ကျန်းမာရေးဦးစီးဌာနကနေ ဆေးဖျန်းဖို့ ဒီနေ့မနက်ပိုင်းမှာ ဆေးရည်တွေ ထုတ်ပေးပါတယ်။ ဝန်ထမ်းတွေအနေနဲ့ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံဝတ်ပြီးတော့ နေ့လည်ပိုင်းက ပိုးသတ်ဆေးဖျန်းတာတွေ ဆောင်ရွက်ပြီးပါပြီ။ နှစ်ဘလောက်လုံး ကန့်သတ်နယ်မြေဆိုတာကို ပြည်သူတွေသိအောင် အတားအဆီးတွေ လုပ်ထားပါတယ်" ဟု ဘောဂသီရိ ယာဉ်ရပ်နားစခန်းတာဝန်ခံ ဦးခင်မောင်သိန်းက ပြောသည်။

**သတင်း-မျိုးမင်းနိုင်၊ ဓာတ်ပုံ-ချက်ကြီး**

# ကိုဗစ်-၁၉ ရောဂါကာကွယ် ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် ငွေကျပ် သိန်း ၁၀၀၀ တန်ဖိုးရှိ ရေသန့်ဘူးများ လှူဒါန်း



**ရန်ကုန် ဒီဇင်ဘာ ၄**

ကိုဗစ်-၁၉ ရောဂါကာကွယ် ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လွယ်ဟိန်းကုမ္ပဏီက ငွေကျပ်သိန်း ၁၀၀၀ တန်ဖိုးရှိ Alpine သောက်ရေသန့်ဘူး ၆၂၀၀၀ ကို ယမန်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနသို့ သွားရောက်လှူဒါန်းခဲ့သည်။

အခမ်းအနားတွင် လွယ်ဟိန်းကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းကိုယ်စား လက်ထောက် မန်နေဂျင်းဒါရိုက်တာ ဦးဟန်မင်းထွဏ်းက ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ရေသန့်ဘူး ၆၂၀၀၀ ကို လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်က ကျေးဇူးတင်စကား ပြောကြားသည်။

လွယ်ဟိန်းကုမ္ပဏီသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများတွင် အရေးပါသောလိုအပ်ချက်ဖြစ်သည့် သောက်ရေသန့်များကို ဧပြီလတွင် ပထမအကြိမ်အဖြစ် ရေသန့်ဘူးပေါင်း ၁၀ သိန်း၊ ဇူလိုင်လတွင် ဒုတိယအကြိမ်အဖြစ် ရေသန့်ဘူးပေါင်း ငါးသိန်း၊ စက်တင်ဘာလတွင် တတိယအကြိမ်အဖြစ် ရေသန့်ဘူးပေါင်း ငါးသိန်း၊ ယခု ဒီဇင်ဘာလတွင် စတုတ္ထအကြိမ်အဖြစ် ရေသန့်ဘူးပေါင်း ၆၂၀၀၀ တို့ကို ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တစ်ဆင့် လှူဒါန်းခဲ့သည်။ လွယ်ဟိန်းကုမ္ပဏီသည် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါ စတင်ဖြစ်ပွားကတည်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးများမှတစ်ဆင့် လှူဒါန်းမှုများအပါအဝင် ရန်ကုန်နှင့် မန္တလေးမြို့ရှိ ကိုဗစ်ရောဂါကုသရေး ရောဝတီစင်တာများ၊ စောင့်ကြည့်ခံရသူများအား ထားရှိသည့် Quarantine စင်တာများနှင့် အခြားလိုအပ်သည့်နေရာများသို့ ယနေ့အထိ ကျပ်သိန်း ၆၀၀၀ ကျော်တန်ဖိုးရှိ ရေသန့်ဘူးပေါင်း ၃ ဒသမ ၅ သန်းကျော် လှူဒါန်းခဲ့ပြီးဖြစ်သည်။ လွယ်ဟိန်းကုမ္ပဏီသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သည်များကို ဆက်လက်ပါဝင်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ရဲရင့်ရှိုင်း**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

# စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ



ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၆ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ဝတ္ထုတိုပေါင်းချုပ် တတိယဆုရရှိသည့် စာရေးဆရာ မောင်နေခြည် (ပြည်) ၏ "ထပ်တူကျသော နှလုံးသားများနှင့် အခြားဝတ္ထုတိုများ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ကျေးလက်ဒေသ လူ့သဘာဝများကို အကြောင်းအရာစုံစုံနှင့် ရသမြောက်အောင်ရေးဖွဲ့ထားသည့် ဝတ္ထုတို ၇ ပုဒ်ပါဝင်ပြီး လယ်လုပ်သားတို့၏ သဘာဝအတိုင်း စိုက်ပျိုးရေးဘဏ်မှ ချေးငွေယူထားပြီး ပြန်ဆပ်ရမည့်အချိန် လက်ထဲငွေမပြည့်၍ စိုးရိမ်ပူပန်စိတ်များသူ ကိုသိန်း၊ လှည်းမီးချလုပ်ငန်းကို ရိုးရိုးအေးအေးလုပ်နေရာမှ လက်ကိုင်ဖုန်းတစ်လုံး လက်ထဲရောက်လာသော ကိုဖိုးတေ၊ ကာလသားခေါင်းဖြစ်ချင်သူ မြကြီး၊ ကောက်စိုက်သူကြီး မဆစ်တိုနှင့် မစာဥတို့ဖြင့် တစ်ပုဒ်ချင်းစီ ဇာတ်အိမ်ဖွဲ့ရေးသားထားသည်။ တစ်သက်လုံး ကြုံးရုန်းလုပ်ပေးခဲ့သော်လည်း နောက်ဆုံးသားသတ်ရုံရောက်ရသည့် ခိုင်းနွားကြီးများ၏ သနားစရာဘဝကိုလည်း ကရုဏာရသ မြောက်အောင် စာပန်းချီခြယ်မှုန်းထားသည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်ပါသည်။

အဆိုပါ စာအုပ်ကို ရောင်းဈေး ၁၂၀၀ ကျပ်ဖြင့် အမှတ် ၅၂၉ - ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ် (တ- ၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၄၀၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉ -၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**✻ ဒဂုံမြို့သစ်(မြောက်ပိုင်း)မှ**

ယင်းဆေးခန်းကို ကိုဗစ်ပထမလှိုင်းတွင် ဖွင့်လှစ်ခဲ့ပြီး လေးလကြာပိတ်ထားခဲ့ရာမှ ယခုအခါတွင် မြောက်ဒဂုံမြို့နယ် ပြည်သူလူထု၏ တောင်းဆိုမှုအရ ပြန်လည်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ဆေးခန်းပိတ်ထားသည့် ကြားကာလများအတွင်း လူနာများအနေဖြင့် နီးစပ်ရာအခြားမြို့နယ်များရှိ ဖျားနာကုဆေးခန်းများသို့ သွားရောက်ပြသမှုများရှိပြီး ယခုဆေးခန်းဖွင့်လှစ်လိုက်သည့်အတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း ဖျားနာကုဆေးခန်းများကွန်ရက်(ရန်ကုန်) တာဝန်ခံ ဒေါက်တာကျော်မင်းထွန်းက ပြောသည်။

ထို့အပြင် ၂၇ ခုမြောက် ဖျားနာကုအခမဲ့ဆေးခန်းကို ကြည့်မြင်တိုင် တစ်ဖက်ကမ်း အလတ်ချောင်းမြို့နယ် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း၌ အပတ်စဉ် တနင်္ဂနွေနေ့ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ လာမည့်ရက်သတ္တပတ်အတွင်း ဖွင့်လှစ်နိုင်ရန် စီစဉ်နေကြောင်း သိရသည်။

လက်ရှိတွင် ဖျားနာကုဆေးခန်းအချို့၌ တစ်နေ့လျှင် လူနာဦးရေ ၃၀ နှင့် ၅၀ ကြားရှိပြီး အချို့ဆေးခန်းများ၌ လူနာဦးရေ ၅၀ နှင့် ၁၀၀ ကြား လာရောက်ပြသကြောင်း သိရသည်။

**အေးမင်းသူ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**

**သီဟသုဓမ္မ မဏိဇောတဓရ**

**ဦးမျိုးညွန့်**

**အသက်(၅၇)နှစ်**

**Executive Chairman**

**Star Moe Yan Group of Companies**

စတားမိုးယံလုပ်ငန်းစု၏ ဖခင်ကြီး Executive Chairman ဦးမျိုးညွန့်သည်(၁-၁၂-၂၀၂၀)ရက်တွင် ကွယ်လွန်သွားသည့်အတွက် ဝန်ထမ်းများမှ များစွာဝမ်းနည်းကြေကွဲရပါသည်။ ဝန်ထမ်းများ၏ ကျေးဇူးရှင်ဖခင်ကြီး ကောင်းမွန်ရာဘုံဘဝသို့ ရောက်ရှိခံစားရပါစေကြောင်း ဆုတောင်းရင်း ရှိသေစွာ နှုတ်ဆက်ကန်တော့အပ်ပါသည်။

**စတားမိုးယံဝန်ထမ်းမိသားစု**

## (၂)လပြည့် သတိရလွမ်းဆွတ်ခြင်း

(၅-၁၀-၂၀၂၀)ရက်တွင် ကွယ်လွန်သွားသော ဖခင် ဦးကျော်ဝင်းအတွက် သမီးမျိုး ကောင်းမှုကုသိုလ်များကို သတိရခြင်းများစွာဖြင့် ဆောင်ရွက်ခဲ့ပါတယ်။ အဖေ ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေသား။

**ကျန်ရစ်သူ**

**သမီး မအိအိထွေး**

**အမှတ်(၇၅၅)(က)၊ ၉ရပ်ကွက်**

**ကျော်သူ(၂၁)လမ်း၊ တ/ဥ၊ ရန်ကုန်။**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးကျော်ရင် (သထုံ၊ မော်လမြိုင်)**

**အသက်(၈၅)နှစ်**

**ဆိပ်ကမ်းအုပ်(ငြိမ်း)၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

သူငယ်ချင်း ဦးကြည်သန်းကျော်-ဒေါ်နန်းမြင့်သီတာ (အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ရုံး)တို့၏ဖခင် ဦးကျော်ရင်သည် ၂-၁၂-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ အန်ကယ်ကောင်းရာသုဂတိလား ပါစေ။

**၁၉၈၆-၉၃ခုနှစ်၊ မော်လမြိုင်တက္ကသိုလ်**

**သင်္ချာအထူးပြုကျောင်းသား၊ ကျောင်းသူ၊ ငယ်သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

**သီဟသုဓမ္မ မဏိဇောတဓရ**

**(မိုးယံရွှေလမင်းနှင့် မြတ်ဆုကုဋ္ဌေထီဆိုင်ပိုင်ရှင်)**

**ဦးမျိုးညွန့်**

**အသက် (၅၇)နှစ်**

သီဟသုဓမ္မသိင်္ဂီ ဒေါ်တင်တင်မြင့်၏ ခင်ပွန်းဖြစ်သူ ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သီဟသုဓမ္မသိင်္ဂီ ဒေါ်တင်တင်မြင့်၏**

**ငယ်သူငယ်ချင်းများအဖွဲ့အားလုံး**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးစိန်ဝင်းလှိုင်**

**အသက်(၇၇)နှစ်**

**မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဒုတိယဥက္ကဋ္ဌ၊**

**မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း၏ ဥက္ကဋ္ဌဖြစ်သူ**

ဦးစိန်ဝင်းလှိုင်သည် (၃-၁၂-၂၀၂၀)ရက်၊ ညနေ ၃:၀၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများ နှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း**

## မြို့မကျောင်းသားကျောင်းသူဟောင်းအသင်း

## မြို့မကျောင်းဆရာဦးကျော်ဝင်း

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက်-၁၊ အခန်း-၁၀နေ ဒေါ်စန်းစန်း(ကုန်သွယ်ရေး-၁၈)၏ ချစ်လှစွာသော ခင်ပွန်းသည် ၂-၁၂-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့) ညနေ(၃:၀၀)နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်း ရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

**မြို့မကျောင်းသားကျောင်းသူဟောင်းများအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး**

**သီဟသုဓမ္မ မဏိဇောတဓရ**

**မိုးယံရွှေလမင်းနှင့် မြတ်ဆုကုဋ္ဌေထီဆိုင်ပိုင်ရှင်**

**ဦးမျိုးညွန့်**

**အသက် (၅၇)နှစ်**

ရန်ကုန်မြို့နေ ဦးစိန်လှ-ဒေါ်ကျင်ယုံတို့၏သား၊ ကမာရွတ်မြို့နယ်၊ (၁၀) ရပ်ကွက်၊ အင်းလျားလမ်းနေ သီဟသုဓမ္မသိင်္ဂီ ဒေါ်တင်တင်မြင့်၏ခင်ပွန်း၊ မောင်အောင်ကျော်၊ မချမ်းမြမြငြိမ်းတို့၏ ကျေးဇူးရှင်ဖခင်သည် ၁-၁၂-၂၀၂၀ ရက်တွင် ဘဝ တစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။

**မြတ်ခွန်အောင်သန်းစုစီးပွားရေးလုပ်ငန်းစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး**

**သီဟသုဓမ္မ မဏိဇောတဓရ**

**မိုးယံရွှေလမင်းနှင့် မြတ်ဆုကုဋ္ဌေထီဆိုင်ပိုင်ရှင်**

**ဦးမျိုးညွန့်**

**အသက် (၅၇)နှစ်**

ရန်ကုန်မြို့နေ ဦးစိန်လှ - ဒေါ်ကျင်ယုံတို့၏သား၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အင်းလျားလမ်းနေ သီဟသုဓမ္မသိင်္ဂီ ဒေါ်တင်တင်မြင့်၏ခင်ပွန်း၊ မောင်အောင်ကျော်၊ မချမ်းမြမြငြိမ်းတို့၏ ကျေးဇူးရှင်ဖခင်သည် ၁-၁၂-၂၀၂၀ ရက်တွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။

**မြန်မာနိုင်ငံထီလုပ်ငန်းရှင်များအသင်း**

**တော တောင် ပျက် ပြုန်း မြေ ဆီ သုဉ်း ၏**

# အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**

**Executive Chairman of Star Moe Yan စီးပွားရေးလုပ်ငန်းစု**

**သီဟသုဓမ္မမဏိဇောတဓရ**

## ဦးမျိုးညွန့်(ခ)ဆရာမျိုး

**အသက်(၅၇)နှစ်**

ညီရင်းအစ်ကိုသဖွယ် ချစ်ခင်လေးစားတန်ဖိုးထားရပါသော ရန်ကုန်မြို့နေ (ဦးစိန်လှ-ဒေါ်ကျင်ယုံ) တို့၏သား၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အင်းလျားလမ်းနေ သီဟသုဓမ္မသိင်္ဂီ ဒေါ်တင်တင်မြင့်၏ခင်ပွန်း၊ မောင်အောင်ကျော်၊ မချမ်းမြမြငြိမ်းတို့၏ ကျေးဇူးရှင်ဖခင်သည် ၁-၁၂-၂၀၂၀ရက် စင်ကာပူစံတော်ချိန် နံနက် ၄:၂၉နာရီတွင် စင်ကာပူနိုင်ငံ၌ ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲ ဖြေမဆည်နိုင် ဖြစ်နေမိပါသည်။ ရောက်ရာအရပ်တွင် အသက်ရှည်ကာ အနာမဲ့လို့ မိမိ၏ခန္ဓာဝန်ကို လွယ်ကူစွာဆောင်ရွက်နိုင်ပြီး နိဗ္ဗာန်နန်းကို အမြန်ဆုံး စံမြန်းနိုင်ပါစေကြောင်း မိုးယံညီနောင် မိသားစုများမှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**မိုးယံညီနောင်မိသားစုများ**

**ဦးကျော်ဌေး-ဒေါ်သန်းနွဲ့(မုံရွာမြို့)**

**ဦးအောင်မျိုး-ဒေါ်အေးအေးသူ(ရန်ကုန်မြို့)**

**ဦးနေမျိုးဇော်-ဒေါ်နှင်းနှင်းလှိုင်(မိတ္ထီလာမြို့)**

**ဦးဝင်းမင်း-ဒေါ်ခိုင်ခိုင်(နေပြည်တော်)**

**ဦးအောင်ခိုင်ဝင်း-ဒေါ်ခင်မိုးဆွေ(တောင်ကြီးမြို့)**

**ဦးသန့်ဇင်ဝင်း-ဒေါ်ယုယုဝါ(မကွေးမြို့)**

**ဦးအောင်နိုင်ဝင်း-ဒေါ်ချိုလတ်မင်း(ပဲခူးမြို့)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ဖေယျာသိဒ္ဓိကျောင်းတိုက်ကြီးများ၏**

**ပစ္စည်းလေးပါးသာသနာ့ဒါယကာကြီး**

### သီဟသုဓမ္မမဏိဇောတဓရဦးမျိုးညွန့်-အသက်(၅၇)နှစ်

**မိုးယံ-ရွှေလမင်းနှင့်မြတ်ဆုကုဋေထီဆိုင်**

ရန်ကုန်မြို့နေ (ဦးစိန်လှ-ဒေါ်ကျင်ယုံ)တို့၏သား၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အင်းလျားလမ်းနေ သီဟသုဓမ္မသိင်္ဂီ-ဒေါ်တင်တင်မြင့်၏ခင်ပွန်း၊ မောင်အောင်ကျော်၊ မချမ်းမြမြငြိမ်းတို့၏ကျေးဇူးရှင်ဖခင် ဦးမျိုးညွန့်-အသက်(၅၇)နှစ်သည် ၁-၁၂-၂၀၂၀ ရက် စင်ကာပူစံတော်ချိန်(၄:၂၉) နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ''ဖေယျာသိဒ္ဓိသာသနာတော်အတွက် တန်ဖိုးမဖြတ်နိုင်သောဆုံးရှုံးမှုကြီးပင်ဖြစ်ပါကြောင်း''နှင့် မရဏာနုဿတိဘာဝနာသံဝေဂဉာဏ်ပွားများလျက် မိသားစုနှင့်ထပ်တူထပ်မျှနှမြောတသကြေကွဲဝမ်းနည်းရပါသည်။

**ပရိယတ္တိ၊ ပဋိပတ္တိသာသနာ့ဥပတ္ထမ္ဘကအဖွဲ့**
**ဖေယျာသိဒ္ဓိစာသင်တိုက်နှင့်ဓမ္မရိပ်သာ**
**ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်**

---

**ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး**

### ဦးအေးကိုလေး

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း-ငြိမ်း**

**UMFCCI-ငြိမ်း**

**အသက် (၈၃) နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အင်းဝလမ်း၊ အမှတ်(၃၈)နေ (ဦးအေးမောင်-ဒေါ်ကြည်)တို့၏ သား၊ (ဦးဘလှအောင်-ဒေါ်သန်း)တို့၏ သားသမက်၊ ဒေါ်ချိုချိုအောင်၏ ခင်ပွန်း၊ ဦးနေလင်း-ဒေါ်ဝင်းမင်းကို၊ (ဦးနေဒွန်း)-ဒေါ်စိုးမိုးကို၊ ဒေါ်ထက်မြတ်ကိုတို့၏ဖခင်၊ မမေသုခဒွန်း၏အဘိုး ဦးအေးကိုလေးသည် ၄-၁၂-၂၀၂၀ (သောကြာနေ့) နံနက် ၄:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ကြည်း-၁၀၃၄၁ ဗိုလ်မှူး သက်ထွန်း(ငြိမ်း)**

**O.T.S(31)**

**ဒုတိယကျောင်းအုပ်ကြီး(ငြိမ်း)**

**တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)**

**အသက်(၈၆)နှစ်**

ဒုတိယဗိုလ်ချုပ်ကြီးတင်မောင်ဝင်း-ဒေါ်ကြည်ကြည်ထွန်း၊ ဗိုလ်မှူး မျိုးအောင်(ငြိမ်း) (ပုသိမ်ခရိုင်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်)- ဒေါ်သိင်္ဂီထွန်း(မြဝတီဘဏ်ရုံးချုပ်)၊ ဦးသီဟလွင်-ဒေါ်သင်းမာထွန်း၊ ဦးမျိုးသူရအောင်(Myint Moe Gone Yee & GAIA Construction Co., Ltd. Director)-ဒေါ်မိုးမိုးထွန်း(K.K.P Co.,Ltd. Director)တို့၏ချစ်လှစွာသောဖခင်ကြီး ဗိုလ်မှူးသက်ထွန်း(ငြိမ်း) သည် ၃-၁၂-၂၀၂၀ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူကြေကွဲဝမ်းနည်းရပါသည်။

**GAIA Group of Companies မိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန် ဒါယကာကြီး**

**သီဟသုဓမ္မ မဏိဇောတဓရ**

### ဦးမျိုးညွန့်

**Executive Chairman**

**Star Moe Yan Group of Companies**

**အသက် (၅၇) နှစ်**

သီဟသုဓမ္မသိင်္ဂီ ဒေါ်တင်တင်မြင့် (Chairman, Star Moe Yan Group of Companies)၏ခင်ပွန်း၊ ဦးအောင်ကျော်၊ ဒေါ်ချမ်းမြမြငြိမ်းတို့၏ဖခင်ကြီးသည် ၁-၁၂-၂၀၂၀ (အင်္ဂါနေ့)တွင် ဘဝတစ်ပါးသို့ကူးပြောင်းကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ အထူးပင် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းရာသုဂတိဘုံဘဝရောက်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဦးကျော်မြင့်-ဒေါ်တင်တင်ဦး မိသားစု**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ကြည်း-၁၀၃၄၁ ဗိုလ်မှူး သက်ထွန်း(ငြိမ်း)

## O.T.S(31)

### ဒုတိယကျောင်းအုပ်ကြီး(ငြိမ်း)

### တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)

### အသက်(၈၆)နှစ်

ပြည်မြို့နေ (ဦးကိုကိုကြီး-ဒေါ်ငွေရီ)တို့၏သား၊ (ဦးထွန်းတင်-ဒေါ်ခလေး)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြင်သာ(၁၁)လမ်း၊ 1(A-8)နေ (ဒေါ်ကြည်ကြည်စိန်)၏ခင်ပွန်း၊ (ဦးမောင်သန်း- ဒေါ်ကြည်သိန်း) တို့၏မောင်၊ ဒုတိယဗိုလ်ချုပ်ကြီးတင်မောင်ဝင်း-ဒေါ်ကြည်ကြည်ထွန်း၊ ဗိုလ်မှူး မျိုးအောင်(ငြိမ်း)(ပုသိမ်ခရိုင်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်)-ဒေါ်သိင်္ဂီထွန်း(မြဝတီဘဏ်ရုံးချုပ်)၊ ဦးသီဟလွင်-ဒေါ်သင်းမာထွန်း၊ ဦးမျိုးသူရအောင်(Myint Moe Gone Yee & GAIA Construction Co.,Ltd. Director)-ဒေါ်မိုးမိုးထွန်း(K.K.P Co.,Ltd. Director)တို့၏ချစ်လှစွာသောဖခင်ကြီး၊ ဗိုလ်ကြီးရဲထွန်းဝင်း-ဒေါက်တာခိုင်ခင်ဖြူ၊ မဇွန်းလဲ့သဒ္ဒါလွင်(Cabin Crew-Golden Myanmar Airlines)၊ မဆုလဲ့ရှုပါလွင်၊ မလင်းလက်ရှုပါ၊ မယွန်းမြတ်နိုးအောင်၊ မောင်အောင်ဘုန်းခန့်တို့၏အဘိုးဖြစ်သူ ဗိုလ်မှူးသက်ထွန်း(ငြိမ်း) သည် ၃-၁၂-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၁၁း၅၅နာရီတွင် ကန်သာယာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၃ နာရီတွင် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) မင်္ဂလာဒုံငြိမ်းအေးဇရပ်၌ တရားနာယူပြီး မင်္ဂလာဒုံစစ်သင်္ချိုင်းတွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ လမ်း၊ တံတား ဒါယကာကြီး**

### ဦးဘရှိန် (ထားဝယ်)

**A.G.T.I (CIVIL) အင်းစိန်နှင့်**
**မန္တလေးကန်တော့ခံဆရာကြီး**
**ထားဝယ်ရာသက်ပန်အသင်းဝင်**

**အသက် (၉၁) နှစ်**

ထားဝယ်မြို့၊ ကျောက်မော်ရပ်နေ (ဦးထွန်းချီ-ဒေါ်ကြီးရင်)တို့၏ သားကြီး၊ အင်းစိန်မြို့နယ်နေ (ဦးဖိုးစိန်-ဒေါ်အုံးမေ)တို့၏ သားသမက်၊ အင်းစိန်မြို့နယ်၊ ဈေးကုန်းအနောက်ရပ်ကွက်၊ အောင်မင်္ဂလာလမ်းနေ ဒေါ်ကျင်လှိုင် (ခ) ဒေါ်ကြည်ကြည်စိန်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးမျိုးလှိုင်ဦး-ဒေါ်သန်းသန်းရှိန် (အထက-ရွာငံမြို့)၊ ဒေါ်ကျော့ကျော့ရှိန် (USA)၊ ဒေါ်နုနုရှိန်(USA)၊ ဦးထွန်းထွန်းရှိန် (A1-ဒို့မိသားစုကွန်ကရစ်လုပ်ငန်း)-ဒေါ်မြင့်မြင့်ကြူ၊ (မောင်အောင်သန့်ရှိန်)တို့၏ချစ်လှစွာသောဖခင်ကြီး၊ ဦးနေမျိုးအောင်-ဒေါ်ဇင်မာနုလွင်(USA)၊ ဦးဟိန်းထက်ဦး(USA)-ဒေါ်ကျော့ကျော့ရီ၊ မောင်ပြည့်ဖြိုးဟိန်း(USA)၊ (တင်ဇာလှိုင်ဦး)၊ မောင်သွင်လှိုင်ဦး၊ မမေရတနာဆု၊ မောင်ရဲမင်းအောင်၊ SHINE၊ BRIGHT၊ SMART တို့၏ ချစ်လှစွာသောဘိုးဘိုးသည် ၆-၁၁-၂၀၂၀ ရက် ညနေ ၇:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁၁-၂၀၂၀ (အင်္ဂါနေ့)တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူး သက်ထွန်း(ငြိမ်း)

### အသက်(၈၆)နှစ်

၃-၁၂-၂၀၂၀ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားသော ချစ်လှစွာသော ဖေကြီး ဗိုလ်မှူးသက်ထွန်း(ငြိမ်း) သည် မြင့်မြတ်သော ဘုံဌာန၌ အေးချမ်းစွာ နိဗ္ဗာန်ရောက်ကြောင်း တရားကို ကျင့်ကြံနိုင်ပါစေကြောင်း ဆုတောင်း မေတ္တာ ပို့သအပ်ပါသည်။

**မြေးဦး ဗိုလ်ကြီး ရဲထွန်းဝင်း + ဒေါက်တာခိုင်ခင်ဖြူ**
**Newton International College မိသားစု**

---

## သင့် သွေးဖြင့် အသက် ကယ်ပါ

---

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်း မြေတိုင်းရပ်ကွက် (၁၀၄)၊**
**မြေကွက်အမှတ်၊ [၁၀+၁၁/က+၁၁/ခ၊**
**ဧရိယာ ပေ(၈၀x၆၀)]ရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့်**
**အကျိုးခံစားခွင့်အရောင်းအဝယ်နှင့်စပ်လျဉ်းပြီး**
**ကန့်ကွက်နိုင်ပါသည်။**

အထက်ပါ မြေကွက်များကို တရားဝင် အမည်ပေါက် ပိုင်ရှင်ဖြစ်သူ ဦးချာဝင်းချင့် [၁၃/လခန(နိုင်)၀၁၇၂၇၁] နှင့် သားဖြစ်သူ ဦးကျော်နိုင် [၁၃/လခန(နိုင်)၀၂၅၀၉၃] တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ (၇) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော် (လိုင်စင်-၄၀၃၅)**
**LL.B,DBL,DML,DIL,DLP,WIPO (Switzerland)**
**ဒေါ်အေးအေးစိုး (လိုင်စင်-၅၈၂၇)**
**B.Sc,Hon (IC), HGP, R.L, D.B.L**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel 294766 HP ;09-501 7044**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ကြည်း-၁၀၃၄၁ ဗိုလ်မှူးသက်ထွန်း (ငြိမ်း)**

**OTS (31)**

**အသက် (၈၆) နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြင်သာ(၁၁)လမ်းနေ (ဒေါ်ကြည်ကြည်စိန်)၏ခင်ပွန်း ဗိုလ်မှူးသက်ထွန်း(ငြိမ်း)သည် ၃-၁၂-၂၀၂၀ (ကြာသပတေးနေ့)တွင် ကန်သာယာဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**OTS (31) မှ သူငယ်ချင်းများနှင့် မိသားစုများ**

---

## သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဆရာကြီး ဦးဘတုတ်

**အငြိမ်းစားသချ်ာပါမောက္ခ**

**အသက် (၁၀၀)**

အငြိမ်းစားသချ်ာပါမောက္ခ ဆရာကြီးဦးဘတုတ်သည် ၂-၁၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၅:၄၃နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ဇနီး ဒေါ်စန်းစန်းယု**
**ပညာရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

### ဆရာကြီး ဦးဘတုတ်

**ပါမောက္ခချုပ်(ငြိမ်း)၊ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊ မန္တလေး**

**အသက် (၁၀၀)**

ရန်ကုန်မြို့နေ ဦးစိုးမြင့်ထွန်း (ရဲမှူးချုပ်-ငြိမ်း)-ဒေါ်မျိုးသွယ်တို့၏ဖခင် ဆရာကြီး ဦးဘတုတ်သည် ၂-၁၂-၂၀၂၀ ရက် ညနေ ၅:၄၃ နာရီတွင် နေအိမ်၌ ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားကြောင်း သိရပါ၍ မိသားစုနှင့်အတူ ဝမ်းနည်း ကြေကွဲရပါသည်။

**၁၉၆၆-၁၉၇၀ ခုနှစ်ဆင်း**
**မန္တလေး၊ ဝိဇ္ဇာသိပ္ပံတက္ကသိုလ် (ရက္ခဗေဒ) မှ တပည့်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်မြင့်မြင့် (မုံရွာ)

**အသက် (၈၀)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ မဟာဘောဂလမ်း၊ တိုက်(၂၈)၊ ငါးလွှာနေ ရန်ကုန်ရောက် မုံရွာမြို့ စတိတ်တူးမိတ်ဆွေများ အကျိုးဆောင်အဖွဲ့၊ အဖွဲ့ဝင် ဒေါ်မြင့်မြင့်သည် ၂-၁၂-၂၀၂၀ ရက်တွင် Green Cross ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်ရောက် စတိတ်တူးမိတ်ဆွေများ အကျိုးဆောင်အဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**
**သီဟသုဓမ္မ မဏိဇောတဓရ**
**မိုးယံရွှေလမင်းနှင့် မြတ်ဆုကုဋေထီဆိုင်ပိုင်ရှင်**

### ဦးမျိုးညွန့်

**အသက် (၅၇) နှစ်**

ရန်ကုန်မြို့နေ ဦးစိန်လှ-ဒေါ်ကျင်ယုံတို့၏သား၊ ကမာရွတ်မြို့နယ်၊ (၁၀) ရပ်ကွက်၊ အင်းလျားလမ်းနေ သီဟသုဓမ္မသိင်္ဂီ ဒေါ်တင်တင်မြင့်၏ခင်ပွန်း၊ မောင်အောင်ကျော်၊ မချမ်းမြမြငြိမ်းတို့၏ ကျေးဇူးရှင်ဖခင်သည် ၁-၁၂-၂၀၂၀ (အင်္ဂါနေ့)တွင် ဘဝတစ်ပါးသို့ ကူးပြောင်း ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**လှိုင်မြို့နယ် သာသနာနုဂ္ဂဟအသင်း**
**ချောင်းဝကျောင်းတိုက်**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

### ဦးခင်မောင်သိန်း

**အသက် (၈၆) နှစ်**

ရန်ကုန်မြို့နေ (ဦးအောင်သိန်း-ဒေါ်မြစိန်)တို့၏သား၊ (ဦးသက်စိန်-ဒေါ်ကြည်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဆီဆုံလမ်း၊ အမှတ်(၅)နေ (ဒေါ်မြင့်မြင့်)၏ခင်ပွန်း၊ ဒေါ်အေးချို(Violet Hand Made Fancy)-ဦးမင်းမင်းဦး(2nd Mate FG)၊ Dr.ဒေါ်အေးပို(Sydney, Australia)-Dr. ဦးမြိုင်ညွန့်(Sydney, Australia)၊ Dr.ညိုညိုသိန်း(ပါမောက္ခ၊ သချ်ာဌာန-YTU)၊ ဦးအောင်ဇော်သိန်း(Chief Officer/Uniteam Marine)၊ Dr.ဒေါ်ခင်စန္ဒာသိန်းတို့၏ဖခင်၊ မောင်ကောင်း၊ မောင်ဇေယျာလင်းထက်(ခ)မောင်ထက်တို့၏အဘိုး ဦးခင်မောင်သိန်းသည် ၂-၁၂-၂၀၂၀ ရက် ညနေ ၄ နာရီတွင် ဆာကူရာဆေးရုံ၌ နှလုံးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၆-၁၂-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးအေးစိုး

**ပုလဲနှင့် ငါးလုပ်ငန်းဦးစီးဌာန (ငြိမ်း)**

**အသက် (၆၂) နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ (A1, 504)၊ ရွှေဂုဏ်သူအိမ်ရာနေ ဒေါ်မြမြကြည်(K-7၊ ညောင်ပင်လေးဈေးပလာဇာ)၏ခင်ပွန်း၊ ဒေါ်သန်းသန်းနု၊ ဒေါ်တင်မေရီတို့၏မောင်၊ ဒေါ်တင်မာရီ-ဦးအေးသန်းတို့၏အစ်ကို၊ မောင်နေမင်းသူ-မမြင့်မြင့်ခိုင်၊ မောင်ကျော်ခန့်ဝင်းတို့၏ဖခင်၊ မအိမ့်သူသူကျော်၏အဘိုး ဦးအေးစိုးသည် ၄-၁၂-၂၀၂၀ (သောကြာနေ့) နံနက် ၆:၁၅ နာရီတွင် ရေဝတီစင်တာ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘဝနတ်နန်းစံမြန်းတော်မူခြင်း**

### ဘဒ္ဒန္တနန္ဒဓဇ

**သာသနဓဇ သိရီပဝရဓမ္မာစရိယ၊ မြို့နယ်ဩဝါဒါစရိယ**

**သိက္ခာတော် (၆၉)ဝါ၊ သက်တော် (၈၉)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ပိဋကတ်တိုက်ကျောင်း ပဓာနနာယကဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တနန္ဒဓဇ (သာသနဓဇ သိရီပဝရဓမ္မာစရိယ၊ မြို့နယ်ဩဝါဒါစရိယ) ဆရာတော်ဘုရားကြီးသည် (၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်) မွန်းလွဲ ၂:၁၀ နာရီတွင် ဘဝနတ်နန်းစံမြန်းတော်မူသွားပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။

ပိဋကတ်တိုက်ကျောင်း
တပည့်များ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးဖေမောင် (မြိတ်)

**ကုန်သွယ်ရေးဌာန (ငြိမ်း)**
**စာချုပ်စာတမ်းလိုင်စင်ရရှေ့နေ၊ (လိုင်စင်အမှတ်-၃၇)**

**အသက် (၉၀)**

မြိတ်မြို့နေ (ဦးဘိုးတင်-ဒေါ်တင်)တို့၏သား၊ [ဒေါ်ရှုအင် (အခွန်ဦးစီးဌာန-ငြိမ်း)]၏ချစ်လှစွာသောခင်ပွန်း၊ ဦးထွန်းယု-ဒေါ်ဘီ၊ ဦးထွန်းပု၊ ဒေါ်မြင့်မြင့်အေး၊ ဦးသိန်းဇော်-ဒေါ်ချိုချိုဦး၊ Mr.Yoneda Tsutomu-ဒေါ်ဝင်းမင်းသော်(ခေတ္တ-ဂျပန်)၊ (မဝင်းမင်းလှိုင်)၊ ဦးသီရိသိန်းသန်း(ကိုဒုံး)-မအေးသင်းသင်း(ခေတ္တ-ဂျပန်)တို့၏ မွေးသဖခင်၊ မောင်ဘုန်းပြည့်စုံ၊ မောင်သုတဉာဏ်တို့၏ ချစ်လှစွာသောအဘိုး ဦးဖေမောင်(မြိတ်)သည် ၄-၁၂-၂၀၂၀ ရက် နံနက် ၃ နာရီတွင် မြိတ်မြို့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၂-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် မြိတ်မြို့ ကလွင်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဦးအောင်ကြည် (ကျောက်တန်း)

**အသက် (၈၈) နှစ်**

ရန်ကုန်မြို့၊ တိုက်(၇)၊ အခန်း(၇၀၁)၊ အောက်ပုဇွန်တောင်လမ်းမကြီးနေ (ဦးဖိုးသိန်း-ဒေါ်ပု)တို့၏သား၊ (ဦးခင်မောင်ကြီး-ဒေါ်သန်းမေ)တို့၏သားသမက်၊ ဒေါ်ခင်မြင့်မြင့်၏ခင်ပွန်း၊ ကိုဇေယျာကြည်-မခင်မာလာကျော်၊ ကိုသန်းဇော်-မခင်စန္ဒာအောင်၊ မမဥ္ဇူကြည်၊ ကိုအောင်ကိုကို-မသူသူမိုးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးငါးယောက်တို့၏အဘိုး သည် ၄-၁၂-၂၀၂၀ ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၁:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးဝင်းရွှေ (ရွှေကျင်)

**Senior Executive Officer (ကမ္ဘောဇရတနာဘဏ်လီမိတက်)**

**အသက် (၈၃) နှစ်**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (၂၄) ရပ်ကွက်၊ သုဝဏ္ဏ၊ နီလာလမ်း (အနောက်)၊ တိုက် (၁၁၆/၁)နေ (ဦးဘအေး-ဒေါ်အေးသွယ်)တို့၏သား၊ (ဦးထွန်းစိန်-ဒေါ်ရင်)တို့၏သားသမက်၊ ဒေါ်မြင့်(အမက-၂၁၊ ကျောင်းအုပ်-ငြိမ်း)၏ခင်ပွန်း၊ ဦးကျော်စွာဝင်း-ဒေါ်ချိုရီမြင့်၊ ဦးကျော်ထင်ဝင်း(GTB)-ဒေါ်အေးအေးခိုင်(MFTB)၊ ဒေါ်မြင့်ထိုက်ဝင်း(GTB)တို့၏ဖခင်သည် ၄-၁၂-၂၀၂၀ (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**အလ္လာအရှင်မြတ်အမိန့်တော်ခံယူခြင်း**

### ဟာဂျီ ဦးတင်အောင် B.A (Law), LL.B

**တရားလွှတ်တော်ရှေ့နေ**

**အသက် (၇၄) နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ လမ်း(၁၂၀)၊ အမှတ် (၆၇)နေ ဦးမိုဟာမက်ဟူစိန်-ဒေါ်စဒီခန်းဘီဘီတို့၏သား ဟာဂျီဦးတင်အောင် (ခ) HJ. Abdul Jaberr သည် ၃-၁၂-၂၀၂၀ ရက် မွန်းလွဲ ၁၂:၂၅ နာရီတွင် အလ္လာအရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင် ရေဝေးစွန္နီကဘာရ်စတန်ဥယျာဉ်တော်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌ အိပ်ပျော်ခြင်း**

### Daw Htar Htar Yi

**(BRE, MIT)၊ (ဘ.ခ.ရ-ငြိမ်း)**

**အသက် (၇၂) နှစ်**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၄) ရပ်ကွက်၊ ကျောက်စိမ်း(၈)လမ်း၊ အမှတ်(၉၂၅)နေ (ဦးဝီလီ-ဒေါ်အေးလှ) တို့၏သမီး၊ (ဦးမျိုးလွင်)၏ဇနီး၊ (ဦးမောင်မောင်လှ)-ဒေါ်စန်းစန်းမြင့်၊ ဦးတာတေတို့၏ညီမ၊ (ဦးမောင်မောင်အေး)-ဒေါ်မူမူတို့၏ အစ်မ၊ ဦးသန့်ဦး-Ja Tsawm Rar Ra၊ ဦးသန့်ထူး-နမ့်နှင်းဖွေးဖွေး၊ ဦးပိုင်ဖြိုး- Lam Seen တို့၏ ချစ်လှစွာသောမိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၃-၁၂-၂၀၂၀ ရက် မွန်းလွဲ ၁:၁၃ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၅-၁၂-၂၀၂၀ ရက် နံနက် ၁၀ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်၌ ဝတ်ပြုဆုတောင်းပြီး မြေချအပ်နှံမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (မြောက်ဒဂုံမြို့နယ်နေအိမ်မှ ကားများ နံနက် ၉:၁၅နာရီတွင် ထွက်ပါမည်။) [သတိရဝတ်ပြုအောက်မေ့ခြင်းအစီအစဉ်ကို ၆-၁၂-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် အမှတ်(၉၂၅)၊ ကျောက်စိမ်း(၈)လမ်း၊ (၄၄) ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၌ ပြုလုပ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီး မိတ်သင်္ဂဟများအားလုံးကို ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ထွေးထွေး

**အထက-၁၊ ပြည် (ငြိမ်း)**

**အသက် (၇၄) နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်း(၁)လမ်း၊ အမှတ်(၂၀)နေ (ဦးချစ်စု-ဒေါ်အေးစိန်)တို့၏ သမီး၊ ဦးတင်မြင့်၊ ဒေါ်စန်းလွင်၊ ဦးလွန်းအောင်၊ ဦးမျိုးလွင်၊ ဦးထွန်းလူ၊ ဦးမြတ်မိုး၊ ဒေါ်ကြင်အေး၊ ဦးအောင်သွင်တို့၏ညီမ၊ ဒေါ်သန်းသန်းဝင်း၏ အစ်မ၊ ဦးအောင်မြင့် (စီမံကိန်းရေးဆွဲရေးဌာန-ငြိမ်း)၏ဇနီး၊ မအေးသက်သက်အောင်၊ ကိုသူရိန်ထွန်း-မအေးမို့မို့အောင်၊ ကိုကျော်လင်းအောင်-မခင်ဝင့်ဝင့်တို့၏ မွေးသမိခင်သည် ၄-၁၂-၂၀၂၀ (သောကြာနေ့) နံနက် ၄:၃၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ထွေးထွေး (ပြည်)

**အထက(၁)-ငြိမ်း**

**အသက် (၇၄) နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်း (၁)လမ်း၊ အမှတ်(၂၀)နေ (ဦးချစ်စု-ဒေါ်အေးစိန်)တို့၏သမီး၊ ဦးအောင်မြင့် (စီမံကိန်းရေးဆွဲရေးဌာန-ငြိမ်း)၏ ဇနီး၊ ဒေါ်အေးသက်သက်အောင် (Shwe Taung Group)၊ ဂျပန်နိုင်ငံနေ ဦးသူရိန်ထွန်း-ဒေါ်အေးမို့မို့အောင်၊ ဦးကျော်လင်းအောင်-ဒေါ်ခင်ဝင့်ဝင့်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မောင်သူရိန်ရှင်းသန့်၊ မောင်သူရိန်မင်းသန့်တို့၏ ဘွားဘွားကြီး ဒေါ်ထွေးထွေးသည် ၄-၁၂-၂၀၂၀ (သောကြာနေ့) နံနက် ၄:၃၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းခြင်း

### ဒေါ်တင်အေး

**အသက်(၆၆)နှစ်**

Myanmar Leading Engineering and Construction Co.,Ltd. နှင့် The Great Andaman Logistics Co.,Ltd.တို့၏ Director ဖြစ်သော ဒေါ်ဆုမေချစ်၏ မိခင်ကြီးသည် ၃-၁၂-၂၀၂၀ရက်တွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါသည်။

မိခင်ကြီးလည်း ကောင်းရာမွန်ရာဘုံဘဝသို့ ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**Management နှင့် ဝန်ထမ်းမိသားစု**

အနီးစွ

သင့်သွေးဖြင့် အသက်ကယ်ပါ

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ် လုပ်ငန်းညှိနှိုင်းရေးအစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး



ငြိမ်းချမ်းရေးလုပ်ငန်းစဉ် လုပ်ငန်းညှိနှိုင်းရေးအစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။

နေပြည်တော် ဒီဇင်ဘာ ၄

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် လုပ်ငန်းညှိနှိုင်းရေး အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ငြိမ်းချမ်းရေးကော်မရှင်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး(ငြိမ်း)၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပြုံးချို(ခ)ဦးဌေးဝင်းအောင်၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေ၊ ဦးမိုးဇော်ဦးနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ တက်ရောက်ကြသည်။

စာမျက်နှာ ၅ ကော်လံ ၅ သို့ ○

## အချုပ်ပို ၁၆ မျက်နှာပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ၂၀၂၀ ရွေးကောက်ပွဲ လွှတ်တော်အသီးသီးမှကိုယ်စားလှယ်လောင်း တစ်ဦးချင်းစီ၏ ဆန္ဒမဲရရှိမှု အခြေအနေများကို အချုပ်ပိုစာမျက်နှာ (၁၆) မျက်နှာ ဖော်ပြပါရှိပါသည်။

## ၂၀၁၉ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုများ ထုတ်ပြန်ကြေညာ

### အမျိုးသားစာပေတစ်သက်တာဆုကို စာရေးဆရာကြီး ဦးအုံ့မောင်(အုံ့မောင်)နှင့် စာပေပညာရှင်ဆရာကြီး ဦးညွန့်မောင်(မောင်မောင်ညွန့်-မန်းတက္ကသိုလ်)တို့ရရှိ

နေပြည်တော် ဒီဇင်ဘာ ၄

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံးအားထုတ် ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် စာရေးဆရာကြီး **ဦးအုံ့မောင်(အုံ့မောင်)**နှင့် စာပေပညာရှင် ဆရာကြီး **ဦးညွန့်မောင်(မောင်မောင်ညွန့်-မန်းတက္ကသိုလ်)**တို့အား ၂၀၁၉ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရှင်များအဖြစ် ရွေးချယ်ချီးမြှင့်လိုက်ကြောင်း သိရသည်။

ထို့နည်းတူ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၁၉ ခုနှစ်အတွင်း ပထမအကြိမ် ထုတ်ဝေခဲ့သည့်စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခံရသော စာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို ယနေ့ထုတ်ပြန်ကြေညာရာ ဝတ္ထုရှည်ဆုတွင် **မိုးကျော်ဇင်**ရေးသားသည့် **ငါးဖမ်းသမားစာအုပ်**(ကံ့ကော်ဝတ်ရည်စာပေ)၊ ဝတ္ထုတိုဆုတွင် **နတ်မောက်အနီချို**ရေးသားသည့် **လမ်းဆုံးတော့ရွာ မဂ္ဂဇင်းဝတ္ထုရှည်များ** စာအုပ် (လင်းလွန်းခင်စာပေတိုက်)၊ ကဗျာဆုတွင် **ပန်ဒိုရာ**ရေးသားသည့် **ခရုပစ်လောင်ချာ** စာအုပ်(နှစ်ကာလများစာပေ)၊ စာပဒေသာဆုတွင် **ဉာဏ်ဝေ(မြစ်သာမြေ)** ရေးသားသည့် **နှင်းတောင်တန်းက ပန်းဥယျာဉ်**စာအုပ် (ဆိပ်ကမ်းသာစာပေ)၊ ဘာသာပြန်(သုတ)ဆုတွင် **ဘိုးလှိုင်** ဘာသာပြန်ဆိုသည့် **ဂျဝါဟာလာလ်နေရူး၏ လျှပ်တစ်ပြက်ကမ္ဘာ့သမိုင်း**စာအုပ် (နှင်းဆီဖြူစာပေ)၊ ဘာသာပြန်(ရသ)ဆုတွင် **စိန်ဝင်းစိန်** ဘာသာပြန်ဆိုသည့် **ဝါဆောကရုပ်သေးဆရာလေး** စာအုပ်(လင်းလွန်းခင်စာပေတိုက်)၊ သုတပဒေသာ(ဝိဇ္ဇာ)ဆုတွင် **ဒေါက်တာဇော်နိုင်**ရေးသားသည့် **၂၀ ရာစုမြန်မာကဗျာများပြောင်းလဲဖြစ်တည်လာပုံ** စာအုပ် (မိုးသောက်ပန်းစာအုပ်တိုက်)၊ သုတပဒေသာ (အသုံးချသိပ္ပံ)ဆုတွင် **ဒေါက်တာလှကြည် (အာဟာရဆရာဝန်ကြီး)** ရေးသားသည့် **ကင်ဆာရောဂါနှင့်မြန်မာ့အစားအစာ** စာအုပ် (ရှင်မတောင်စာပေ)၊ နိုင်ငံရေးစာပေဆုတွင် **ဆင်ဖြူကျွန်းသန်းထွန်း** ရေးသားသည့်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✪


ကြေးမုံ ယနေ့ ဖတ်စရာ

ရာပြည့် အမျိုးသားအောင်ပွဲနေ့ကို ကြိုဆိုဂုဏ်ပြုပါ၏
ဆောင်းပါး စာမျက်နှာ » ၆

ဒီဇင်ဘာ ၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၅၀၂ ဦး တွေ့ရှိ
စာမျက်နှာ » ၁၆

ကျွန်မချစ်သော မြကျွန်းညိုနှင့် ကံ့ကော်မြိုင်
ဆောင်းပါး စာမျက်နှာ » ၁၈

နေပြည်တော် ရွှေစင်စကြာကားဂိတ်မှ ယာဉ်မောင်းနှင့် ဝန်ထမ်းခြောက်ဦးတို့တွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိ
စာမျက်နှာ » ၂၁


## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ၂၆ ခုမြောက် ဖျားနာကုအခမဲ့ဆေးခန်း ဖွင့်လှစ်

ရန်ကုန် ဒီဇင်ဘာ ၄

**ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖွင့်လှစ်ထားသော လူထုအခြေပြုဖျားနာကုအခမဲ့ဆေးခန်းများအနက် ၂၆ ခုမြောက်ဖြစ်သည့် ဖျားနာကုဆေးခန်းကို ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၈)ရပ်ကွက် ရာဇာဓိရာဇ်လမ်းနှင့် သဇင်လမ်းထောင့်ရှိ ကြက်ခြေနီအသင်းရုံး၌ ဖွင့်လှစ်သည်။**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖျားနာကုအခမဲ့ ဆေးခန်းများကို ယနေ့ ဖွင့်လှစ်သည့် ဆေးခန်းအပါအဝင် ဗဟန်း၊ တာမွေ၊ သင်္ဃန်းကျွန်း၊ မင်္ဂလာတောင်ညွန့်၊ ဗိုလ်တထောင်၊ လှိုင်သာယာ၊ အင်းစိန်၊ အရှေ့ဒဂုံ၊ ရွှေပြည်သာ၊ တောင်ဒဂုံ၊ တောင်ဥက္ကလာ၊ ကြည့်မြင်တိုင်၊ မှော်ဘီ၊ အလုံ၊ ရန်ကင်း၊ လှိုင်၊ သာကေတ၊ မြောက်ဥက္ကလာပ၊ မရမ်းကုန်း၊ မင်္ဂလာဒုံ၊ တွံတေး၊ ဒေါပုံ၊ သန်လျင်၊ ကော့မှူး၊ ကွမ်းခြံကုန်း စသည့် မြို့နယ်များ၌ ဖွင့်လှစ်ထားသည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဖျားနာကုအခမဲ့ဆေးခန်းကို အပတ်စဉ် ဗုဒ္ဓဟူးနှင့် သောကြာနေ့များတွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ လည်းကောင်း၊ တနင်္ဂနွေနေ့တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ လည်းကောင်း ဖွင့်လှစ်ကုသပေးမည်ဖြစ်ရာ လူနာများ အနေဖြင့် ဒီဇင်ဘာ ၆ ရက်မှစကာ သတ်မှတ်အချိန်အတွင်း အခမဲ့လာရောက်ပြသနိုင်ကြောင်း သိရသည်။

စာမျက်နှာ ၂၁ ကော်လံ ၅ သို့ ✱



# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းစီ၏ ဆန္ဒမဲရရှိမှုအခြေအနေ(၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲ)

*ယမန်နေ့မှ အဆက်*

| စဉ် | မဲဆန္ဒနယ် | မဲဆန္ဒရှင်ဦးရေ | မဲပေးသူဦးရေ | | | မဲပေးသူ ရာခိုင်နှုန်း | ပယ်မဲ/ပျောက်မဲ အရေအတွက် | | | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/ တစ်သီးပုဂ္ဂလ | ရရှိသည့်ခိုင်လုံမဲ | | | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | မဲရုံမဲ | ကြိုတင်မဲ | ပေါင်း | | ပယ် | ပျောက် | ပေါင်း | | | မဲရုံမဲ | ကြိုတင်မဲ | ပေါင်း | |
| ၁၅၅ | ပြည်ကြီးတံခွန်မဲဆန္ဒနယ် | ၂၀၄၄၀၃ | ၁၁၆၂၄၃ | ၁၈၆၉၇ | ၁၃၄၉၄၀ | ၆၆.၀၂ | ၁၆၅၄ | ၂၁၉ | ၁၈၇၃ | | | ၁၁၄၇၅၃ | ၁၈၃၁၄ | ၁၃၃၀၆၇ | |
| | | | | | | | | | | ဦးကျော်စိုးလင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁၀၅၄၈၅ | ၁၄၉၈၉ | ၁၂၀၄၇၄ | ၉၀.၅၃% |
| | | | | | | | | | | ဦးအောင်နိုင်ဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၃၆၅ | ၂၉၀၁ | ၁၁၂၆၆ | ၈.၄၇% |
| | | | | | | | | | | ဦးအေးကြူ | ပြည်သူ့ပါတီ | ၃၃၆ | ၁၆၇ | ၅၀၃ | ၀.၃၈% |
| | | | | | | | | | | ဦးဇော်မျိုးဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၆၈ | ၁၁၆ | ၄၈၄ | ၀.၃၆% |
| | | | | | | | | | | ဒေါ်သီတာအောင် | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | ၁၄၃ | ၁၂၁ | ၂၆၄ | ၀.၂၀% |
| | | | | | | | | | | ဦးအောင်မျိုး | အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ | ၅၆ | ၂၀ | ၇၆ | ၀.၀၆% |
| ၁၅၆ | မဟာအောင်မြေမဲဆန္ဒနယ် | ၁၇၂၇၄၁ | ၁၀၇၀၂၇ | ၂၃၂၂၅ | ၁၃၀၂၅၂ | ၇၅.၄၀ | ၉၂၉ | ၂၀ | ၉၄၉ | | | ၁၀၆၂၉၀ | ၂၃၀၁၃ | ၁၂၉၃၀၃ | |
| | | | | | | | | | | ဦးကျော်စွာစိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၉၈၁၁၄ | ၂၀၃၈၄ | ၁၁၈၄၉၈ | ၉၁.၆၅% |
| | | | | | | | | | | ဦးစိုးနိုင်(ခ)<br>ဦးအောင်စိုးနိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၇၄၃၄ | ၂၂၉၃ | ၉၇၂၇ | ၇.၅၂% |
| | | | | | | | | | | ဦးကိုကိုလေး | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | ၇၄၂ | ၃၃၆ | ၁၀၇၈ | ၀.၈၃% |
| ၁၅၇ | အောင်မြေသာစံမဲဆန္ဒနယ် | ၁၈၆၃၂၃ | ၁၁၃၉၀၆ | ၂၈၁၁၃ | ၁၄၂၀၁၉ | ၇၆.၂၂ | ၁၅၅၅ | ၁၀၄ | ၁၆၅၉ | | | ၁၁၂၅၁၇ | ၂၇၈၄၃ | ၁၄၀၃၆၀ | |
| | | | | | | | | | | ဒေါက်တာလှမိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၉၆၃၅၃ | ၂၁၉၆၇ | ၁၁၈၃၂၀ | ၈၄.၂၉% |
| | | | | | | | | | | ဦးညီညီ(ခ)<br>ဦးကျော်ဆန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၃၈၅၀ | ၅၀၅၂ | ၁၈၉၀၂ | ၁၃.၄၇% |
| | | | | | | | | | | ဦးသန်းထွန်း | ဝံသာနုဒီမိုကရက်တစ်ပါတီ | ၆၃၈ | ၁၁၉ | ၇၅၇ | ၀.၅၄% |
| | | | | | | | | | | ဦးအေးကို | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၄၂ | ၁၆၉ | ၇၁၁ | ၀.၅၁% |
| | | | | | | | | | | ဦးဇေယျာမျိုး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၆၁ | ၁၉၁ | ၅၅၂ | ၀.၃၉% |
| | | | | | | | | | | ဒေါ်ချောစုလွင်(ခ)<br>သီတာလွင် | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | ၂၅၄ | ၁၃၂ | ၃၈၆ | ၀.၂၈% |
| | | | | | | | | | | ဦးတင်ဆွေ | ဒီမိုကရက်တစ်ပါတီ(မြန်မာ) | ၂၃၁ | ၇၇ | ၃၀၈ | ၀.၂၂% |
| | | | | | | | | | | ဦးမြတ်သောင်း | တစ်သီးပုဂ္ဂလ | ၁၉၉ | ၈၂ | ၂၈၁ | ၀.၂၀% |
| | | | | | | | | | | ဦးတင်ကိုကို | အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ | ၈၉ | ၅၄ | ၁၄၃ | ၀.၁၀% |
| ၁၅၈ | ပုသိမ်ကြီးမဲဆန္ဒနယ် | ၁၉၀၆၀၂ | ၁၂၇၇၇၁ | ၂၁၀၉၅ | ၁၄၈၈၆၆ | ၇၈.၁၀ | ၂၉၂၄ | ၈၃ | ၃၀၀၇ | | | ၁၂၄၈၀၁ | ၂၁၀၅၈ | ၁၄၅၈၅၉ | |
| | | | | | | | | | | ဦးသောင်းဌေးလင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁၀၃၂၄၈ | ၁၅၅၁၃ | ၁၁၈၇၆၁ | ၈၁.၄၂% |
| | | | | | | | | | | ဦးဆွေသန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၈၈၆၀ | ၄၈၆၄ | ၂၃၇၂၄ | ၁၆.၂၇% |
| | | | | | | | | | | ဒေါ်နီလာအောင် | ဝံသာနုဒီမိုကရက်တစ်ပါတီ | ၉၃၃ | ၁၄၂ | ၁၀၇၅ | ၀.၇၄% |
| | | | | | | | | | | ဒေါက်တာမြင့်ဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၇၃ | ၂၄၇ | ၁၀၂၀ | ၀.၇၀% |
| | | | | | | | | | | ဦးပါပါလွင် | ပြည်သူ့ပါတီ | ၃၇၉ | ၇၉ | ၄၅၈ | ၀.၃၁% |
| | | | | | | | | | | ဒေါ်ဝါဝါဝင်းမြင့် | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | ၂၄၇ | ၁၀၆ | ၃၅၃ | ၀.၂၄% |
| | | | | | | | | | | ဦးဇော်လွင်ဦး | အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ | ၂၁၅ | ၅၇ | ၂၇၂ | ၀.၁၉% |
| | | | | | | | | | | ဦးဝင်းကိုကို | တစ်သီးပုဂ္ဂလ | ၁၄၆ | ၅၀ | ၁၉၆ | ၀.၁၃% |
| ၁၅၉ | အမရပူရမဲဆန္ဒနယ် | ၁၈၁၆၆၄ | ၁၂၅၃၃၀ | ၂၉၅၇၈ | ၁၅၄၉၀၈ | ၈၅.၂၇ | ၂၃၇၅ | ၁၃၀ | ၂၅၀၅ | | | ၁၂၂၈၃၀ | ၂၉၅၇၃ | ၁၅၂၄၀၃ | |
| | | | | | | | | | | ဦးအောင်ဇော်မြင့်(ခ)<br>ဦးစိုးမြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁၀၃၂၅၄ | ၂၂၉၄၄ | ၁၂၆၁၉၈ | ၈၂.၈၁% |
| | | | | | | | | | | ဦးသိန်းထွန်းဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၇၅၉၉ | ၅၇၆၄ | ၂၃၃၆၃ | ၁၅.၃၃% |
| | | | | | | | | | | ဦးကျော်သူရ | ဒီမိုကရက်တစ်ပါတီ(မြန်မာ) | ၅၈၀ | ၂၁၆ | ၇၉၆ | ၀.၅၂% |
| | | | | | | | | | | ဒေါ်မာမာလွင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆၁၄ | ၁၅၅ | ၇၆၉ | ၀.၅၀% |
| | | | | | | | | | | ဒေါက်တာသန်းထိုက်ဦး | တစ်သီးပုဂ္ဂလ | ၄၁၁ | ၃၁၄ | ၇၂၅ | ၀.၄၈% |
| | | | | | | | | | | ဦးမြင့်ဌေး | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | ၃၂၃ | ၁၅၄ | ၄၇၇ | ၀.၃၁% |
| | | | | | | | | | | ဦးမြင့်ရည်(ခ)<br>ဦးဇော်ခိုင် | တစ်သီးပုဂ္ဂလ | ၄၉ | ၂၆ | ၇၅ | ၀.၀၅% |
| ၁၆၀ | မလှိုင်မဲဆန္ဒနယ် | ၁၂၂၁၉၁ | ၈၀၅၈၃ | ၁၇၉၆၅ | ၉၈၅၄၈ | ၈၀.၆၅ | ၁၇၂၇ | ၂၆၀ | ၁၉၈၇ | | | ၇၉၀၁၇ | ၁၇၅၄၄ | ၉၆၅၆၁ | |
| | | | | | | | | | | ဦးလှထွန်းအောင်(ခ)<br>မောင်မောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၅၄၅၄၀ | ၁၀၉၇၁ | ၆၅၅၁၁ | ၆၇.၈၅% |
| | | | | | | | | | | ဦးရွှေနန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၃၇၂၀ | ၆၃၄၂ | ၃၀၀၆၂ | ၃၁.၁၃% |
| | | | | | | | | | | ဦးမျိုးမြင့်ထွန်း(ခ)<br>ကိုမျိုး | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | ၇၅၇ | ၂၃၁ | ၉၈၈ | ၁.၀၂% |
| ၁၆၁ | မိတ္ထီလာမဲဆန္ဒနယ် | ၂၅၉၀၃၀ | ၁၆၄၀၅၉ | ၃၇၆၀၀ | ၂၀၁၆၅၉ | ၇၇.၈၅ | ၄၉၅၁ | ၉၅ | ၅၀၄၆ | | | ၁၅၉၃၀၂ | ၃၇၃၁၁ | ၁၉၆၆၁၃ | |
| | | | | | | | | | | ဒေါက်တာဆင့်စိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၈၅၈၆၉ | ၁၇၉၆၈ | ၁၀၃၈၃၇ | ၅၂.၈၁% |
| | | | | | | | | | | ဒေါက်တာမောင်သင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၇၂၅၈၂ | ၁၈၉၈၉ | ၉၁၅၇၁ | ၄၆.၅၈% |
| | | | | | | | | | | ဦးစောလွင် | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | ၈၅၁ | ၃၅၄ | ၁၂၀၅ | ၀.၆၁% |
| ၁၆၂ | ဝမ်းတွင်းမဲဆန္ဒနယ် | ၁၉၅၅၄၈ | ၁၄၁၄၅၃ | ၂၉၂၈၃ | ၁၇၀၇၃၆ | ၈၇.၃၁ | ၁၀၅၄၁ | ၂၆၄ | ၁၀၈၀၅ | | | ၁၃၀၆၄၈ | ၂၉၂၈၃ | ၁၅၉၉၃၁ | |
| | | | | | | | | | | ဦးခင်မောင်စိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၉၃၆၂၈ | ၂၀၉၃၅ | ၁၁၄၅၆၃ | ၇၁.၆၃% |
| | | | | | | | | | | ဦးမျိုးမြင့်သိန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၄၅၂၄ | ၇၅၇၄ | ၄၂၀၉၈ | ၂၆.၃၂% |
| | | | | | | | | | | ဦးနေဝင်းထွန်း | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | ၁၂၅၄ | ၂၇၉ | ၁၅၃၃ | ၀.၉၆% |
| | | | | | | | | | | ဦးမောင်ကို | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၀၁၆ | ၄၂၀ | ၁၄၃၆ | ၀.၉၀% |
| | | | | | | | | | | ဦးမင်းနိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၂၆ | ၇၅ | ၃၀၁ | ၀.၁၉% |

စာမျက်နှာ ၂ သို့

စာမျက်နှာ ၁ မှ

| စဉ် | မဲဆန္ဒနယ် | မဲဆန္ဒရှင်ဦးရေ | မဲပေးသူဦးရေ | | | မဲပေးသူ ရာခိုင်နှုန်း | ပယ်မဲ/ပျောက်မဲ အရေအတွက် | | | ကိုယ်စားလှယ်လောင်း အမည် | ပါတီ/ တစ်သီးပုဂ္ဂလ | ရရှိသည့်နိုင်လုံမဲ | | | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | မဲရုံမဲ | ကြိုတင်မဲ | ပေါင်း | | ပယ် | ပျောက် | ပေါင်း | | | မဲရုံမဲ | ကြိုတင်မဲ | ပေါင်း | |
| ၁၆၃ | သာစည်မဲဆန္ဒနယ် | ၁၅၆၆၇၁ | ၁၀၄၇၈၅ | ၂၅၁၂၁ | ၁၂၉၉၀၆ | ၈၂.၉၂ | ၄၅၄၃ | ၄၅ | ၄၅၈၈ | | | ၁၀၀၆၀၉ | ၂၄၇၀၉ | ၁၂၅၃၁၈ | |
| | | | | | | | | | | ဦးကျော်သီဟ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၅၆၉၇၁ | ၁၃၅၂၀ | ၇၀၄၉၁ | ၅၆.၂၅% |
| | | | | | | | | | | ဦးစံထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၂၀၅၉ | ၁၀၅၃၈ | ၅၂၅၉၇ | ၄၁.၉၇% |
| | | | | | | | | | | ဦးကောင်း | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | ၇၅၆ | ၂၆၀ | ၁၀၁၆ | ၀.၈၁% |
| | | | | | | | | | | ဒေါ်ညွန့်ညွန့်ဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၇၅ | ၃၀၅ | ၈၈၀ | ၀.၇၀% |
| | | | | | | | | | | ဒေါ်စန္ဒီအောင်အောင် | အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ | ၂၄၈ | ၈၆ | ၃၃၄ | ၀.၂၇% |
| ၁၆၄ | ငါန်းဇွန်မဲဆန္ဒနယ် | ၁၁၁၇၀၇ | ၇၃၂၆၄ | ၁၆၆၁၄ | ၈၉၈၇၈ | ၈၀.၄၆ | ၁၅၁၁ | ၆၂ | ၁၅၇၃ | | | ၇၁၈၈၈ | ၁၆၄၁၇ | ၈၈၃၀၅ | |
| | | | | | | | | | | ဒေါက်တာခိုင်မြဲ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၅၇၇၉၉ | ၁၂၄၂၀ | ၇၀၂၁၉ | ၇၉.၅၂% |
| | | | | | | | | | | ဦးလှမင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၂၅၇၂ | ၃၆၁၉ | ၁၆၁၉၁ | ၁၈.၃၃% |
| | | | | | | | | | | ဦးခင်မောင်ဦး | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | ၈၈၁ | ၁၆၁ | ၁၀၄၂ | ၁.၁၈% |
| | | | | | | | | | | ဦးမင်းမော်ဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၃၆ | ၂၁၇ | ၈၅၃ | ၀.၉၇% |
| ၁၆၅ | တောင်သာ<br>မဲဆန္ဒနယ် | ၁၉၅၂၁၁ | ၁၁၀၂၈၈ | ၂၇၇၆၄ | ၁၃၈၀၅၂ | ၇၀.၇၂ | ၄၃၁၆ | ၂၈ | ၄၃၄၄ | | | ၁၀၅၉၄၄ | ၂၇၇၆၄ | ၁၃၃၇၀၈ | |
| | | | | | | | | | | ဒေါက်တာဦးကြွယ်ကြွယ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၈၁၂၈၇ | ၁၉၉၄၂ | ၁၀၁၂၂၉ | ၇၅.၇၁% |
| | | | | | | | | | | ဦးသန့်ဆွေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၂၈၆၈ | ၇၂၂၆ | ၃၀၀၉၄ | ၂၂.၅၁% |
| | | | | | | | | | | ဦးတင်ခိုင်အေး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၀၇၇ | ၃၆၆ | ၁၄၄၃ | ၁.၀၈% |
| | | | | | | | | | | ဦးသိန်းဝင်း | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | ၇၁၂ | ၂၃၀ | ၉၄၂ | ၀.၇၀% |
| ၁၆၆ | နွားထိုးကြီး<br>မဲဆန္ဒနယ် | ၁၆၃၀၇၀ | ၁၀၀၉၃၃ | ၂၈၃၅၈ | ၁၂၉၂၉၁ | ၇၉.၂၉ | ၂၄၅၁ | ၁၈၅ | ၂၆၃၆ | | | ၉၉၂၄၇ | ၂၇၄၀၈ | ၁၂၆၆၅၅ | |
| | | | | | | | | | | ဦးနိုင်ထူးအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၇၀၉၀၆ | ၁၆၉၄၃ | ၈၇၈၄၉ | ၆၉.၃၆% |
| | | | | | | | | | | ဦးဉာဏ်ထွန်းအောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၇၁၂၂ | ၁၀၀၅၇ | ၃၇၁၇၉ | ၂၉.၃၆% |
| | | | | | | | | | | ဒေါ်သန်းသန်းညွန့် | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | ၁၂၁၉ | ၄၀၈ | ၁၆၂၇ | ၁.၂၈% |
| ၁၆၇ | မြင်းခြံမဲဆန္ဒနယ် | ၂၃၅၃၅၉ | ၁၄၆၆၉၈ | ၃၈၆၈၂ | ၁၈၅၃၈၀ | ၇၈.၇၆ | ၃၁၂၆ | ၉၇၉ | ၄၁၀၅ | | | ၁၄၄၃၀၁ | ၃၆၉၇၄ | ၁၈၁၂၇၅ | |
| | | | | | | | | | | ဦးစိန်မြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁၂၆၇၅၉ | ၃၁၇၇၃ | ၁၅၈၅၃၂ | ၈၇.၄၅% |
| | | | | | | | | | | ဒေါက်တာသန်းဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၆၃၆၅ | ၄၇၆၃ | ၂၁၁၂၈ | ၁၁.၆၆% |
| | | | | | | | | | | ဦးဝေဖြိုး | လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ | ၆၅၂ | ၁၈၆ | ၈၃၈ | ၀.၄၆% |
| | | | | | | | | | | ဦးဇော်မင်းသန်း | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | ၅၂၅ | ၂၅၂ | ၇၇၇ | ၀.၄၃% |
| ၁၆၈ | ပျော်ဘွယ်<br>မဲဆန္ဒနယ် | ၂၁၆၆၉၁ | ၁၄၁၃၈၆ | ၃၇၄၉၅ | ၁၇၈၈၈၁ | ၈၂.၅၅ | ၄၃၇၅ | ၄၇ | ၄၄၂၂ | | | ၁၃၆၉၇၁ | ၃၇၄၈၈ | ၁၇၄၄၅၉ | |
| | | | | | | | | | | ဒေါက်တာဝင်းမောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၇၈၁၉၄ | ၂၀၅၆၁ | ၉၈၇၅၅ | ၅၆.၆၁% |
| | | | | | | | | | | ဦးသောင်းအေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၇၈၃၈ | ၁၆၄၄၀ | ၇၄၂၇၈ | ၄၂.၅၇% |
| | | | | | | | | | | ဦးမြင့်စိုး | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | ၄၉၂ | ၂၇၀ | ၇၆၂ | ၀.၄၄% |
| | | | | | | | | | | ဒေါ်ဝေလွင်မြင့် | အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ | ၄၄၇ | ၂၁၇ | ၆၆၄ | ၀.၃၈% |
| ၁၆၉ | ရမည်းသင်း<br>မဲဆန္ဒနယ် | ၁၉၈၄၃၈ | ၁၃၂၁၄၆ | ၂၆၆၅၉ | ၁၅၈၈၀၅ | ၈၀.၀၃ | ၄၃၇၁ | ၁၁၁ | ၄၄၈၂ | | | ၁၂၇၆၆၈ | ၂၆၆၅၅ | ၁၅၄၃၂၃ | |
| | | | | | | | | | | ဦးထွန်းထွန်းဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၆၄၉၉၇ | ၁၃၃၇၇ | ၇၈၃၇၄ | ၅၀.၇၉% |
| | | | | | | | | | | ဦးညွန့်ဆောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၉၄၉၉ | ၁၂၂၉၂ | ၇၁၇၉၁ | ၄၆.၅၂% |
| | | | | | | | | | | ဦးစိုးလွင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၇၉၂ | ၆၅၁ | ၂၄၄၃ | ၁.၅၈% |
| | | | | | | | | | | ဦးဇေယျာစိုး(ခ)<br>ဦးစီတိုး | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | ၁၃၈၀ | ၃၃၅ | ၁၇၁၅ | ၁.၁၁% |
| ၁၇၀ | ဇမ္ဗူသီရိမဲဆန္ဒနယ် | ၉၅၀၄၇ | ၅၃၈၇၁ | ၁၆၅၀၃ | ၇၀၃၇၄ | ၇၄.၀၄ | ၁၁၁၃ | ၈ | ၁၁၂၁ | | | ၅၂၉၈၉ | ၁၆၂၆၄ | ၆၉၂၅၃ | |
| | | | | | | | | | | ဦးကျော်ထွေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၃၆၈၃၅ | ၉၈၀၅ | ၄၆၆၄၀ | ၆၇.၃၅% |
| | | | | | | | | | | ဦးဝဏ္ဏမောင်လွင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၃၀၆၇ | ၅၁၅၇ | ၁၈၂၂၄ | ၂၆.၃၂% |
| | | | | | | | | | | ဒေါက်တာအောင်မျိုး | တစ်သီးပုဂ္ဂလ | ၁၇၉၃ | ၅၉၉ | ၂၃၉၂ | ၃.၄၅% |
| | | | | | | | | | | ဒေါက်တာသန်းဇော်မြင့် | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | ၆၁၆ | ၃၇၀ | ၉၈၆ | ၁.၄၂% |
| | | | | | | | | | | ဦးခင်ထွန်း | တစ်သီးပုဂ္ဂလ | ၂၁၀ | ၁၁၉ | ၃၂၉ | ၀.၄၈% |
| | | | | | | | | | | ဦးစိန်ဝင်း | ပြည်သူ့ပါတီ | ၁၄၆ | ၈၇ | ၂၃၃ | ၀.၃၄% |
| | | | | | | | | | | ဦးသောင်းထိုက် | တစ်သီးပုဂ္ဂလ | ၁၅၀ | ၅၂ | ၂၀၂ | ၀.၂၉% |
| | | | | | | | | | | ဒေါ်သက်သက်လှိုင် | အမျိုးသားညီညွတ်သောဒီမိုကရက်တစ်ပါတီ | ၈၆ | ၄၀ | ၁၂၆ | ၀.၁၈% |
| | | | | | | | | | | ဦးညွန့်စီ | အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ | ၈၆ | ၃၅ | ၁၂၁ | ၀.၁၇% |
| ၁၇၁ | ဒက္ခိဏသီရိ<br>မဲဆန္ဒနယ် | ၃၁၆၅၇ | ၁၉၃၈၀ | ၅၁၅၇ | ၂၄၅၃၇ | ၇၇.၅၁ | ၈၅၂ | ၂၅ | ၈၇၇ | | | ၁၈၅၃၄ | ၅၁၂၆ | ၂၃၆၆၀ | |
| | | | | | | | | | | ဦးသန့်ဇင်ထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁၂၁၀၀ | ၂၄၄၁ | ၁၄၅၄၁ | ၆၁.၄၆% |
| | | | | | | | | | | ဦးမြင့်လှိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၀၉၀ | ၂၅၀၂ | ၈၅၉၂ | ၃၆.၃၁% |
| | | | | | | | | | | ဦးကြည်ထွဋ်ဝင်း | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | ၁၁၄ | ၆၀ | ၁၇၄ | ၀.၇၄% |
| | | | | | | | | | | ဦးမြင့်ဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၀၆ | ၅၃ | ၁၅၉ | ၀.၆၇% |
| | | | | | | | | | | ဦးဇော်လွင်ဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၈ | ၅၂ | ၁၄၀ | ၀.၅၉% |
